# မွေဓကြာဂရှိ့ တောင်ကြီး

(အရှင်ဝဏ္ဏဓဇ)

၂

အသျှင်ဝဏ္ဏာဓဇ Bh. K, B. A. Hons.

၏

## ပထမဆုံးပြုကျမ်းစာ။

၁၉၅၀-ခု၊ ရန်ကုန် တက္ကသိုလ် မြန်မာအသင်း အနုပညာ ပြိုင်ပွဲတွင်
ဥက္ကဋ္ဌကြီး မြန်မာစာ ပါမောက္ခ "ဦးဘေးမောင်" ၏ ကဗျာ ပဋ္ဌမဆုတံဆိပ်
လက်မှတ် တို့ကို ရခဲ့သော၊

# ဓမ္မစကြာမျိုးတော်ကြီး။

စကားပြေဖြင့် ထပ်မံဖွဲ့နွဲ့စီကုန်းထားသော ဓမ္မစကြာအဖွင့်မြန်မာဘာသာ
တရားဦး

......နှင့်......

## နောက်ဆက်တွဲ ဓမ္မစကြာပါဠိတော် အင်္ဂလိပ်ဘာသာပြန်

တည်းဖြတ်သူ—ဦးလက္ခဏာဘိဝံသဝင်္ဂသက
သကျသီဟ ဓမ္မာစရိယနှင့် အစိုးရပထမပြန် ဓမ္မာစရိယ (I. A.)

RANGOON UNIVERSITY SANGHAS' RESEARCH ASSOCIATION ★ 2493 B.E. 1949 C.E.

ကဗျာမူပိုင်ရှင်—တက္ကသိုလ် မြန်မာအသင်း၏ ခွင့်ပြုချက်အရ၊
ရန်ကုန်တက္ကသိုလ် သံဃ သုတေသန အသင်းမှ တာဝန်ခံ ထုတ်ဝေသည်။
ဗုဒ္ဓသာသနာတော် ၂၄၉၄-ခု၊ သီတင်းကျွတ်လပြည့်နေ့။





# စာဆိုတော် ဂန္ထကာရက

## ရန်ကုန် တက္ကသိုလ် သံဃ သုတေသန အသင်း

ဥက္ကဋ္ဌ-ဆရာတော်။

မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာ နှင့် ကမ္ဘာ့ဆက်ဆံရေး,နိုင်ငံခြား ဆက်သွယ်ရေး,သံဃ အမှုဆောင် ဆရာတော်။

ပြည်ထောင်စု ရှမ်း,တောင်တန်းဒေသသံဃာအဖွဲ့ချုပ်အကျိုးတော်ဆောင် အဘိဓမ္မာ ဘာသာစုံ ပြန်ဆိုရေး သံဃာအဖွဲ့ ဥက္ကဋ္ဌ-ဆရာတော်။

အသျှင်-ဝဏ္ဏိတဓဇ စံပြ ဗုဒ္ဓသာသနာပြု ဘုန်းအဖွဲ့နာယကဆရာတော်။

ဘာသန္တရ ကောဝိဒ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ စသည်ရ

အသျှင်ဝဏ္ဏိတဓဇ

| | | |
|---|---|---|
| သာသနာတော် | ၂၄၉၃-ခု။ | ရန်ကုန်မြို့၊ ယူနီဘာစီတီ တက္ကသိုလ်။ |
| ကောဇာ | ၁၃၁၁-ခု။ | |
| ခရာဇ်သက္ကရာဇ် | 1949-ခုနှစ်။ | |

အကျွန်ုပ်အား

ငယ်စဉ်တောင်ကျောင်းအကလေးအရွယ်မှသည်
ယခုတိုင်အောင်ပင်–ပြုစုထောက်ပံ့ခဲ့သော

## ကျေးဇူးတော်ရှင်-

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# သမတကြီးအား

ကျေးဇူးဆပ်သောအာသီသဖြင့်။

No. 1·

# နိဒါန်း

ဘုရားမြတ်စွာတို့၏ အမိကရည်ရွယ်တော်မူရင်းမှာ၊ တပြောင်းပြန်ပြန် ကြင်လည်မျှောပါး နေရသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ငြိမ်းဧ မှုပင် ဖြစ်ပေသည်။ ထိုသို့သော ဒုက္ခခပ်သိမ်း ကင်းငြိမ်းရန် မှာလည်း **သစ္စာလေးပါး** ကိုမျက်မှောက်ထင်ထင် သိမြင်နိုင်မှ သာလျှင်၊ ဖြစ်နိုင်ပေမည်။

ဤဓမ္မစကြာ ဒေသနာတော်သည်၊ ဘုရားမြတ်စွာ ကျင့်ကြံအားထုတ်တော်မူသောလမ်းစဉ်နှင့် သစ္စာလေးပါးကို ပိုင်းခြားသိမြင်မှုကို ထုတ်ဖေါ်ညွှန်ပြတော်မူသော ဒေသနာတော်ဖြစ်ပေသည်။ ရှင်းရှင်းဆိုလျှင် ဘုရားမြတ်စွာ၏ ကျင့်စဉ်ကိုညွှန်ပြသော လုပ်ငန်းလမ်းစဉ် ဖြစ်တော့သည်။

ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်တို့သည်၊ ဤဓမ္မစကြာ ဒေသနာတော်ကို လေးစားယုံကြည်စွာ သင်ကြားနာခံကာ ဗုဒ္ဓ၏မဇ္ဈိမပဋိပဒါလမ်းစဉ်ကို လိုက်နာကျင့်ကြံလျက်ရှိကြသည်၊ ဘာသာခြားတို့သည်လည်း၊ ဗုဒ္ဓဝါဒကို ဗဟုသုတအနေဖြင့် ဆည်းပူး လေ့လာရာ၌၊ ဤသုတ်တော်ကို ဂရုတစိုက် မှတ်တမ်းတင်ခဲ့ကြပေသည်၊ များစွာသော ကမ္ဘာ့ ပညာရှိကြီးများသည်၊ ဤသုတ်တော်ကို မိမိတို့၏ ဘာသာ စာပေဖြင့် ရေးသား ပြန်ဆို ခဲ့ကြလေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၌လည်း ဗုဒ္ဓဘာသာဝင်မှန်သမျှ၊ ဤသုတ်တော်ကို နှုတ်တက်အာဂုံဆောင်ကာ ရွတ်ဘတ် သရဇ္ဈာယ်လျက် ရှိကြပေသည်၊ ဆရာတော်ကြီးများနှင့်လူပညာရှိပုဂ္ဂိုလ်များသည်၊ ဓမ္မစကြာသုတ်ကို နိဿယပြန်အားဖြင့်၎င်း၊ အမေးအဖြေအားဖြင့်၎င်း၊ ရေးသားပြန်ဆိုခဲ့ကြလေပြီ၊ သို့ဖြစ်စေကာ သီးသန့်မြန်မာ စကားပြေ အားဖြင့်မူကား မရေးသားခဲ့ကြသေးချေ။

ဘာသန္တရကောဝိဒဘွဲ့ရ အသျှင်ဝဏ္ဏဓဇ (ဘီ-အေ ဂုဏ်ထူး) သည်၊ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားဆည်းပူးနေစဉ်၊ မြန်မာစာပေရေးသားမှုကို ပထမအကြိမ်ကြိုးပမ်းသည့် အနေဖြင့်၊ ဤဓမ္မစကြာသုတ်ကို ပျို့ကဗျာ ဖွဲ့စီ ရေးသားကာ တက္ကသိုလ် မြန်မာအနုပညာပြိုင်ပွဲ၌ ပါဝင် ဆင်နွှဲခဲ့လေသည်။ တက္ကသိုလ်စာပေအဖွဲ့ကလည်း ၁၉၅၀-ခုတွင် ထိုအရှင်၏ ပျို့ကိုပင်၊ ပထမကဗျာ အဖြစ် ရွေးချယ်ကာ အသျှင်ဝဏ္ဏဓဇအား စာပေ ပထမဆုကို ချီးမြှင့်ခဲ့ကြပေသည်။

ထိုစဉ့်သို့ ကမ္ဘာနှင့် တကွ မြန်မာ ဗုဒ္ဓဘာသာဝင်တိုင်းက လေးစားခဲ့ဖြသော ဓမ္မစကြာသုတ်ကို သီးသန့်မြန်မာပြန် 'ပျို့' တခုအဖြစ် ပေါ်ထွက်လာခြင်းသည်၊ ပါဠိစာပေ မဘက် မြန်မာဘာသာသက်သက်ဖြင့် သင်ကြားမှတ်သားလိုသော ဗုဒ္ဓဘာသာဝင် မြန်မာတို့ အဘို့ ဝမ်းမြောက်ဘွယ် ဖြစ်ပေသည်၊ စာပေ တကျမ်းတစောင်ကို ပျို့ကဗျာ ဖွဲ့စီရေးမှု ပျောက်လုမတတ် ဖြစ်နေသော ယခုခေတ်အခါ၌၊ ဤပျို့ကြီး ပေါ်ထွက်လာခြင်းသည်၊ မြန်မာစာဆိုမှုကို အသက်ဆက်ပေးဘိသကဲ့သို့ ဖြစ်လေရာ၊ မြန်မာစာပေလောကအဘို့သည်း ဝမ်းမြောက်ဘွယ် ဖြစ်ပေတော့သည်။

''ပျို့''အစီအကုံးနှင့် ပတ်သက်၍၊ အသျှင်ဝဏ္ဏဓဇသည် စာပေဆည်းပူးခိုက်၊ ပထမအကြိမ် ကြိုးပမ်းခြင်းမျှသာဖြစ်ရကား၊ အဖွဲ့အဆိုအသုံးအနှုန်းများသည် တကယ့်စာဆိုတော် ပညာရှိကြီးများကဲ့သို့ အထက်တန်းကျကျ မရှိလှသေးချေ။ ထိုကြောင့်လည်း ဤပျို့၌ အလင်္ကာ ဒေါသ- ဆန်းဂိုဏ်းစသည်တို့ တစုံတရာအပြစ် စွန်းငြိနေပါက ခွင့်လွှတ်ပါရန် စာဆိုကိုယ်တိုင်တောင်းပန်ထားပေသည်၊

ဤစာစောင်ကို တည်းဖြတ်သည်ဆိုရာ၌၊ ဓမ္မစကြာသုတ်၏ အဓိပ္ပါယ်ကို ပါဠိ အဋ္ဌကထာ တို့နှင့် ညှိနှိုင်းကာ၊ အပိုအလိုကို ဖြုတ်နုတ်ခြင်းဖြင့် အရေးအသားကို တတ်နိုင်သမျှ ပြင်ဆင်လိုက်ခြင်းမျှသာ ဖြစ်ပါသည်၊

''တရားဦး''ခေါ် ဤကျမ်း၏ ဒုတိယပိုင်း၌လည်း၊ အသျှင်ဝဏ္ဏဓဇသည် ဘုရားသခင်၏ ဖြစ်တော်စဉ် အကျဉ်းချုပ်နှင့် ဓမ္မစကြာသုတ်၏ အဓိပ္ပါယ်ကို အကျယ်တဝင့် ချဲ့ထွင်ဖွဲ့ဆို ရေးသားထားလေသည်။

ကျမ်း၏ နောက်ဆက်တွဲတွင်လည်း၊ ဓမ္မစကြာပဝတ္တနသုတ်ပါဠိတော်ကို ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထည့်သွင်းထားရကား၊ ဘာသာရေး လေ့လာလိုက်စားသော လူမျိုးခြားများနှင့်တကွ၊ ဘာသာပြန်မှုကို လေ့လာအားထုတ်လျက်ရှိတော်မူကုန်သော ရဟန်းရှင်လူအများတို့အား၊ များစွာ ကျေးဇူးကြီးလှပေသည်။

ထို့ကြောင့် ဓမ္မစကြာသုတ်ကို မြန်မာဘာသာသက်သက်ဖြင့် သင်ကြားနာယူလိုသော ဗုဒ္ဓဘာသာဝင် မဝင်မြန်မာသူတော်စဉ်အဘို့နှင့်အင်္ဂလိပ်စာပေတတ်ကျွမ်းနားလည်လေ့လာသူ-ဘာသာရေးသမားများအတွက်၎င်း၊ စုံပြပေးမည့်ကျမ်းဖြစ်သည် လုံလောက်စွာ ကူညီကျေးဇူးပြုနိုင်ပေရာ၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း တအုပ်စီ လက်ကိုင်ထားရှိသင့်ပေသတည်း။ ။

အရှင်လက္ခဏာဘိဝံသ။

၁၅-၁၂-၅၀

ရန်ကုန်တက္ကသိုလ်။

# ဓမ္မစကြာ

## ပို့တော်ကြီး။

ဓမ္မစကြာပျို့တော်ကြီး

# “ဩ နမော ဗုဒ္ဓါယ”

ဘုရားတရား၊ သံဃာများနှင့်၊ နှစ်ပါးမိဘ၊ဆရာ မျှသည်။ ငါးသွယ်တွင်၊ ဂုဏ်တော်ရှင်ကို၊ ကြည်လင်မြတ်နိုး၊ ရိုတုပ်ကျိုး၍၊ပျပ်လျှိုးခိုးသော၊ မာန်မဲ့ထွေဖြင့်၊ ပျို့သွေလင်္ကာ၊ နားတန်သာဟု၊လျော်စွာပါဠိနက်၊ဓမ္မစက်ကို၊ ခဲခက်ကတ်ချန်၊ ပယ်တွန်းလှန်၍၊ လွယ်မှန်သင်ကြောင်း၊ စီရင်ရှောင်းပိမ့်၊ အပေါင်းသူငါ၊ကျက်မှတ်သာအောင်၊လိုရာကျဉ်းချုပ်၊ ယဉ်ဂုဏ်းအုပ်၍၊သရုပ်မျှသာ၊ကုံးသီတာကြောင့်၊လင်္ကာဒေါသ၊ ဂုဏ်းဆန္ဒတို့၊မချွတ်စွန်းငြိ၊နက်ပါဠိနှင့်၊တိတိပုစဉ်၊မတွဲယှဉ်သည်း၊ ဖြစ်တင်ရှိ့ချ၊မပြုကြဘဲ၊ထိုမှုယုတ်လျှန်းစွက်နှုတ်တွန်၍၊ သင်ညွှန်ရှုဆုံ၊ စိတ်ကြည်ညိုလော့၊ ပုဂ္ဂိုလ်ခန္ဓာ၊ မမှတ်ရာလည်း၊ သဒ္ဒါ သရုတ်၊ အကျွန်ုပ်မှု၊ ဂုဏ်ပုဒ်ဝိဇ္ဇာ၊ ဘွဲ့မည်သာနှင့်၊ ဘာသန္တရ၊ ကောဝိဒဟု၊ ဝဏ္ဏဓာသိရဲ၊ အမည် ရှိသား၊ ကျောင်းကြီးဓမ္မာရုံ နေခိုက်ကြုံသော်၊“ရတုံခဏ၊အားလပ်ကမူ၊ဓမ္မစကြာ၊ပျို့လင်္ကာကို၊ မေတ္တာထပ်ပွါး၊ ပြုစေသား”ဟု လျှောက်ကြား မယ်တော်၊ ခမည်းတော်ကြောင့်၊ ရွှင်ပျော်ဦးစွာ၊ထောင့်သုံးရာငယ်၊ စွန်းသာဆယ် တစ်၊ ကောဇာနှစ်၏၊ ပြည့်လစ်ဝါဆို၊ လေးရက်ပိုတွင်၊ ပဟိုရ်လေးချက်၊ နေ့မင်းထွက်သော်၊ပန္နက်သစွာ၊ပြုပြီးခါမှ၊လင်္ကာထူးဆန်း၊ ပုလဲပန်းကို၊ သွယ်တန်း ယဉ်လှ၊ စီရင်စသည်၊ အန္တနေခြည် ကောင်လွမ်းတည်း။ ။

သမုဒယ၊ နိရောဓနှင့်၊ ဒုက္ခမဂ္ဂါ၊ လေးသစ္စာကို၊ မှန်စွာထင်ထင်၊ ကိုယ်တိုင်မြင်သည့်၊ ရှင်ပင်ထွတ်ဖျား၊ မြတ်ဘုရားသည်၊ လျှောက်ထားဗြဟ္မာ၊ တောင်းပန်လာကြောင့်၊ မိဂဒါဝုန်၊ သာပေါင်းစုံသည့်၊ ရဂုံမြိုင်သီ၊ ကြွမြန်းချီ၍၊ ဝဂ္ဂီပဥ္စ၊ အမည်ရသား၊ ကောဏ္ဍ၊ ဝပ္ပါ၊ ဘဒ္ဒိယာနှင့်၊ မဟာနာမ်၊ အဿဇိအား၊ ဟောဘိဦးစွာ၊ ဒေသနာမူ၊ သုံးရွာလူနတ်၊ နှစ်လိုအပ်၍၊ ကျိုးမြတ်စီးပွါး၊ ဖြင်ညီးများအား၊ တရား စကြာ၊ ထောင်ရောင်ဝါကို၊ သံသာလောက၊ ဤဘဝလည်း၊ သုခချမ်းသာ၊ ပြီးစိမ့်ငှါဟု၊ ညီညာဖျဖျ၊ ဘတ်ရွတ်ကြသည်၊ မွေ့မွေ့စည် ဆော်ရှမ်းတည်း။ ။

ဘုန်းတော်ကြီးလှ၊ ကဿပရှင့်၊ မွေ့စကြာ၊ ဒေသနာကို၊ သဏ္ဍာမျက်မှောက်၊ ဤရွှေ့လောက်လျှင်၊ စေ့ပေါက်သချာ၊ ကျွန်ကြွားပါ၏၊ တခါသော်က၊ ဗာရာဏဝယ်၊ ဗုဒ္ဓနောင်တော်၊ ကိန်းစံပျော်စဥ်၊ ငါးဘော်ဝဂ္ဂီ၊ စုံအညီကို၊ ဣသိပတန၊ အမည်ရသည့်၊ မိဂဒါဝုန်၊ တောရဂုံတွင်၊ သင်းထုံရွှန်နတ်၊ ကြာကုမုဒ်က၊ မြိုက်ထုတ်လှစ်ဖေါ်၊ ကျူးရင့်ကျော်ခဲ့၊ ငါးဘော်ချစ်သား၊ ရဟန်းများတို့၊ တရားနှစ်ခု၊ ထိုအစုကို၊ မပြုမှီဝဲ၊ ရှောင်ကြဥ်ဖဲလော့၊ ညစ်ထဲယုတ်မာ၊ ထိုနှစ်ဖြာတွင်၊ ကိလေသာကာမ၊ ယှဥ်ဖွဲ့သုခကို၊ နေ့ညမစဲ၊ ဘန်လဲလဲ့လျှင်၊ မှီဝဲစံစား၊ ကျင့်ခြင်းများဆည့်၊ စီးပွါးမစပ်၊ ယုတ်မာလတ်၍၊ ပြုအပ်ရွာသူ၊ ဥဇ္ဇာဟူ၏၊ ပုထုဇန်လှေ့၊ ပျော်ရွှင်မွေ့လည်း၊ ရသေ့စောရှင်၊ သူတော်စင်တို့၊ မခင်မတပ်၊ ရှုံ့ရှာလတ်ရှင့်၊ အတ္တကိုယ်အား၊ နှိမ်ရှိရှားအောင်၊ ဖိထားဖိခြေ၊ ဆူးညောင့်တွေဖြင့်၊ သွေးလေခြောက်

ခမ်း၊ကျင့်ကြံလင်းလည်း၊ ပင်ပမ်းဒုက္ခ၊ ကျိုးမရသည့်၊ အနတ္တ ဒွေမည့် ဝေါ်သွမ်းတည်း။ ။

မဂ်ဖိုလ်ရှယ်မှန်း၊အိုရဟန်းတို့၊ညစ်ညမ်းခမ့ ထိုနှစ်ဝကို ဇုန္ဒငါမူ၊ မကပ်ယူဘဲ၊ လွယ်ကူ ထိုးထွင်း၊ သိခဲ့လျှင်းသည့်၊ လေးစင်းသစ္စာ၊မြင်သိဌါကို၊သေချာပြုတတ်၊ကျင့်လယ်လတ် သည့်၊ငြိမ်းပြတ်ကိလေ၊ နိဗ္ဗာန်စေ၍၊ ထူးထွေသစ္စာ သိစေပါ ၏။ကောင်းစွာသိခြင်း၊ နိဗ္ဗာန်ရင်းလည်း၊ စင်းလျှင်းကိုး ခြတ်၊ ဖြစ်စေတတ်ရှင့်၊လယ်လတ်ကျင့်မှာ၊အဘယ်ပါနည်း?၊အင်္ဂါ ရှစ်ပါး၊မဂ်တရားဟု၊မြင်ညာဒ်ကောင်းစွာ၊ ကြံမှန်ရာ၍၊ မှန်စွာ ပြောဆို၊ပြုလုပ်ထိုနည်း၊သက်ကိုမွေးမြူ၊ အားထုတ်ယူလျက်၊ စင်ဖြူသတိ၊ ခိုင်ဘိ တည်ကြည်၊ ဤရှစ်မည့်တည်း၊ ငါသည့် ထိုးထွင်း၊သိခဲ့လျှင်း၍၊ဉာဏ်လင်းမျက်စိ၊ သစ္စာသိကို၊ ပြုဘိ တတ်စွ၊မဇ္ဈိမဟု၊မဂ္ဂရှစ်တန်၊အကျင့်မှန်သည့်၊ရန်ကိလေသာ ငြိမ်းစေပါ၏၊သစ္စာလေးအင်၊ထူးစွာထင်၍၊သိမြင်ကောင်းထ၊ နိဗ္ဗာန်ရသည့်၊သဘ္ဘောပြည့် ပျော်စွမ်းတည်း။ ။

တောဝယ်ပျော်မွေ့ အိုရဟန်းတို့ မိဝမ်းထဲတွင် သန္ဓေ ယူဥ်မူ ပူပင်ဒုက္ခ အိုမင်းကလည်း ကြီးလှဆင်းရဲ, ဖျားနာစွဲ သော် သွေ့ဖဲချမ်းသာ, သေသောခါလျှင် ကင်းကွာသုခ ဆင်းရဲလှ၏၊ တူကွမုန်းသူ နေရမူလည်း ကြီးထူဒုက္ခ, ချစ်သ မျှနှင့် ခွဲရသတ်လျှင် ဆင်းရဲပင်တည်း၊လိုချင်တောင့်တ မိုင်မရ လည်း သုခကင်း၍ လွန်ဆင်းရဲ၏၊တနဲကျဉ်းစွာ ငါးခန္ဓာသည် ချမ်းသာမရှိ ဆင်းရဲဘိ၍ ဓာတိ,စကာ ထိုဓမ္မာသည် အဓိယာ မှ သိအပ်ကြသည့် ဒုက္ခသစ္စာမှုပေါင်းတည်း။ ။

ဘိက္ခုမြည်ငြား ငါ့ချစ်သားတို့ သုံးပါးတဏှာ တရားမှာလည်း ထပ်ခါဘဝ ဖြစ်စေကြ၍ ရာဂတာပ်မက် လွန်နှစ်သက်နှင့် ငါးချက်အာရုံ ထိုထိုဘုံဝယ် တပ်စုံခင်တွယ် ဖြစ်စေလေ့ယ်၏၊ အဘယ်ဘို့မှာ ထိုတဏှာနည်း? ကာမဝဋ်ဆုံ အစုရှကို ထပ်မှုတဝ သဿတဟု ဘဝမြဲဌါ စွဲလမ်းရာနှင့် နောင်ခါဘဝ ကင်းပြတ်ရဟု ဥစ္ဆေဒဒိဋ္ဌိ တွယ်တာဘိ၍ စွဲငြိလတ်သော် ဤသုံးဘော်သည့် မည်ခေါ်တဏှာ အရိယာတို့ ထင်စွာသိကြ သမုဒယသည့် ဒုက္ခဖြစ်ဌါရသောင်းတည်း။ ။

ပင့်မှလွတ်လို ရဟန်းပျိုတို့ ထိုထိုတဏှာ ကြွင်းမဲ့စွာဖြင့် တွယ်တာချေ၍ စွန့်လှူဘင်တည့်၍ ပစ်ဘိလေလံ စွန့်ရာမှန့်သား ကြောင်နိုင်လုတ်လပ် ကပ်ငြိပြတ်သည့် အမြတ်နိဗ္ဗာန် ရှိသေးပြန်၏၊ ရပ်ရွာန်သန္တာ အရိယာတို့ သိရာသစ္စ နိရောဓသည် မချသစ္စာ ဆုကောင်းတည်း။ ။

အငေါ်ပါး ရဟန်းများတို့၊ တရားမဂ်မြတ်၊ အင်္ဂရှစ်ရပ်မှု၊ မြင်တတ်ကောင်းစွာ၊ ကြံမှန်ရာ၍၊ မှန်စွာပြောဆို၊ ပြုမှုထိုနည်း၊ သက်ကိုလည်းမွေး၊ အောက်မေ့ရေးနှင့်၊ အေးဆေး တည်ကြည်၊ ထိုရှစ်မည်ကို၊ မှန်ရည်ကောင်းစွာ၊ ပြုခြင်းသာတည်း၊ ချုပ်ရာဒုက္ခ၊ နိရောဓသို့၊ ညွှန်ပြလမ်းထွင်၊ ကျင့်ခြင်းပင်တည်း၊ ရှင်အရိယာ၊ သိမြင်တာကြောင့်၊ သစ္စာမဂ္ဂ၊ မည်တွင်ရသည်၊ ဒုက္ခလှစ်စွာပြုကြောင်းတည်း။ ။

သစ္စာလေးမည်၊ တပါးစီတွင်၊ သုံးလီဉာဏာ၊ အပြန်ပြမိမ့်၊ သစ္စ,ကိစ္စာ၊ ကတ,သာတည်း၊ ဖန်ခါဝတ်ဆင်၊ ငါ့ချစ်ရှင်တို့၊ ယာခင်ရှေးက၊ ဖြစ်ဖူးခ္ဌကို၊ မရသေးမှီ၊ ဓာတ်ရှိသား၊ ဤသည်

ဒုက္ခာ၊ မြတ်သစ္စာဟု၊ ငါသည်မကြား၊ ထိုတရား၌၊ လေးပါး သစ္စာ၊မြင်စိမ့်ငှါဟု၊ပညာမျက်စိ၊ဉာဏ်အသိနှင့်၊ဇာတိဒုက္ခာ၊ ပြားသိရာသည့်၊ပညာကစ၊ထိုဒုက္ခကို၊တိကျထိုးထွင်း၊ သိရှိ ခြင်းနှင့်၊ ရောင်လင်းပညာ၊ ပြောင်ဝင်းလာသည်၊ ဒုက္ခသစ္စာ ဉာဏတည်း။ ။

တောရပ်မိဂ်နေ၊ ဘိက္ခဝေတို့၊ သူးတွေ့ရချ ငါဗုဒ္ဓသည်၊ ဒုက္ခသစ္စာ၊ ထိုဓမ္မာကို၊ ဤသာဤမျှ၊ ယုတ်လွန်ကသည်၊ စေ့ငှ ဝန်းပတ်၊ပိုင်းခြားအပ်ရှင့်၊သိမှတ်ရေးကာ၊ မကြားခုသည့်၊ ဓမ္မ တို့တွင်၊ ပိုင်းခြားမြင်၍၊ ပညာမျက်စိ၊ဉာဏ်အသိနှင့်၊ ရွန်းတိ ပညာ၊ထွန်းဝိဇ္ဇာတို့၊အဝါဝင်းပြောင်၊ဉာဏ်လင်းရောင်သည့်၊ ရှင်းအောင်ငါမှာ၊ထင်ရှားလာသည့်၊ဒုက္ခာကိစ္စဉာဏတည်း။

ငါ၏ချစ်သား၊ရဟန်းများတို့၊ ဤကားဒုက္ခ ဤ၌မျှတည်း၊ ဤကယုတ်လွန်၊ မရှိတွန်ဟု၊ ထက်ဝန်းပတ်လည်၊ သိအောင်ပြီ တည်း၊အတိရေးကာ၊ငါဗုဒ္ဓသည်၊ရှေ့မျှမကြား၊ ထိုတရား၌၊ မြင် ငြားသစ္စာ၊မျက်ဉာဏ်ဝါနှင့်၊ပညာဝိဇ္ဇာ၊အာလောကတို့၊ ထွန်း ပပေါက်ကာ၊ထင်ရောက်လာသည့်၊ဒုက္ခာကတဉာဏတည်း။

ငါးပွင့်ဆိုင်ညီ တောရပ်မိဂ်တို့ သုံးလီတကျော့ လေးဘာမှာ လည်း ဒုက္ခာ ဖြစ်ကြောင်း စီရင်ဖော်၍ ရှင်ကောင်းသိရာ မည်သစ္စာတည်း ရှေးခါဘုရား မဖြစ်ပြားမီ မကြားဘူးရ ထိုဓမ္မတွင် သမုဒယံ မြင်ဖူးကြဆံနှင့် ဉာဏံသိခြင်း တကျော့ ရင်းသည့် ဖြစ်လျှင်း တရားရှစ် ခွဲဖြာလစ်ဟု စိစစ်ပြားစွာ သိပညာတည့် ဝိဇ္ဇာထိုးထွင်း နားလည်ရှင်း၍ အလင်းရောင် လျှံ ဝင်းပြောင်ကျသည် ဉာဏံသစ္စ သမုဒယတည်း။ ။

နားဝိုက်ကြပါ သမဏာတို့ ဒုက္ခဖြစ်မှု အကြောင်းမြစ်သည် သမုဒယ ထိုသစ္စကို သောတ သကဒါ အနာဂါနှင့် မဂ္ဂါ ရဟတ္တ ထိုလေးဝဖြင့် ဖယ်ချုန်ပ်နည်း ပြုအပ်သည်တည်း၊ ဥမြည့်ရှေးက မကြားရသည့် မွေတို့မှာ ကြောင်းဒုက္ခါဟု သစ္စာသမုဒ္ဒ ဖြစ်ခြင်းစသား ဉာဏပညာ တွင်းဝိဇ္ဇာနှင့် အဝါဝင်းချို ပေါ်ထွန်းပံ့သည် ဉာဏ်ကိစ္စ သမုဒယတည်း။ ။

ပဥ္စဝဂ္ဂီ ဘပသီတို့ ယင်းသည့် ဒုက္ခ အကြောင်းမျှဟု သမုဒယာ ဤသစ္စာကို မဂ္ဂါလေးချက် ကိုင်စွဲလျက်လျှင် ခွဲဖျက်ပိုးရုံ ကြွင်းမဲ့တုံပြီ၊ ပုဂ္ဂိုလ်ဗုဒ္ဓ ကိုတ်ရှေးကမူ စဉ်းမျှမ ကြား ထိုတရားတွင် မြင်ကြားမျက်စိ ဉာဏသိ၍ ပြားဘိပညာ မုဒယာဝယ် ဝိဇ္ဇာလောက လင်းထင်ရုံသည် ဉာဏ်ကိစ္စ သမုဒယတည်း။ ။

ပဗ္ဗဇိတာ ငါသည်းချာတို့ ချုပ်ရာဒုက္ခ နိရောဟု ရိယ သစ္စံ ဤနိဗ္ဗာန်ကို လွန်လေရှေးတွင် မသွားထင်ခဲ့၊ လေးအင် သစ္စာ ထိုခမ္မာဝယ် မညှာမျက်စိ မြင်လစအိ၍ သိတတ် ဉာဏာ သဥပါဒိ နုပါဒိသေ ပြားဘိချေဟု ထထွေပညာ အိခဲ့ပါရှင့်၊ ဝိဇ္ဇာ့တမည် လင်းရောင်ခြည်လည်း ဒိတ်ဆည် ယှက်နှောင် မောဟမှောင်ကို ဍါရှောင်ထွန်းလှန် ပေါ်ထွန်း ပြန်သည် ဉာဏ်နိရောသစ္စတည်း။ ။

တပမနာ နိဗ္ဗာန်ရှာတို့ သစ္စာရိယ နိရောဓကို ပစ္စဝေက္ခ ဏာ မဂ်ဖိုလ်ဉာဏ တာပသဖြင့် မျက်မှောက်သင့်၏၊ ယခင့် ရှေးမှာ နှုသေးခါဝယ် ငါသည်မကြား ထိုတရား၌ မြင်ပြား

စကျွဲ ဉာဏ်အရနှင့် သိမှုပညာ ထွန်းဝိဇ္ဇာစ အာလောကတို့ ဖျဖျကျော်ဇုန် ထင်ပေါ်တွန်သည့် ဉာဏ်နိရောဓ ကိစ္စတည်း။

ဖန်ဝါဖြန်းဆင် ရဟန်းရှင်တို့ ဤလျှင်ဒုက္ခာ ကုန်ချုပ်ရာဟု သစ္စာရိယ နိရောဓကို ပစ္စဝေက္ခဏာ မဂ်ဖိုလ်သာဖြင့် ငါသည်မျက်မှောက် ပြုအပ်ရောက်ပြီ၊ ဤလောက် ရှေးခါ ဘုရားလျာတွင် ဘယ်ခါမကြား ထိုတရား၌ မြင်ငြားသစ္စ စကျွကသည့် ဉာဏပညာ သိဝိဇ္ဇာနှင့် ရောင်ဝါထွန်းချွန် ပေါ် ထွန်းလွန်သည့် ဉာဏ်နိရောဓ ကတတည်း။ ။

နိဗ္ဗာန်ရှာဖို့ ရှင်မဟီးတို့ ရှစ်စီးမဂ္ဂင် သစ္စာယဉ်သည့် ချုပ်ရဉ်ဒုက္ခ နိဗ္ဗာန်ရကြောင်း တပကောင်းတည်း၊ ရှေးတွင် နည်းမှု ကြားလည်းမဘူး သစ္စာထူးတွင် မြင်ကျူးမျက်စိ ဉာဏ်အသိနှင့် တရှိပညာ မဂ်ဝိဇ္ဇာဘည့် ထိန်ဝါရောင်ညီး အသီးသီးလျှံ ပေါ်ပြီးထင်စွ ငါလျှင်ရသည့် မဂ္ဂသစ္စာ ဉာဏ တည်း။

ဝဂ္ဂီပဥ္စင် သီလဝင်တို့ ကျင့်စဉ်ရှစ်ဝ နိရောဓဟု ဒုက္ခ ချုပ်ရာ နိဗ္ဗာန်ရွာသို့ ရောက်ရာလမ်းမ ထိုသစ္စကို တိုးဆက်ပွား ပြုအပ်သားရှင့်၊ ဘုရားဖြစ်မှ ရှေးအတိုင်ယ် မသိမကြား ထိုတရား၌ မြင်ငြားစကျွ ဉာဏ်အရနှင့် ပြားမှုပညာ သိဝိဇ္ဇာက လောကာရောင်ခြည် ယင်းငါးမည်တို့ ဖွံ့စည် လွင်ပြ ဖြစ်လာကြသည့် မဂ္ဂကိစ္စာဉာဏတည်း။ ။

သီဟဝန္တာ ရှင်သံဃာတို့ ချုပ်ရာဒုက္ခ နိရောဓဟု မောက္ခရောက်ကြောင်း အကျင့်ကောင်းသား ရှစ်ချောင်းမဂ္ဂါ ဤသစ္စာကို စိပ်ဖြာပွားထပ် ပြုစေအပ်ပြီ လွန်သတ်ရှေးမှာ

နှုသေးခါ၌ သိတ်စာမကြွား ထိုတရားဝယ် မြင်စားမျက်စိ ဉာဏ်အတိနှင့် ဖြားဘိပညာ သိဝိဇ္ဇာလျှင် လောကာလင်း ရှန်း ပေါ်ဝင်းထွန်း၍ ပြဲ့လွန်းမွမ္မ ထင်ရှားရသည် မဂ္ဂကတာ ဉာဏတည်း။

အိမ်ဆောင်ပြေ့ ရဟန်းရဘိ၊ စတုသစ္စာ၊ ဤမြွာ၌၊ ဉာဏ သုံးပါး၊ အဖြန့်ဖြိုးခသော်၊ ပွားစီဆယ့်နှစ်၊ သစ္စာဖြစ်သား၊ ဟုတ် စစ်မှန်ကန်၊ ငါမြင် ဉာဏ်သည်၊ အလွန်သန့်ကြည်၊ မပွန်ရည် သေး၊ ထိုရှိန်ရှေးတွင်၊ နုပ်ကျေးငါးပြည်၊ ဝသ်ဝတ္တိနှင့်း ရုံည့် ငြိမ့်ဖွာ၊ တကွပါသည့်၊ သြကာသနှင့်၊ လောကတွင်နှင့် မင်းရှင် ပုဏ္ဏားး၊ လူအများတို့၊ မပြားတကွ၊ ပါဝင်ရသည်၊ သတ္တ လောကော၊ ဤရပ်မြေတွင်၊ ကင်းကွေဖက်စံ၊ တုခရုံသည်၊ သဗ္ဗ ညုတ၊ လင်းဉာဏနှင့်၊ အရဟမဂ်၊ ထိုနှင့်ချက်ကို၊ နှစ်နက်တိုး ထွန်းငါသည်လျှင်းဟု ပြုခြင်းခံဝန်၊ မရှိမှန်မူ၊ ကြေနံရခါ၊ ငါသိပါ ၍၊ မုသာမပုံ၊ ဝန်ခံဆိုပြီ၊ ယိုပဓ္ဓဝေကာ၊ သိမြင်ချက်လည်း၊ ဖြက် ဖြက်ငါ့အား ပေါ်ထင်ရှာခဲ့၊ သိ ပြားအ ရာတ်၊ မိုလ်ဉာဏ် မြင်ကို၊ ဖေါက်ဖြတ်ဖုက်ချုံ၊ အေဝတန်ငြိ၊ ခန္ဓာကိုယ်ဖြစ်၊ ဆုံး ဝွန်သစ်၍၊ အသစ်ဘဝ၊ မကူးရဟု၊ ပစ္စဝေကွဏာ၊ ဉာဏ်မြင် ရာသည်၊ မှန်ပွာထင်ရှား၊ ငါဖြစ်ပြားသည်၊ တရား မိပ္ပါယ် သိစေမင်း။ ။

ဤသို့စသား၊ မြွတ်ဘုရားသည်၊ ငါးပါးဝဂ္ဂီ၊ ရုံအညီကို၊ ချီအိနှာပျော်၊ ဟောဘွက်ဖေါ်လျှင်၊ ငါးဆောင်ရဟန်း၊ စိတ်ရွှင် လန်း၍၊ ဝမ်းပန်းတသားသာရပါဟု၊ သုံးခါကြည်ညို၊ ကျူး ခင့်ဆိုရှင်၊ သိုဇာ ကဥဏ်း ဟော၍ဆိုးသော် ဘုန်းသက်ရှည်

ဗ္ဗ ကောဏ္ဍညသည် ရာဂကင်းစင် ဖြူရှင်းကြည်၍ ကြွင်းပင် ညစ်ကြေး မရှိမြေ့းသား လေးပါးသစ္စာ သိမြင်ရာဟု ဒေသ တာပတ်မှက် ဉာဏ်မြင်မျက်သည် ပေါ်ထွက်ထင်ရှား ဖြစ်ခဲ့ ပြီး၍ တရားတော်ဘုမ် အသုံးရုံသည့် ဖြစ်တုံချုပ်ရ သဘော မျှဟု ကျနစ္စဲခြား ထင်ကွဲပြားသည် စွထားပိတ်ဝယ် နှိုလေ ခြင်း။ ။

မုနိရာဇာ ဗောဓိထွတ်ချွာသည့် စကြာဓမ္မ ဟောပေါ်ပြု သော် ဘုမ္မဒေဝါ နတ်တကာတို့ ညီညာကောင်းချီး ကြွေး ကြော်ဟီးခဲ့ "ပြည်ကြီးဗါရာ ဏသီဂဒ္ဒါယ် မြတ်ရွာဘုရား ရှင်ပင်ဖျားသည် ပုဏ္ဏားရဟန်း နတ်မာန်ကြမ်းနှင့် ဟင့်ဗြဟ္မ ဗြဟ္မာ သတ္တဝါတွင် ဘယ်ခါကယောက် တားမပေါက်၍ စေ့ပေါက်ပိုင်ပိုင် မဟောနိုင်သား ပန်းဆိုင်စကြာ တရားသွာ ကို ခုခါဟောပြီ နာရသည်"ဟု မြွှင်ညီသံကျူး သဒ္ဒါသူးကို လေးဦးမဟာရာဇ် နတ်ကြားလစ်၍ ယက်ချစ်ဘီးကာ ဗြိုးဆော် ပြောသော် တာဝတိံသနတ် ယာမာရပ်နှင့် ရွှေတုသိတာ ပြည်နိမ္မာန ဝသဝတ္တီ ပြဟ္မာထိအောင် ရှိုရှိန်သံ ပြီးသံ ရင့်ခဲ့ ထိုဖြင့်ခဏ ထိုလယနှင့် ထိုမှုမဟုတ် အနန္တသုဟ်ဝယ် နို့လှုပ်ကျော်ဟိတ် အကာနိဋ္ဌသို့ သောင်းဖိုင်လောကာ စကြာပါ လည်း သက်ခါခါလှုပ် တက်တက်ရုပ်၍ ဝဲခုံထိုးညီ အေးသည် ညီ ရှင့် တိုင်းရှည်မရှိ ပြန့်ပြောဘိ၍ ဉာဏ်သင်းချောင်လင်း လောကတွင်းဝယ် နတ်မင်းပြဟ္မာ ကိုယ်ရောင်ထက် ကဲ သာလွန်ကျော် အာနုဘော်လည်း ထင်တော်မူပြီ ထိုနိန္နည် တွင် အဂ္ဂီခုသ မြတ်ဗုဒ္ဓသည် မြွက်ဟာဥဒါန် သောင်းတုံ့က်

လျှမ်းမှု နှင့်လန်းဝမ်းသာ မိန့်ခဲ့ပါ၏။ "ခေမာရည်ခင် ရဟန်း ရှင်တို့ ကောလာဟလသည်မှာ လေးသင်္ချာကို သချာစင်စစ် သိခဲ့လေပြီ" သနစ်ဗျူဖွတ် ထိုကြောင်းရပ်ကြောင့် ရှစ်မြတ်ကောလာဟလ မဂေဂရှ် အား အညာသို့ရ ကောလာဟလဟု နာမထူးခြား ဇေါ်ကျ။ ငြွားသည့် ဦးဖျားထိပ်ဝဲလယ် ညီမွှေဝင်။ ။

သောတာပန္နာ ဖြစ်ပြီးပါသော် အညာသို့ရ ကောလာဟလသည့် လေးဝသန္တာ မြတ်ဓမ္မာဝယ် မြင်ခါရောက်အပ် သိရှိလတ်၍ ဥာဏ်ခါတ်သက်ဝင် ဘယ်ရ ခြောက်ကျိန်း ရှစ်အင်ယူမှား ကျွေးမြောက်ငြားခဲ့၊ ဝိုးဝါးတွေးဆ သံသယလည်း လုံးဝကင်စင် မြတ်စောရှင်၏ စည်ပင်သာသနာ ခေတ်အခါ၌ ရောက်လာရုံငှါ ကိုယ်တိုင်ပွင့်၍ ယောက်ပင်ဖေးသူ ဘုမကူလည်း ကြည်ဖြူစိတ်ဖြော ယွှမ်းဘို မောကြော၍ နာထောမြတ်ကို သို့ရေကျော်ဆိုပြီ "ဘုန်းမိုတ္တတိကာ မြတ်ဘုရားရှင့် ငါးပါး နာမ်ရေး အကျွန်ုပ်သည့် ဗုဒ္ဓဘ်တွင် ပဥ္စင်း ရှင်ဖြစ်ရချေလစ်တည့်' စောမုန်လည်း 'လာလှည့်ဟန့် မွေကျွန်းကို တ ကြွနိုးကော် ဝွား ငါဟောပါပြီ၊ ဝနှာသင်းရဲ ကုန်ဆုံးစေ၍ ထူးကဲကော လတ် ငဲသို့ ဟု မွန်မြတ်ကျ ကို ကျသော့ ဆိုရှင်" ဟု အညာသိ ကောလာဟလိအား ဟေ့ဘိကျူ : ရဟန်းဟူ၍ နတ်ပုဗ္ဗာ ဧဟိလောကာဝယ် ဦးခွာကတ်ဆင်း တက်ဆွတ်လှမ်းသည့် ထွတ်ကမ်း ခမ္မာနက်ဆရောက်တည့်။

ဟေ သက္ကရာဇ် ရှစ်၏ ပြည့်လစ်ဝါဆို စနေ့ထိုတွင် မခွာမိုလ်သောတော ဆရာဦးစွာလျှင် အညာကောလာဟ ဖြစ်ခဲ့ကြ၍ ကျေဥ်သျှင်တရက် ဝပ္ပသက်သ ကျွက်သောတာ

ဘန္ဒယာမှ တနင်းလာနေ့ နှစ်ရက်စေ့၍ မွေ့ သောတာပန်
မဟာနာမ်လည်း နက်ဖန်သုံးရက် အင်္ဂါတက်တွင် ဆက်
လက်တည်ဘိ အသဃဇိကား လပြည့်ကျော်လေး မဂ်လမ်း
ဖွေးရှင့်၊ ချိုအေးရင့်သြောင်း တရားမောင်းကို ကောင်းခြင်း
သုံးဖြာ ခြောက်အင်္ဂါနှင့် စကြာဓမ္မ တွင်မည့်ရအောင် ဟော
ပြတည့်လျှင် ကျိုးနိုင်ကြောင့် ထက်ဉင်အောင်ကျဲ လော
ကဒါတ်မှ လူနတ်ပြဟ္မာ ဇေရဂါးဖြာတို့ သဲသာသောင်
ကမ်း နံ့ဗ္ဗာနံ့လှမ်းသည့် သိကျွမ်းသချာ ထိုက်လောက်
သည်း။ ။

ရာဇာမှန်ဗွ သပ္ပတာ အား ညွှန်ပြမိတ်ဝေ ကွန့်ပွင့်းဝေ
ထူးထွေကာလ သမယဟု မြန်မာ့ပြည်ကောင်း မှတ်လည်
အောင်ကြက် ဠနီးဖြောင် သာသနာ ရဟန်ခါဝယ် သာသာမျိုးယု
ပေတ်ဖျိုးပိုဖြင့် ဖုံဖုံးခြင်းနှီး ဥာဏ်သစ်ထွန်းကြောင့် ခမ်
ကုန်းပမာ ဤလက်ကာကို သဋ္ဌါတက်လျှံ အောင်စိတ်သန့်၍ ကျမ်း
ဂန်ညွှန်း ဟုတ်မှန်ကိုင်းကို မည်းမတွ စကြာသို့ သြဇာ
ဤအိ ဓမ္မဆိုလျှင် သင်္ဂီကနှုန်း စိမ့်စေသားဟု ပရေ ခြောင်းမြို
ဤသည့်ပျို့ကို၊ မေးပို ဆက်သွင်း၊ ပဏ္ဏာ နှုန်းမျိုး၊ ရှင်းလင်း
ခ်ပါသ်သ်သာသွယ်၍၊ လေးသွယ်သင္ကာသိပြီးခါလျှင်၊ မြန်မာ
ပြည်သားရှင်လူများကို တရားဆယ်ဝ ပြည့်ဖုံလှ၍၊ သင်္ဂ
လေးမည်၊ မြေးမ်းတည်သို့၊ ဦးလည်မပေါင်း၊ ချင်ကူး
ရှာင် မူ၊ဘုန်းပေါင်းဟေဇာ၊ကွန့်ဝေဖြာတက်၊ရှည်ကြာသက်
တော်၊စက်ရှင်ပေါ်သွက်၊ဆုံကျောင်က်တွ၊ ဠုနီးသိန့်လျှင်၊ ပေတ်
ဂုဏ်သာ၊ပညာဝါနှင့်၊သာသနာကျိုး၊ထောက်ပင့်ပုံး၍၊ ရှေးချိုး

မင်းဘောင်း၊ဘုရားကျောင်းသို့၊ကောင်ပေါင်းများစွာ၊သတ္တပါ
ဟ်ု၊သုံးဖြာကပ်ဆိုး၊ကင်းလွတ်နိုးတည့်၊ ယိုကျိုးကိုရည့်၊ နို့ရှင်
သည့်လည်း၊စိတ်ကြည်မေတ္တာ၊ကရုဏာနှင့်၊စကြာပျို့ဆန်း၊
လက်ာပန်းကို၊ တင့်လန်းဝေဆာ ရေးဆက်ပါ၏၊ ဤစာပြုရ၊
ဘုသလကြောင့်၊ဘဝနောင်ခါ၊ဖြစ်လေရာဝယ်၊ သမ္မာရှစ်မျိုး၊
ကဲသင့်တိုး၍၊ အကျိုးသုငါ၊ ဖြစ်စေရာသား၊ သန္တာသူတော်၊
နှစ်မွေ့လျော်သည့်၊ ကျင့်တော်ဆိကွာ၊ ဖြင့်ညည်းပါ၍၊ နောင်
လာမိတော၊ ရှင်ပင်ထွေး၏၊ မြိုက်ခဲ့နို့ချည်၊ တိုက်ကျွေး
ဆိုသည့်ရေ့ဟည့်ဦးစွာ၊ နကြားဘာလျှ၊ မဟာအဂ္ဂ၊ သာ
ဝကဟု၊ ဉာဏာတဒဂ်၊ ရစေမြဲက်၍၊ ဒိုလ်မဂ်နိဗ္ဗာန်၊ ခံပံ
တမ်မှန်သို့၊ ရောက်ခဲ့ပြဲနိုး၊ ရည်ရွယ်မှန်းသည်၊ ဆုံး
တောင်း၍ ဆုတောင်းသည်း။

ပု၊ဒိ၊အာ။

ဤတွင်ဓမ္မစကြာပျို့တော်ကြီးပြီးပြီ။

ဓမ္မစကြာသုတ်အဖွင့်

မြန်မာဘာသာ

# တရားဦး

အ ကျွန်ုပ်အား—

လောကသံသရာ ဘယ်သောအခါတွင်မျှ-

ဖမှမျှောက်ထိန်ချန်ခြင်းငှါ မလွှမ်းနိုင်လောက်အောင်,

ကျေးဇူးကြီးမားလှသော

**ကျေးဇူးတော်ရှင်**

ရဟန်းဒါယကာ·ဒါယိကာမ များ

ဖြစ်ကြသော

**ခမည်းတော် [illegible]**

**တို့အား**

ကျေးဇူးဆပ်သော အားသာဆန္ဒဖြင့်။

# အကိုးအကားပြုသောကျမ်းများ။

၁။ ဝိနယ ပိဋက မဟာဝါ ပါဠိတော် နှင့် နိဿယ (မြန်မာဘာသာမှ)
၂။ ဓမ္မစကြာသုတ် ပါဠိနိဿယများ။
၃။ အဘိဓါနပ္ပဒီပိကာကျမ်း။
၄။ အဘိဓါန်နိဿယသစ်။
၅။ ဓါတုမဉ္ဇူသာကျမ်း။
၆။ အရှင်ဇနကာဘိဝံသ၏ အနာဂတ်သာသနာရေး
၇။ 〃 သင်္ဂြိုဟ်ဘာသာဋီကာ
၈။ T.W. Rhys Davids'. "Buddhism"
၉။ ထေရဂါထာနှင့် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ လေးချိုးဘာသာပြန်။
၁၀။ ဇိနတ္ထပကာသနီကျမ်း။
၁၁။ သုမေဓဝတီဗုဒ္ဓဝင်။
၁၂။ မင်းကွန်းဇေတဝန်ဆရာတော်၏စတုသစ္စသုဒနီကျမ်း။
၁၃။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိနိဿယ။
၁၄။ လယ်တီဆရာတော်ဘုရားကြီး၏သစ္စဒီပနီကျမ်း။
၁၅။ မြစ်ကွေ့ဆရာတော်ဘုရားကြီး၏စတုသစ္စပကာသနီကျမ်း။
၁၆။ လယ်တီဆရာတော်ဘုရားကြီး၏ မဂ္ဂင်ဒီပနီကျမ်း။
၁၇ Max Muller's Sacred Books of the East.
၁၈။ နိပ္ပန်ဘာသာ "ဇင်း ဝါဒ ဗုဒ္ဓဘာသာကျမ်း"
၁၉။ မြောက်ပိုင်း ဗုဒ္ဓဘာသာ။
၂၀။ သံယုတ္တ နိကာယ အဋ္ဌကထာ။
၂၁။ ဓမ္မစက္က ပဝတ္တနသုတ် ဆိုင်ရာအခြားဘာသာကျမ်းငယ်များ။

## ကျမ်းဆရာ၏ ဝန်ခံချက်။

ဤကျမ်းရေးသူသည်၊ အသက်သည်း နုငယ်၊ ပညာလည်း ဖြေါ့ပလေသောက်အောင်မကိုလိုလှသေးသူများ တကာက အထင်ကြီးပြီး ဘုန်းကြီး နေကြ သော်လည်း၊ တော့ မပေါက်သွားခဲ့သေးသော စာသင်သား ဘဝ၌သာ ပျော်မွေ့နေသူ ဟုတ်နှင့်ငယ်များသာ ဖြစ်ပါသည်။ ပညာရှာရာ၌လည်း၊ ရှေးခေတ်ကျမ်းကကဲ့သို့ 'ပဝါပြို့ဖျော်ကျော်' ဟောသော ယူခဲ့ရ။ မျက်နှာခြင်းဆိုင် ခံခြင်း မြှူဘော ဝိုင် လှကတ်သော ခေတ်ဆန်ဆန် သင်ယူခဲ့ရသဖြင့် စာပေမြန်မြန်ခဲ့ပဲ့ပူးပါ၊ တိုဗဒကျိုးဝိပါက်ပဲ့လော မသိ-ဤပလမ စံပြ တနှင်းငယ်ကိုရေးသားရာ၌၊ ကျမ်းနှင့်ဆပ်ကြောင် သုံးဆယ်နှင့် ပါခဲ့ရုံ လုံး ကား ဖတ်ရှု သုံးသပ်ပြီး ပညာရှင်ကြီးများ ထံမှ ထပ်တော်ကောက်စွာ နည်းနာ ခံယူကာ ဆည်းပူး ရေးသားပါသော်လည်း၊ ပင်ခင် အဆီအနှစ် ထားအော် ... ကျကျနန ကြီး မဖြစ်ခဲ့ပေ။

ဝိမိတ္တာ ညာရည့် နှုလုံးရည် ဘုန်းသော်တို့ကို အမြခံ သားသည့်သာ မှန်ပါသော်လည်း၊ ယခုမှပ ဦးထွက် ဖြစ်သဖြင့်၊ ရေးသားရာ၌ အထူးသတိချပ်ပါသော်ငြားလည်း၊ မလွဲမရှောင်သာသော အသုံးအနှုန်းခပ်သည့် ညံ့ဘာရေးမှုများ၊ အယူအဆပေါ် ပျက်ချော်လွဲမှုများ ပါဝင်ကောင်း ပါနေပေလိမ့်မည်။ မှန်၏- အချို့ ရှိလင်းဖော်ပြချက်များတွင် လည်း ကူးခဲ့ရ မပြည့်နိုင်ခဲ့ပါ။

သို့သော်- စေတနာကဖြင့် အပြွန် ဖြူပ သန့်ရှင်းပါသည်။ များလျှော်လည်း စေတနာကောင်းနှင့်များသဖြင့် အပြစ်မှ သက်

သာ၍ ထင်မိပါသည်။ မည်သို့ပင်ဖြစ်စေ-ဤကျမ်းကိုရေးသားရာ၌ တဝင်သမျှ အပ်သမျှ ကျမ်းဂန်များကို ညှိယူကာ၊ မယုတ်လျော့ ခပ်မှန်မှန်ကလေး လောက်သာ ယူ၍ ရေးသား ရပါ သဖြင့်၊ ပညာရှင် အပေါင်း သူတော်ကောင်း တို့သည်၊ အပြစ်မြင်က-အသစ် ပြင်၍ ယူ တော်မူကြပါ၊ စပ်ဆင်ရန် မရှိ ပြင်ဘဲ၊ မေတ္တာတရား ရှေ့ထား၍ ညွှန်ကြား ချီးမြှင့်တော် မူကြ စေလို ပါသည်။

သို့ဖြစ်ရကား ဤကျမ်း၏ အနှစ်သာရကို တန်ဖိုးကြီးမြင့် သလောက်၊ ထိုထိုသော ကျမ်းများ၏ ဂုဏ် သင်ရ စွမ်းပကား များ သာဖြစ်၍၊ ထိုကျမ်းပြု ပုဂ္ဂိုလ်များကိုသာ ချီးမွမ်းသင့်ပါ ကြောင်း။ ဤကျမ်း၌ အပြစ်တစုံတရာ တွေ့ခဲ့ပါမူကား၊ ထိုထို ကျမ်းများနှင့် မသက်ဆိုင်၊ ဤကျမ်းပြုသူ မိမိ တဦးတည်း၏ အပြစ်တော်ဝန်သာလျှင်ဖြစ်ကြောင်း ဝန်ခံအပ်ပါသတည်း။

အသျှင် ဝဏ္ဏဓဇ

ပါဠိဋ္ဌာန

ရန်ကုန်တက္ကသိုလ်၊

၁၀-၁၀-၅၁

ဘုန်းတော်ခြောက်ပုံ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားအား ရှိခိုးပါ၏။

# တရားဦး

ယခုအခါ ဆွေးမျိုးသားချင်းထဲက ရဟန်း ဦးပဉ္ဇင်းတပါး ဖြစ်သွားလျှင် သိမ်ဝအထွက်မှာဖြစ်စေ၊တရားနာမဏ္ဍပ်ထဲ ရောက်လျှင် ဖြစ်စေ၊ "အရှင်ဘုရား တ ရား ဦး ကလေးများ ဟောတော်မူပါဦးဘုရား" ဟူသောတောင်းပန်သံမျိုး မကြာခဏ ကြားခဲ့ရသည်၊ အချို့ရဟန်းသစ် တောရပ် မှီးဟော နည်းဟု ဖြင့်ဆင်ထုပ်ပိုးနေလျှင်၊ သက်ဆိုင်ရာ ဒကာ ဒကာမ များက "တရားဦး ကလေးများ ဟောခဲ့ပါဦး ဘုရား" ဟု ပန်ကြား လျှောက်ထားလေ့ရှိကြ၏၊ ထိုသို့ တရားဦးဟော ခြင်း အလေ့ အထသည်၊သိဒ္ဓတ္ထကုမာရမင်းသားဘုရားအဖြစ် သို့ရောက်ပြီး-ဂေါတမဗုဒ္ဓ မြတ်စွာသခင်ဟု ထင်ရှားတော်မူ ပြီးနောက် ရှေးဦးပထမ ကျေးဇူးမကင်းရာ မကင်းကြောင်း ဖြစ်သည့် ရဟန်းငါးပါးအစုအဖွဲ့အား ဗါရာဏသီ မိဂဒါဝုန် ဒေသတွင် "တရားဦး" အဖြစ်ဖြင့် ဓမ္မစက္က ပဝတ္တန သုတ်တော်ကို၊ဟောတော်မူခဲ့သည်မှ စတင်ပေါ်ပေါက် လာသော သာသနာ့ထုံးတမ်းတခုဖြစ်ပေသည်။

## ဓမ္မစက္ကပဝတ္တနသုတ် ဆိုသည်မှာ

အဘိဓါနပ္ပဒီပိကာကျမ်း အနေကတ္ထဝဂ်လာ ဓမ္မ၏ အနက် ၁၄ ချက် ကား

သဘော, ပရိယတ်, ပညာ, အသင့်, သစ္စာ, ပကတိ,ကောင်းမှု, ဥဒေယျတရား,ကျေးဇူး, အကျင့် - သမာဓိ, နိဿဏ္ဍ, အာပတ်,အကြောင်း ဟူသတည်း။

**စက္က** အနက် ၁၄-ချက် သော်ကား၊ ရထားဘီး, စက်လက္ခဏာ,ဓမ္မစက်, သင်တုံးစက်, ဣရိယာပုထ်, သမ္ပတ္တိစက်, စကြာရတနာ,စက်ဝန်း, စစ်သည်, အိုးထိန်းစက်, အာဏာစက်,လက်နက်,အသူ,အစု ဟူသတည်း၊

**ပဝတ္တန** ကား-ဖြစ်ခြင်း,သဘောတရား,ရေအယဉ်, လှုပ်ရှားစေခြင်းစသော အနက်များ ဟောနိုင်ပေသည်။

**သုတ္တ** သည် မြတ်သော စကား, အဂ္ဂဆေးရည်, ချည်, ဆိုင်သူဟူ၍ အနက် ၄-ချက်ဟောပေသည်။

ထိုကြောင့်ပင်လည်း ဘာသာ ပြန်ဆိုရာ၌၊ ဆရာများသလောက် အယူအဆ ဝိဝါဒကွဲပြားခဲ့သေသည်၊အနက်ရနိုင်တိုင်းသော ဖော်ပြရလျှင်၊ အဓိသား အသိမ်းကြ ဖြင်ခနေပေလိမ့်မည်၊ ထိုအတွက်ပင် ဗုဒ္ဓဘာသာသည် တိဗက် စသောဒေသ၌ မဟာယာနဂိုဏ်းဟူ၍၎င်း၊ သိဟိုဠ်, မြန်မာပြည်, ယိုးဒယား စသော တောင်ပိုင်း ဒေသ တို့၌ ဟီနယာနဂိုဏ်းဟူ၍၎င်း၊ဂျပန်၌ ဇင်န်းဝါဒဟူ၍၎င်း၊ဘုရျိုးဝါဒဟူ၍၎င်း၊ အခြားသောအာရှ ဥရောပဒေသတို့၌ ထေရဝါဒဟူ၍၎င်း၊ ဗုဒ္ဓဝါဒဟူ၍၎င်း၊ အမျိုးမျိုး အဂိုဏ်းဂိုဏ်း ကွဲနေရပေသည်။ ပင်ရင်းမူလအားဖြင့်ကား-ဘုရားတဆူတည်း၏ ဝါဒပင် ဖြစ်ချေသည်။

မဟာယာန ဂိုဏ်းသား တို့က ဓမ္မစကြာ တရားတော်ကိုရှုတ်ဆိုလျှင်၊ရထားဘီး, ပုံတောင်းစက် အဝိုင်းကြီးတွင်၊ စုပ်ပုံ

များ ရေးချယ်သုလုပ်ထားသ၍၊ လက်ဖြင့် လှည့်ကာ လှည့်ကာ ရွတ်ဆိုကြသည်။ ဂျပန်ကျွန်း ဖုန်းဝါဒကမူ- ဘုရား စေတီ အဝိုင်း ပတ်ပတ် လည်ကာ လည်ကာ စည်ကလေးကို တီး၍ ရွတ်ဆိုကြသည် သိဟိုဠ် အမရပူရဂိုဏ်းသား မြန်မာပြည် ဗုဒ္ဓဘာသာဝင်များနှင့် ယိုးဒယားမြန်မာဂိုဏ်းသားတို့မှာ၊ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ရဟန်းတို့အား တရားဟောဒေသနာကို အာရုံပြု၍ ငြိမ်သက် တည်ကြည်စွာ ပုဆစ်တုပ်လျက် ရွတ်ဖတ်သရဇ္ဈာယ်ကြပေသည်။

ထို့ကြောင့် ဥရောပတိုင်း ပညာရှိ တီ-ဒဗလျူ-ရိုက်စ်ဒေးဗစ်ဒ်(T.W.Rhys Davids M.A.Ph.D.)က "ဗုဒ္ဓဘာသာကျမ်း" တွင်၊ ခရစ်သက္ကရာဇ် ၁၈၉၀-ခုက၊ ဤသို့ရေးထားလေသည်။

## Page 45 "Buddhism"

Gautama replied by explaining the fundamental truths of his system, an exposition preserved in the Dhamma Cakka pavattana Sutta, the Sutta of the Foundation of the kingdom of Righteousness This expression is usually translated, 'Turning the wheel of the law', which while retaining the Buddhist figure of speach, fails to represent the idea the figure was meant to convey; the rendering in the text gives up the figure in order to retain the underlying meaning. The 'Cakra' (Pali Cakka) is no ordinary wheel, it is the sign of dominion, and a 'Cakravarti' is he who makes the wheels of his

chariot roll unopposed over all the world-a universal monarch. Dharma(Pali Dhamma) is not law, but that which underlies and includes the law,-a word often most difficult to translate and best rendered here by truth or righteousness; whereas the 'word 'Law' suggests ceremonial observances, outward rules, which it was precisely the object of Gautama's teaching to do away with. Pravartana (Pali pavattana) is 'setting in motion onwards' the commencement of an action which is to continue.

The whole phrase means, therefore, 'To set rolling the royal chariot-wheel of a universal empire of truth and righteousness'; but this would sound more grandiloquent to us than the original words can have done in the ears of Buddhists, to whom the allusion to the Chakra was familiar through its connection with ancient Hindu mythology. As we cannot, therefore make use of this figure without adding explanatory words which spoil its simplicity-it is neccessary to choose another, and the one used above is at once exact and appropriate.

၎င်း၏အာဝေဘာဂဒ္ဒရေ-"တရားဘီးကို လှည့်တော်မူခြင်း ဟူ၍၎င်း၊မှန်ကန်ခြင်း သစ္စာတရားတော်တည်းဟူသော ပကြီး ဝဋ္ဋကြီး၏ ရထားဘီးတော်မြတ်ကို လှည့်ပတ်သွားစေတော် မူခြင်း"ဟူ၍၎င်း အနက်ရသတတ်၏ သို့သော်-၎င်းအနက်မျိုး ပေးရာ၌၊သူကိုယ်တိုင် ရဲရဲဘွဲ့ကြီး မသုံးဖြစ်နိုင်ခဲ့ပေ။

တဖန်-"ဓမ္မစက္ကတိ ပဋိဝေဓဉာဏော ဒေသနာဉာဏော စ၊ ဗောဓိပလ္လင်္ကေ နိသိန္နဿ ဟိ စတူသု သစ္စေသု ဥပ္ပန္နံ ဒွါ ဒသာကာရံ ပဋိဝေဓဉာဏာဒ္ဓိ၊ဣသိပတနေ နိသိန္နဿ ဒွါဒသာ

ကာရာယ သစ္စ ဒေသနာယ ပဝတ္တိတံ ဒေသနာဉာဏမ္ပိ ဓမ္မစက္ကံ နာမ" ဟူသော သံယုတ္တ အဋ္ဌကထာ အရ မှုကား၊ ဘုရား မြတ်စွာသည် အမှုရာဇိတ ရွှေပလ္လင်တော်၌ သိတင်းသုံးတော်မူစဉ်၊ သစ္စာလေးပါးတရားတို့ကို သစ္စ, ကိစ္စ, ကတ, တည်းဟူသော သုံးပါးသော အပြန်, ဆယ့်နှစ်ပါးသော အခြင်းအရာ တို့ဖြင့် ထိုးထွင်း သိမြင်တော် မူသော ပဋိဝေဓဉာဏ်တော်, ဣသိပတနမိဂဒါဝုန်တော၌ သိတင်း သုံးတော်မူစဉ်-ထိုတဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် သစ္စာလေးပါးကို အပြန်အမှန်ဟောကြားတော်မူသော ဒေသနာဉာဏ်တော်, ဤဉာဏ်တော် နှစ်ပါးလုံးသည် ဓမ္မစက္က မည်တော်မူ၏။

"ပဝတ္တန" ဟူသည်မှာ၊ "ပဝတ္တေတိ, ပဝတ္တိတံ" ဟူသော စကား ကို အဋ္ဌကထာဖွင့်ပြချက်အရ၊ ထိုသစ္စာလေးပါး မြတ်တရားတို့ကို တပ်ရဝန္ဒ ဒါဒသာကာရဖြင့် ဟောပြ ဖွင့်တော် မူသော ဒေသနာ ပဝတ္တ တရား စကားတော် ဟု ဆိုလိုသည်။

"သုတ္တ" ဟူသည်မှာ၊ "အတ္ထံ သူစေတိ ပကာသေတီတိ သုတ္တံ" ဟူသော ဝစနတ္ထ အရ၊ ကွယ်ဖျက် တိမ်မြုပ် နေသော အနက်အဓိပ္ပါယ်ကို ထင်ရှားပေါ်လွင်သိမြင်လေအောင် ဖော်ပြတတ်သော တရားအစဉ်၊ သို့မဟုတ်- စကားအစီအစဉ်ကို ဆိုလိုသည်။

ထိုကြောင့်-"ဓမ္မစက္ကပဝတ္တနသုတ္တ" ဟူသော စကားကို၊ ဘုရားရှင်ကိုယ်တော်မြတ်၏ ဒေသနာဉာဏ်တော်ဖြင့် သစ္စာ

လေးပါးတရားကို သုံးပါးသောအပြန်၊ တဆယ့်နှစ်ပါးသော အခြင်းအရာအားဖြင့် သိသာထင်ရှားလာအောင် ဟောပြ ညွှန်ကြားတော်မူသော တရားစကားတော်-ဟု ဆိုရပေမည်။

ထေရဂါထာနံပါတ်(၈၂၄)ဝိသတိနိပါတ်-သေလထေရ ဂါထာ၌ကား၊ 'ဓမ္မစက္ကံ ပဝတ္တေမိ စက္ကံ အပ္ပဋိဝတ္တိယံ' ဟုရင်း။

နံပါတ်-(၈၂၅) ၌ 'ဓမ္မေန စက္ကံ ဝတ္တေမိ·ဣတိဘာသသိ ဂေါတမ' ဟုရင်း။

နံပါတ်(၈၂၆)၌'ကောတေဣမံအနုဝတ္တေတိ'ဓမ္မစက္ကံပဝတ္တိတံ' ဟုရင်း။

နံပါတ်(၈၂၇)၌'မယာပဝတ္တိတံစက္ကံ ဓမ္မစက္ကံ အနုတ္တရံ' ဟုရင်း ပါရှိနေလေရာ ဓမ္မစက္က ပဝတ္တန သုတ်ဟူသော အမည်၏ပင်ရင်း အဓိပ္ပါယ်မှာ ထောက်ယူ၍ မလွယ်သည်ပေ။

“သဒ္ဒါ ဆန်းကျသော်၊ နည်းလေးသွယ် ဓိပ္ပါယ် သိန်းသန်း လွန်” ဆိုသလို ပုဒ်တခု၏ အနက် အဓိပ္ပါယ်ကို သဒ္ဒါနည်း ဆန်းနည်း နည်းလေးသွယ် သံဝဏ္ဏနာတို့ဖြင့် ဖွင့်ထုတ်ခဲ့ထွင် ကာ၊ ရှုနိုင်သရွေ့ ယူမည်ဆိုလျှင် သိန်းသန်းမက များပြားပေ သည်။ နေရာဒေသ ကာလအချိန် ကွဲပြား ခြားနားသလောက် အယူအဆကွဲပြားသည်မှာ ဓမ္မတာပင်ဖြစ်၏။

မည်သို့ပင် ဖြစ်စေ “တဒုပရောဓေ၊ ဇိနဝစန ယုတ္တံဟိ” ဟူသည်နှင့်အညီ၊ ဘုရားအလိုတော်ကျ ဖြစ်ဖို့ရန် အရေး ကြီးပေသည်၊ ယုတ္တိ ယုတ္တာလည်း ရှိရမည်၊ ကြံကြံဖန်ဖန်

လတ်ကတ်သတ်သတ် အဆင့်တက်နှစ်ဆင့်တောက်ကြွေ့လည် ရှောင်ပတ် တွေးကြည့်ယူဆနေစရာ လိုမည်မထင်ပေ။

ဦးဦးတို့ ဥာဏ်မှီ သနလောက် ယူဆ ကြသည့် နှုံးကိုမူ အဖြစ်တင်ဘွယ်မရှိ။ ထိုပုဂ္ဂိုလ်များ၏ ယူဆချက် တို့ကို သင်နှင့်သော ကြောင့် အမြင်ကျယ်သာမှုကိုပင် အထူး ချေးဖူး တင်ဘွယ်ဖြစ်ပေသည်။ "ငါကျောင်းနေ သင်္ဂါထာ-တင်ရော ယပ္ပဒိသန်း" ဆိုဘိသကဲ့သို့ ကဲ့ပြား ခြားနားချက်ရှိသေးနဲ့မည် ဖြစ်၏၊ ဦး၏ အာသောဘ်နှင့် မတိုက်ဆိုင်ပိုင်း၊ နဒီပဒ နှင့် ဆင့်ကျင်နောင်ပိုင်း အပယာဏအာနဏ ရှိ.ချက်ခဲ့နေစရာ မလိုချေ၊ အဖြစ်ကိုမမြင်တဲ့ အသစ်ဖြင့်ရှုသာတွေ့တော့သည်၊

သင်ဂေယျ သင်္ကြိုတ္တွာနံ
သဗ္ဗသုတ မဒိယေယျ
သဗ္ဗသ အညံဝေနေယျ
နိစသဗ္ဗ ပယောဂဇယော။

ပေါ်မှုပေတ်မည့် အတက် ဟူသမျှကို သင်နောင်းနှင့်၊ ဗဟု သုတဆိုင်ရာ အသစ်ရော အဟောင်းရော ကောင်းသော ကောင်းသော ဗိဇာကျယ်မနေ့ဘဲ အားလုံးကုန် သင်္ဂြိုဟ်ပြီး ခေတ်ယူပြတ်သားထားအပ်၏။ တတ်ထားသမျှအတတ်ပညာ သိဖြင့်ထားသမျှ ဗဟုသုတတို့၏ အကျိုး သင်တောင်တရား အနက် အဓိပ္ပါယ်ကိုလည်း သိအောင် မြင်အောင် ထင်အောင် လုပ်ထားရာ၏။

ထိုသို့ပင် ဖြစ်သော်ငြားလည်း အသုံးပြုရာ ကာလကြုံရာ၌ မူကား၊ အားလုံးကုန် သင်္ဂြိုဟ်ပြီး သေးသုံးစွဲရာ၊ ဘောင်းမှန်စွာ

အကျိုးရှိသည်ကိုသာ, ယုတ္တိရှိ၍ ဘုရားအာဘော်ကျမ်းမှပင် ယူငင်ယှဉ်တွဲသုံးစွဲရာ၏။

ဟူသော ဂါထာ ဆုံးမချက်အရ ဓမ္မစက္က ပဝတ္တနသုတ်နှင့်ပတ်သက်သော ဗဟုသုတဟူသမျှကို နိုင်သရွေ့ ရှာဖွေစုဆောင်းကာ တင်ပြလိုက်ပါ၏၊ သို့သော် ကောင်းနိုး ရာရာကြိုက်မှသာယူငင်မှတ်သား၍ ဘုရားအာဘော်ကျ ကျင့်ကြံကြမှသာ လိုရာခရီးသို့မြန်မြန်ကြီး ရောက်နိုင်ကြပေမည်။

''လိုလျှင်စိုက်ထုတ် ပိုလျှင်နှုတ်'' ''လိုလျှင်ဖြည့်စွက် ပိုလျှင်ဖျက်''ဆိုသည့် တာဝန်ကား ပညာရှိဘိုးဘွား တို့၏ ကျေးဇူးကြီး ဖြစ်ရပေတည်း။

အချို့ဆရာကြီးများကသစ္စာလေးပါးတရားကို လည်ပတ်စွာ နားလည်စေသောစကားမြတ်ဟု ယူကြသည်၊

အချို့ကမူပတ်ဝိုင်းလှည်းဘီးကို အသွန်ကျွမ်းကျင်သော ရထားသမားသည် လည်ပတ်စေသဖြင့် လိုအပ်သောခရီးသို့ ဆိုက်ရောက်စေသကဲ့သို့၎င်း၊ စကြဝတေးမင်းသည် စကြာရတနာကို လည်ပတ် စေခြင်းဖြင့် မိမိဆန္ဒရှိရာကို အတား အဆီးမရှိ သွယ်လင့်တကူ ခရီး ရောက်နိုင်ဘိ သကဲ့သို့၎င်း ရထားစက်ဘီး စကြာရတနာနှင့်တူသော တရား တော်မြတ် အမျိုးအစကို လည်ပတ်စေသကဲ့သို့ ဟောတော် မူသဖြင့် ဘုရားရှင်သည်မိမိနှင့်တကွသော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား သစ္စာလေးပါးတရားကို သိစေခြင်း နိဗ္ဗာန်ကို ရစေခြင်း ပြုတော်မူသည်၏ အကြောင်းကြောင့် ဓမ္မစက္က ပဝတ္တန

အမည်ရသောစကားတော်မြတ်ဟု အဓိပ္ပါယ်ရကြောင်း ဆို
လေသည်။

ဆရာတဦးကမူ သစ္စာလေးပါး တရားတော် တည်းဟူ
သော ကော်ဝိုင်းလှည်းဘီးကို ဟောညွှန် ပြသခြင်းဖြင့် လည်
ပတ်စေသော စကားတော်မြတ်ဟုဆိုပြန်သည်။

## ဤကျမ်းအယူ

ယခုခေတ်တိုင် အသုံးပြုနေ ကြသည့် 'အဘိဓမ္မာသင်္ဂဟ စက်လှည့်သည်'ဟူသော စကား ဝေါဟာရကို ကြား
ဘူးကြပေလိမ့်မည်၊ လေးဘက် လေးတန် ပတ်ပတ်လည်မှ
နည်းမျိုးစုံ မှိုသရွေ့ဖြာ တစုံတခုသော အနက် အဓိပ္ပါယ်
သရုပ်ကို ပေါ်လွင်စေရန် လှည့်ပတ် ရှင်းလင်း ပြသည်ကို
"စက်လှည့်သည်"ဟုခေါ်သည်။စက်ကား'ပဋ္ဌာန်'လှည့်သည့်
ကား 'ပစ္စယ'ပင်တည်း။ထို့ကြောင့်ဓမ္မစကြာပဝတ္တန သုတ်ဆို
သည်မှာ သစ္စာလေးပါး မြတ်တရား၏ အနက် သဘောကို
ကျကျနနကြီး သိမြင်ထင်ပေါ် လာလေအောင် စက်လှည့်
ပြတော်မူသော စကားတော်မြတ်ဟု ယူဆလိုပါသည်။

ဓမ္မကိုတရား, စက္ကကို ဒေသနာ,ပဝတ္တနကို ဖြစ်စေသော,
သုတ္တကို စကားတော်မြတ်ဟု ယူ၍ တနည်း အားဖြင့် တရား
ဒေသနာတော်မြတ်ကို ဖြစ်စေသော စကားမြတ်ဟု ယူဆ လို
ပါသည်။ အကြောင်းမူကား-တရားဒေသနာသည်,မြတ်စွာ
သခင်-မိဂဒါဝုန် တော၌ ဤဓမ္မစကြာ တရားတော်ကို ဟော
တော်မူသည်မှ အစ- ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်း
ဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်ခါနီး ဟောတော်မူသော ပစ္ဆိမ

ကထာ တိုင်အောင်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကိုပင် ခေါ်ပေါ် သောကြောင့်တည်း။ ထိုကြောင့် တရား ရတနာဟူသည်၊ ဤဓမ္မကြီးဒေသနာမှအစ ပြုခြင်း ကြောင့် ဤသုတ်တော်ကို ဓမ္မစက္ကပဝတ္တနသုတ်ဟုခေါ်သင့်ပေ သည်။

တနည်းအားဖြင့် ထေးစက်ဘီးကို လည်ပတ် ရွေ့လျား သွားစေဘိသကဲ့သို့ ဥပစာရ တင်စားသောနည်းအလျောက် တရားတော်မြတ်ကို ဟောကြားညွှန်ပြတော်မူသည့် စကား တော်မြတ်ဟု အဓိပ္ပါယ်ရသင့်ပေသည်။

## ဗုဒ္ဓဘုရားဖြစ်တော်မူရန်

ထိုမှနောက်၌ ထိုသုတ် ဒေသနာကိုဟောတော်မူသော ဗုဒ္ဓသခင် သုံးလူ့ ရှင်၏ အကြောင်းခြင်းရာကို အကျဉ်းမျှသိသင့်သေး၏။

အိန္ဒိယ နိုင်ငံ မဇ္ဈိမ ဒေသ ကပိလဝတ်ပြည်ရှင် ဘုရင် သုဒ္ဓေါဒနနှင့် မာယာဒေဝီ မိဖုရားကြီး တို့အသား၊ မဟာ သက္ကရာဇ်-၆၈-ခုနှစ်၊ (ခရစ်မပေါ်မီ-၅၆၃-ခုနှစ်) ကဆုန်လပြည့် သောကြာနေ့၌ လုမ္ဗိနီအင်ကြင်းဥယျာဉ်ဝယ် သားတော်ကောင်းရတနာ အလောင်းအလျာဘုရား ဖွားမြင်တော် မူလေသည်။ နာမည်တော်အားဖြင့် "သိဒ္ဓတ္ထ မင်းသား" ဟုခေါ်တွင်သည်။ ကာဠု, ယသော်, ညီတော်နန္ဒ, ကဏ္ဍက, သေဏ္ဍ, ဗုဒ္ဓဟောဘိကား ဖွားဘက်တော် ခုနစ်ပါးတို့တည်း။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်၏ နောင်ရေး အတွက် ဗေဒင်မေးရာ ကောဏ္ဍညပုဏ္ဏားက "ဘုရားဧကန်

ဖြစ်လိမ့်မည်”ဟု ဟောလေသည်၊ မယ်တော်မာယာ မိဖုရား
ကြီးသည်လည်း မကြာမီဘဝနတ်ထံ ကြွမြန်း စံလေရကား
မိထွေးတော်ပဇာပတိ ဂေါတမီကပင် မွေးမြူ ပြုစုခဲ့ရလေ
သည်။ အသက် ၁၆-နှစ်ရွယ်တွင် ယသောဓရာမင်းသမီးနှင့်
လက်ထပ် ထိမ်းမြား၍ ရမ္မ, သုဘ, သုခမ္မ နန်းမ သုံးဆောင်
ဖြင့် ဘိန်းပြောင်တင့်တယ် ဘုန်းမျိုးကြွယ်သျှက် စံပယ်တော်
မူလေသည်။ ၁၃-နှစ်မျှ စံစားတော်မူပြီးနောက် အသက် ၂၉
နှစ်တွင် သားတော်ရာဟုလာကို ဖွားမြင်ရရှိလေသည်။

မင်္ဂလာဥယျာဉ်သို့ ထွက်စံကြွမြန်းတော်မူရာ လမ်းခုလယ်
တွင်-သူအို, သူနာ, သူသေ, ရဟန်း, တည်းဟူသော နိမိတ် များ
ကိုတွေ့မြင်ရသဖြင့် တရားသံဝေဂ ရနေစဉ် အတွင်း မှာပင်
သားတော်ရာဟုလာ ဖွားမြင်ကြောင်း ကြားသိ ပြန်ရကား
ရွှေနန်း စည်းစိမ်စသော ကာမဂုဏ် နယ်ပယ်၌ ပျော်ပိုက်
တော် မမူတော့ဘဲ- သား ရတနာနှင့်မိဖုရားတို့ကိုပင် စွန့်ပစ်ခါ
ညကြီးသန်းခေါင်၊ ဆန္နအမတ်နှင့်အတူ ကဏ္ဍကမြင်းကို
စီးလျက် တောထွက်တော်မူခဲ့လေသည်။

အနောမာမြစ်တဘက်ကမ်းသို့ရောက်လတ်သော် သိဒ္ဓတ္ထ
မင်းသားသည်၊ ဖန်ခါသင်္ကန်း လဲလှယ်ဆင်မြန်းလျက် ဆန္န
အမတ်နှင့် ကဏ္ဍကမြင်းတို့ကို နန်းရင်သို့ ပြန်စေတော်မူ၏။
အမျိုးအနွယ်တော်အားဖြင့် ဂေါတမမျိုးရိုးဖြစ်တော်မူရကား
၎င်းအားဂေါတမရဟန်းကြီး ဟုတွင်သတည်း။ ထိုမှနောက်၌
ဆရာကောင်းများကို စုံမမ်းရှာဖွေလေရာ လောကီ ဈာန်ရှင်
ဆရာ အာဠာရ-ရသေ့ကိုတွေ့၍ နည်းခံသင်ယူသဖြင့် ဈာန်

သမာပတ် ခုနစ်တန်သာ ရလေသည်၊ နောက်ဥဒကရသေ့ထံ ထင်မံသင်ယူပြန်လေသော် သမာပတ် ရှစ်တန် အထိသာ ရသောကြောင့်၊ ၎င်းတို့ထံမှ ဖဲခွာလာပြီး၊ တပါးတည်း တရား စစ်တရားမှန်ကိုရရန် ကြံဆကြိုးစားလေသည်။

ခြောက်နှစ် ပတ်လုံး အပင်ပန်းခံ၍ ရှာကြံ ကျင့်သုံး ပါသော်လည်း ကိုယ်ခန္ဓာသာ ပင်ပန်း၍ စခန်းမရောက်ဖြစ်နေ ရှာလေသည်၊ ထိုသို့ဒုက္ကရစရိယာခေါ် ခဲယဉ်းစွာ ပြုအပ် သော အကျင့်ကို ခြောက်နှစ် ပတ်လုံး ကျင့်တော် မူနေစဉ် ရဟန်းငါးပါးတို့က ပြုစုလုပ်ကျွေးကြ လေသည် ၎င်းတို့အထဲ တွင် သိဒ္ဓတ္ထမင်းသားဘဝက ဗေဒင်ဟောခဲ့ဘူးသူ ကောဏ္ဍည ပုဏ္ဏားလည်း ပါဝင်လေသည်။

ဂေါတမ ရဟန်းသည်၊ ဥရုဝေလတော သေနာ နိဂုံး၌ တရားအားထုတ် တော်မူနေသော အခါပေတည်း၊ သူစိတ် ထဲ၌ ထင်းစတချောင်းကို ဥပမာဆင်စွဲ မှတ်ထင်လေသည်။

ရေစိုနေသောထင်းစိမ်းကို မီးမွှေး၍မရ၊

ရေမစိုသော်လည်း ထင်းစိမ်းကို မီးမွှေး၍ မရ၊

ရေလည်းမစို ခြောက်လည်း ခြောက်နေသော ထင်းမှ သာလျှင် မီးမွှေး၍ရ၏။

ကောင်းပြီ။ ကိလေသာ စိုစွတ် နေသော ကာမဂုဏ် သားသည် တရားထူးကိုမရနိုင်။

ကိလေသာ မစိုစွတ်သော်လည်း ကာမဂုဏ် သားသည် တရားထူးကိုမရနိုင်။

ကိလေသာလည်း ကုန်ခမ်းမှ ကာမဂုဏ် တရားလည်း ခြောက်သွေ့ ကုန်စင်ပြီးသူမှသာ တရားထူးရနိုင်မည်။

သို့ဖြစ်၍ကား တရားထူးအောင် ကိလေသာ ကုန်ခမ်းသည့်အထိ အစားစားဘူး- ရေမသောက်ဘူး- လေမရှူဘူး ဟုသည်ဖြင့် ဒုက္ခကြီးဖန်ဖန် ကျင့်တော် မူရာကား၊ လမ်းရှောက် ကြွသွားနေစဉ် တုံးလဲပြီးသတိလစ်သွားရှာတော့သည်။

နောက်သတိပြန်ရလာသောအခါ၊ 'ဤမျှလောက်ပင် ကျင့်၍မှ တရားထူးကိုမရခြင်းသည်ဒါလမ်းလွဲနေလေသလား'ဟုဆင်ခြင်မိရကား-လမ်းမှန်ကို ရှာဖို့ရာ အစာစား- ရေသောက် အသက်ရှူပြီးလျှင် ဖျော့ပယ်ခဲ့ကာ-အာနာပါန ပထမဈာန်ကို ရရှိခဲ့ဖူးသည်ကို သတိရကာ- ၎င်းလမ်းစဉ် အတိုင်း မတင်းလွန်း မလျော့လွန်း ကျင့်ပြန်သည်။ ထိုအခါ အသားတော် အရေတော် စသည်တို့သည်လည်း ရှေးကကဲ့သို့ပင် ပြည့်ဖြိုးကြည်လင်၍ လာပြန်တော့သည်။

### ကောဏ္ဍညတို့ပါတီခွဲခြင်း

ပဉ္စဝဂ္ဂီ အမည်ရ သော ကောဏ္ဍည အမှူးရှိသော ရဟန်း ငါးပါးတို့သည်၊ ထိုအခြင်းအရာကို တွေ့မြင်လေသော်၊ စိတ်ပျက်စပြုသွားကာ-အလောင်းတော်ဂေါတမ ရဟန်းအပေါ်၌ အထင်အမြင်သေးပြီးလျှင် "သည့်ရဟန်းကြီး ဂေါတမသည် ကမ္မဋ္ဌာန်းမှ လျှောကျပြီ-လာဘ်လာဘ ကူအောင်သာ ကျင့်နေပြန်ပေါ့"ဟု ဆိုမြည်တမ်းကာ၊ မိဂဒါဝုန်တောဆီသို့ ရွှေ့ပြောင်းသွားကြလေ၏။

**ဗုဒ္ဓဖြစ်ပြီ**

မဟာသက္ကရာဇ်၁၀၃-ခုနှစ် (ခရစ်မပေါ်မီ ၅၈၅-နှစ်)ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သက်တော်(၃၅)နှစ်ရှိတော်မူပြီ ဖြစ်သော ဂေါတမ ရဟန်းသည် နံက်စောစော ကပင် ဒေသနာ နိဂုံးသူ "သုဇာတာ" သူဌေးကတော်ကလေး၏ နို့ဆွမ်းခဲကို (၄၉) လုပ်မျှဘုဉ်းပေးတော်မူ၏။နောက်-နေရဉ္ဇရာမြစ်ဆိပ်ကမ်းတွင် ရေသုံးသပ်တော်မူ၍ ရင်အနီး တောအုပ်ဝယ် တနေ့ပတ်လုံး တရားအားထုတ်တော်မူလေသည်၊ ညနေချမ်း အခါ ဗောဓိ ညောင်ပင်ရင်း၌ မြက်ခင်းများ ဖြန့်ခင်းပြီး ထက်ဝယ် ဖွဲ့နွဲ့ ထိုင်နေတော်မူကာ "မည်သို့ပင်ဖြစ်စေ၊ဘုရားဗုဒ္ဓ မဖြစ်သမျှ ဤနေရာမှ မထတော့ပြီ" ဟု အလွန် ထက်သန်သော ဇွဲဖြင့် အကြံတ်အနယ် ကြိုးစားခဲ့၍ မိန္နာန် ဆုံဖြတ်လျှက် သိတင်း သုံးတော်မူလေ၏။

ဉာဏ်သမာပတ်တို့ကို စောစောတုန်းကပင် အရခြဲ ရပြီး ဖြစ်၍၊ ကိလေသာအနှောက်အယှက်တို့မှ ကင်းဝေး ရကား စိတ်အစဉ်မှာ အလွန်သန့်ရှင်းတော်မူလျှက် ရှိနေလေသည်၊ ရှေ့ဖြစ်ဟောင်း နေအောင်းမေ့ ဘွယ် တို့ကို မှန်းဆ စဉ်းစား လေရာ ညသယံနာဂါအတွင်းလောက်မှာပင် ရှေးရှေး ကမ္ဘာ ကနေ့ များစွာတို့၌ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြတ်ပြတ် သား သား ထင်ထင်ရှားရှားကြီးသိသော ဉာဏ်ဟူမျိုးဖြစ်ပေါ်လာ လေသည်။(ပုဗ္ဗေနိဝါသာနုဿတိဉာဏ် )ဟူသည့်တည်း။

ထိုသို့သိမြင်လာခြင်းကြောင့် ခန္ဓာငါးပါး နုပ်နာမ် တရား တို့ ချုပ်ပုံဖြစ်ပုံ၊မတည်မြဲပုံနှင့် ကိုယ်ထဲက အတ္တခေါ် လိပ်ပြာ

ဝိညာဉ်ဟူသည်လည်း မရှိကြောင်းကို သိလာ လေသည်၊ သင်္ခါရသည် သဘာဝသာရှိ၏။ သေကပြီးပြတ်၏ နောက်ထပ် မဖြစ်ပြီ-စသော၊ ဥစ္ဆေဒ ဒိဋ္ဌိခေါ် အယူများနှင့်,အသစ်သာ ပေါ်လာသည့် သင်္ခါရသည်၊ အဆက်အသွယ်များ ရှေးက မရှိ-ဟု ယူမှားသော (နာသင်္ခါရပါတုဘာဝဒိဋ္ဌိ) တို့လည်း ကင်းရှင်းသွားတော်မူလေပြီ။

ထိုနောက်သန်းခေါင်ကျော်နာရီပြန်တချက် တီးလောက် ဖွင့် သင်္ခါရတို့အရေး တွေးတော လေ့လာ သောကြောင့် (ဒိဋ္ဌိသက္ကာ)ခေါ် သုံးဆယ့်တဘုံ၌ ခံကုန် ပကုန်သော၊ ပူနှိပ် ဖြစ်ပျက်သော သင်္ခါရတို့ကို မျက်ပါးထင်ထင် တွေ့မြင် နိုင်သည့် အာသန္နဉာဏ်တမျိုးကို ရလာ လေသည်။ ထိုကြောင့်လည်း သင်္ခါရများ၏ ခံနိုခံမှု ကွဲပြားပုံကို လေ့လာတော်မူလေ သော် ကုသိုလ်ကံ အကုသိုလ်ကံ၏ ဖြစ်ပုံ အကျိုးပေးပုံတို့ကို သိလာလေသည်၊ (ယထာကမ္မူပဂဉာဏ် ဟူသည်တည်း၊

ထိုအခါသင်္ခါရတိုင်း မိမိပြုအားသောကံသာလျှင် သွားရာလိုက်ပါနိုင်သည်ဟူသော(ကမ္မဿကတာဉာဏ်)ကို သိပြန်သည်၊ နောက်တဏှာမကင်းသေးသမျှ ထိုတဏှာ၏ ညွှတ်ကြောင်း ကံသည် ဘဝသစ်၌ ရုပ်နာမ်အသစ်ကို ဖြစ်စေ ပြန်ကြောင်း၊တဏှာနှင့်ကံသည် ကြီးလေးသော တောနန်း များဖြစ်ကြောင်း၊ တဏှာမရှိက ဘဝသစ် မဖြစ်နိုင် တော့ ကြောင်း သိတော်မူလာပြန်လေသည်၊နောက်ထပ် အနိစ္စ, ဒုက္ခ အနတ္တဟု ခန္ဓာ ကိုယ်တော်အား သုံးသပ် ရှုစား သော် ခန္ဓာငါးပါး၌ ငြီးငွေ့စိတ်ဖြစ်ပေါ်လာတော်မူ၏၊ သို့ဖြစ်ရကား

ရုပ်နာမ် တရား၌-အာရုံမပြုဘဲ၊ အခြားချမ်းသာသော တရားဓါတ်ကို စိတ်ရှာဖွေလေသော် တဖြည်းဖြည်း စိတ်အစဉ်သည် ငြိမ်သက် ချမ်းလာ၍ သောတာပတ္တိမဂ်ဥာဏ် ပေါ်လာလေသည်။

ထိုအခါစိတ်၌ရောထွေးပါလာသော ကိလေသာငွေများ လွင့်စင်ကုန်၏၊ ထိုသော်အသျှဉ်းမလွတ်ကင်းသေး၊ထပ်၍ ဟဖန် ပွားများ စိတ်စေသော်မှငြိမ်းသောဓါတ်တမျိုးကို တွေ့မြင်သောဥာဏ်များ ဆက်ခါဆက်ခါ ဖြစ်ပေါ်လာ၍ ကိလေသာတွေ လုံးဝကုန်ခမ်းကာ အရဟတ္တမဂ်ဥာဏ် ပေါ်လာတော်မူ၏။ ထိုဓါတ်လည်းအတိုင်းမသိ အလွန်အလွန် အေးချမ်းကြည်လင်လာခါ ဘာမဆို သိနိုင်သော သဗ္ဗညုတ ဥာဏ်တော်ကြီးကို ရတော်မူလာလေသည်(အာသဝက္ခယဥာဏ်)ဟူသည်ပင်တည်း။

ဤသို့လျှင် ဆရာတပါး-သွန်သင် ပြသခြင်းမရှိဘဲ မိမိ၏ကြိုးစားအားထုတ်မှု ပါရမီတော်ရင့်သန်မှုတို့ကြောင့်၊ကဆုန်လပြည့် ညသန်းခေါင်ကျော်၍ အာရုဏ်မတက်မီအချိန်တွင် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု ဘုရားစစ်အဖြစ်သို့ အောင်မြင်စွာရောက်တော်မူလေသည်။

### တရားဦးဟောရန်

အမျိုး အနွယ် တော် အားဖြင့် သကျသာကီ ဝင်မင်းမျိုး ဂေါတမ-အနွယ်တော် ဖြစ်သ ဖြင့်-ဂေါတမ ဗုဒ္ဓဟုပင် ထင်ရှားတော် မူခဲ့လေသည်။ ထိုကဲ့သို့ ဘုရားဗုဒ္ဓ အဖြစ်သို့ ရောက်တော်မူ ပြီးသော်၊ မိမိရခဲ့သော

တရားသဘော၏ အလွန်နက်နဲ ခက်ခဲ သိမ်မွေ့သည့် အဖြစ်ကိုရင်း၊ သတ္တဝါအများ ကမ္ဘာသူ ကမ္ဘာသား တို့၏ ရာဂ, ဒေါသ,မောဟ,စသော ကိလေသာ လွှမ်းမိုး ပျက်စီးနေပုံကို ငုံး နှိုင်းချိန်တော်မူကာ "ငါတရားဟောလို့မှ ဒင်းတို့ တခေ့ လိုက်နာကျင့်ကြံ နိုင်ပါ့မလား-နားမှ ဆင်ပါ့မလား-မသိုက် မတန်ဘဲ ပေါ့ပေါ့ဆိုချက်၊အချည်းနှီးဘဲဖြစ်နေလေရော့မလား- ဖြုံဖြုံ လို့မှ ရပါ့မလဦးစ" ဟုဆင်ခြင်အောက်မေ့မိတော်မူလာလေသည်။

ထိုအခါ ကာလရှည်ကြာစွာ သတ္တဝါအများအား ငယ် တင်နိုင်ခြင်း,တရားမှ ပြသလှန်သင် နိုင်ခြင်းဌာ အားထုဘဲ ဖြည့်ကျင့်လာသည့်ပင် ဖြစ်သော်လည်း "ငါတရား မဟောဘော့ဘဲ၊ငါဘဦးတည်းနိဗ္ဗာန်ဝင်ရ ကောင်းမလားဘဲ၊ဒါပေမင့်-ကျွတ်လိုက်တဲ့သတ္တဝါများရှိသေးပါက အကျွတ် တရားလေးများ ရသွားကြလေအောင်,ငါနှင့် တပါတည်း နိဗ္ဗာန်သို့ ခေါ်ယူသွားနိုင်လေအောင် တရားတော့ဖြင့် ဟောဦး မှဘဲ" ဟူ၍ ချိုဆုံးချက်ဖြစ်နေတော်မူလေသည်။ အဓွန်စင်စစ် အာ ဖြင့်ကား တရားဟောတော် မူလိုဘိသည်၊ သို့မို့ကြောင့် လည်း ဘဝပေါင်း အသင်္ချေ အသင်္ချေ ပါရမီတော် ဖြည့်ခဲ့ သည်တကား၊ စောစော တုန်းက ကိုယ်တရား အကြောင်းကို ကောင်းကောင်းကြီး သိတော်မူခဲ့စဉ်က သတ္တဝါ များအား အကုသိုလ်ကံမဖြစ်စေနှင့်၊ကုသိုလ်ကံကိုသာ လျှင် ဖြည့်ကျင့် ကြလေ စသည်ဖြင့် တရားဓမ္မတွေ ဟောပြလိုသည့် ဆန္ဒတွေ ဘဖွားဖွား တသိုင်းသိုင်းပေါ်တော်မူခဲ့ ဘူးချေသည်တကား။

ဟောသလည်းဟောမည်ဟုချက်ချင်းပင် ကြံစည်တော်မူလေပြီ။ မဟာကရုဏာတော် ဘက်က ရှိန်ထွင်လျှာ ထွက်ခဲ့ လေသည်။

ထိုခဏ၌ သဟံပတိဗြဟ္မာကြီးသည် လာလတ်၍ "အရှင်ဗုဒ္ဓ တရားဟောတော်မူပါ သတ္တဝါအများ တရားမနာကြားရပါမူ ပျက်စီးခြင်းမလှ ပျက်စီးကြရပါလိမ့်မည်၊ ကျွတ်ထိုက်သူများလည်း ရှိပါသေးသည် "စသည်ဖြင့် တရားဟောရန်တောင်းပန်သာရကား၊ တရားဟောရန် အကြံတော်ကို အတည်ပြုသုံးဖြတ်၍ မည်သည့်သူအားရှေးဦးစွာ (တရားဦး) ဟောရမည်နည်း?ဟု ပဉ္စင်းစား တော်မူ၏၊ ဥဒ္ဒကနှင့်အာဠာရ ရသေ့ကြီးများသည်၊ ကျေးဇူးရှင်များပင် ဖြစ်ကြသော်လည်း အနိစ္စ ရောက်ကုန်ပြီ ဖြစ်ရကား ပါရမီရှင်သန်၍ ကျေးဇူးတရားများသော(ပဉ္စဝဂ္ဂီ)ရဟန်း ငါးပါးအဖွဲ့အား တရားဟောရန် ဆုံးဖြတ်တော်မူလေသည်။

ထို့ဖြင့်၍ ဗာရာဏသီ(ဗာရာဏသီ)ပြည်၌ ရသေ့ရဟန်းများ ကပ္ပဉ္စာန်း ဘာဝနာ ပွားများ အားထုတ် ကြသဖြင့် ငြိမ်းအေးချမ်းမြသော သော်ပြည်သို့သာသွားလေ ရှိသော ဣသိပတန အမည်ရှိ၍၊ သာသမ အပေါင်းတို့ကိုလည်း ဘေးမဲ့ပေးရာ တောဖြစ်သောကြောင့်- မိဂဒါဝုန် အမည်ရှိသော တောရကိုသို့ကြွတော်မူလေသည်။

ဗုဒ္ဓဘုရားနှင့်ငါးပွင့်ဆိုင်

တောာ ဗုဒ္ဓ၊ ဝဇ္ဇ၊
ဘဒ္ဒိယ၊ မဟာနာမ်နှင့်
အဿဇိဟု ဆိုအပ်

သော ရဟန်းငါးပါး အစုအဖွဲ့သည်၊ ဗုဒ္ဓမြတ်စွာကြွလာသည်ကို အဝေးမှ မြင်ကြလတ်သော် "ငါ့ရှင်တို့ ဂေါတမ ရဟန်းကြီးသည် လာဘ်ဆုအောင် ငွေသုံး ပေါများအောင် ရှည့်လည်ကျက်စားလျက် ငါတို့ဆီသို့ ယခု ရှေ့ရှု လာနေလေပြီ ရဟန်းကြီးဂေါတမအား မည်သူမျှအလေးတမူအရေးယူပြီး ခရီးဦးကြိုသော၊ ဝတ်ကြီးဝတ်ငယ်ပြုရသောမလုပ်ကြစတမ်း ထိုင်စရာလေးရလောက်သော ခင်းထားလိုက်ပါ-သူနှစ်သက်က သူ့ဘာသာထိုင်နေပါစေ" ဟု ကတိကဝတ် ထားနှင့် ကြကုန်၏ သို့သော်လည်းမြတ်စွာသခင် ဗုဒ္ဓရှင်၏ ကြည်ညိုဖွယ်ရာသော ကျက်သရေအသွင်ရောင်ခြည်တော်ကိုဖူတွေ့ ကြရလတ်သော် မည်သူမျှဂတိအတိုင်း မရပ်တည်နိုင် အားတော့ဘဲ၊ သူ့ထက်ငါ အလျင်သော ခရီးဦးကြို နှုတ်ဆက်ကြခြင်း, သပိတ် သင်္ကန်းကိုသွမ်းယူခြင်း, ခြေဆေးရေ ခပ်ပေးခြင်း, နေရာခင်းကျင်းပေးခြင်းစသော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို စေတနာသဒ္ဓါတရား ဆက်သန့်စွာ ပြုမိကြလေကုန်၏။ သို့သော်လည်း "ဘုရားသခင် ဗုဒ္ဓ ပင်တည်း" ဟူ၍ကား မစွဲယူ မယုံကြည်ကြသေးသဖြင့်။

ငါးပွင့်ဆိုင်- "ငါ့ရှင် ဂေါတမ, ကျွန်ုပ်တို့ ၏နေရာသို့ ရွှေ့ပြောင်းလာကြပြီးနောက်၊ အသင်မည်ကဲ့သို့ နေထိုင်ကျင့်ကြံခဲ့ပါသနည်း" ဟုမေးမြန်းကြလေသည်။

ဗုဒ္ဓ- ရဟန်းတို့ ငါ့အား "ဂေါတမ" ဟုနာမည်

တပ်ပြီး မခေါ် ကြပါလင့်၊ "ငါ့ရှင်" ဟူ၍လည်း မသုံးစွဲကြလေလင့်၊ ယခုအခါ ငါသည် ဗုဒ္ဓတဆူဖြစ်လာခဲ့ပြီ။ နိဗ္ဗာန်တရားကို မျက်ဝါ ထင်ထင် ငါသိမြင်ခဲ့ပြီ၊ သင်တို့အား ငါ တရားဟောပေအံ့၊ ငါ၏တရားဒေသနာတော် အတိုင်း ကျင့်ကြံအားထုတ်ပါမူကား သင်တို့သည်လည်း၊ ငါဘုရားကဲ့သို့ပင် တရားစစ်၊ တရားမှန်ကို သိလာကြပေလိမ့်မည်၊

ငါးပွင့်ဆိုင်- ခြောက်နှစ်ပါတ်လုံး ကျွန်ုပ်တို့နှင့် အတူ ဆင်းရဲဒုက္ခ အမျိုးမျိုးခံကာ ကျင့်၍မှ ဘုရား ဗုဒ္ဓ မဖြစ်နိုင် ပါဘဲလျက် ယခုကဲ့သို့ နယ်ပယ်လှည့်ကြကာ လာဘ်လာဘ ပေါများ ဆူဖြိုးအောင် ကျင့်ကြံခြင်းဖြင့် ဘုရားဖြစ်နိုင်ပါ့မလား ရှင်ကြီးဂေါတမ။

ဗုဒ္ဓ- ရဟန်းတို့၊ သင်တို့ထင်မြင် ပြောဆိုသကဲ့သို့ လာဘ်လာဘ ဆူဖြိုးစေခြင်း၊ ငါအချိ တကာ ဘုည့်ပြည့်အလှူခံနေသည်မဟုတ်ပါ ယခုတရားစစ်တရားမှန်ကို ကိုယ်တိုင်ထင်ထင် ဗိဗိ သိရှိနားလည်ကာ ဘုရားဗုဒ္ဓ အဖြစ်သို့ ရောက်ခဲ့ဦးမှန်ပါပြီ၊ သင်တို့အား ထိုတရားများကို ဟောကြား ညွှန်ပြ အံ့သောငှာ ငါဘုရား ကြွတော်မူလာခြင်း ဖြစ်ပေသည်။ ငါဟောကြား ညွှန်ပြသည့်အတိုင်း ကျင့်ကြံ

အားထုတ်ပါမူကား- ထိုတရားစစ် တရားမှန်
များကိုသိရှိနားလည်လာမည်မှုချပင်ဖြစ်၏။
ရှေးယခင်တုန်းက၊ ဥရုဝေလတောအတွင်း၊ အတူ
ဘကွ သီတင်းသုံးနေထိုင်စဉ်၊ သင်တို့သည်
ငါဘုရားဖြစ်မည့် အချိန်ကိုမြော်ကိုး၍ လုပ်
ကြွေး ပြုစုနေခဲ့ ပေသည်။ ထိုစဉ်က သင်တို့
အား အခါးမှာသည်နှင့် "ငါဘုရားဖြစ်ပြီဟော၊
အရောင်အဝါတွေ ပေါ်လာပြီကွဲ့" ဟု၍
တစ်ခွန်း ပြောဆိုခဲ့ဘူးပါရဲ့လား?။

ငါးဦးငှင့်ပိုင်- မှန်လှပါ၊ သခင် အကျွန်ုပ်တို့သော စကားမျိုး
ထိုတစ်ခါမှ မဆိုခဲ့ဘူးပါ၊
(အချင်းချင်း တိုးတိုးတိုင်ပင်ကာ-"အား
သည့်လိုဆိုတော့လဲ ဟုတ်သလိုလိုရှိဘိသည်
ဟိုတုန်းကတော့ မေတ် ခတ်ရေး ရေပဲကြီး
ပြောဆိုခြင်းမရှိခဲ့ပုံ ပုံထောက်သျှင်၊ သခင်သူ
မှု ဖြစ်လာပြီ ဆိုသော စကားသည် ယုတ္တိ
ရှိ၏" ဟုပြောနေကြလေသည်။)

ဗုဒ္ဓ ထိုစကားမှန်၏။ ငါကား ယခုအခါ ဗုဒ္ဓ
စင်စစ် ဘုရားဖြစ်ခဲ့ပြီ။ နိဗ္ဗာန်တရားကိုလည်း
လက်ဝယ်ရ၍ ထိုးထွင်းသိနိုင်ခဲ့ပြီ၊ သင်တို့အား
ငါတရားဒေသနာ ဟောပြပါမည်၊ ငါဟော
တော်မူသည့်အတိုင်း လိုက်နာကျင့်ကြံပါမူ
သင်တို့သည်လည်း တရားစစ် တရားမှန်ကို

သိကား နိဗ္ဗာန် ချမ်းသာ ကြီးကို ကိုယ်စီ ကိုယ်ငှ ရကြအံ့ ချောက်ဖြစ်တော့သည်။

ငါးပွင့်ဆိုင်- မှန်လှပါဘုရား ဟောတော်မူပါ-အကျွန်ုပ် တို့ ဗိုဓိသတ္တဝါ နာယူကျင့်ကြံပါမည်ဘုရား။

ဝသည်ဖြင့်အပြန်အလှန် ပြောဆို မိန့်မြွက် ကြပြီးနောက် သုံးလူ့ထွတ်ထား မြတ်ဘုရားသည်၊ တခလာဘ လူ နှ မည် သူမျှ ဟောကြားဖူးခြင်းငှာ မတတ်စွမ်း နိုင်သော၊ အလှ ခက်သဲ ဆိုခမ္မ ချို အကျိုးကျေးဇူး ကြီးလှယ်ခြင်း ဖြစ်လှသည့် မြွက်ကြားပစ္စုပ္ပန်သုတ်ခေါ် ဗြဟ္မစကြာ ခေသနာ ခတော်ကို ငြိမ့်ငြောင်း သာယာစွာ ဟောတော်မူသတည်း။

**ဟောစတော်မူချိန်**

ဂေါတမရှင်ပင်သည်၊ နှမြစ်ပြ ခါဝ သက်တော် ၃၅-နှစ် အ ရွယ်တော်၌ တကမ္ဘာလုံးတွင် ရှေးအခါက မကြားခဲ့ဘူးသေးသော ကာယ ဂြား မှန် ကန် လှသည့်၊ တရားကို ပထမဆုံး ဟောတော် မူမည့် အခါကြားပေသည်။ငါးပွင့်ဆိုင်ဟုနာ တို့ကား -ထိုကဲ့သို့သော တရားမျိုးကို ချောင်လင်သော ဆောင့်စား ခဲ့ကြသည်မှာ နှစ်ပေါင်း ၃၅-နှစ် သောက်ပ ကြာမြင့်ခဲ့ပြီ၊ယခုမှ ကြားခွင့် ယခုနေ့ဖြစ်ပြီဟုယူဆယုံကြည်အခါငြီ သော ဂူကြီး ဟောတော် မြမည့် တရားတော်ကို နာယူခြင်း အာဘိဿမှာ အလွန် ဝမ်းမြောက် နေကြပေသည်။ တရားဟော ဘိုနိဗ္ဗာနကသည်း ပူ သူလေးပါးကင်း သောဖြင့် အေးဆေးငြိမ်သက် စွာသော မိဂဒါဝုန်တောရုံတွင်းဖြစ်သည်ဝါဆိုလပြည့်နေ့နေညဉ့်

နေခြည်ပျောက်၍၊ လရောင် ရောက်လာကာ၊ မြေထိန်လင်း- သာယာခြင်း အတိရှိသော အခိုက်ကလေး ပေတည်း။ ဝါဝင်း သော သင်္ကန်းတော်နှင့် အသားအရေတော်ဝိုင်းစက် ကြည် လင် ညှို့သာလှသော မျက်နှာတော်ဖြင့် သာယာ ငြိမ့်ငြိမ့် ထောင်သူနားကို ကြွားတိုးစိမ့်အောင် မိန့်တတ်သော အသံ တော်ကို မြွက်ထုတ်လွှတ်ပေါ် ဟောတော်မူနေသည့် အဟုန်၊ ရဟန်းဆောင် ငါးပါးတို့က၊ ဘုရှင်၏ ပတ်လည်တွင် ပုဆစ်လျှိုး ရိုသေစွာ တရား နာခံနေ ဟန်တို့မှာ၊ မှန်းမိတိုင်း လွမ်းလောက် သော အခိုက်နေရာ ရှုမျှော်ခင်း ကောင်းကြီးသာဖြစ်ဘိတော့ သည်။

**တိုက်ရွှန်းချက်**

ဂါထာ ရေးဆောင်ကို ဓမ္မစကြာသုတ် ဟု မြန်မာ ဝေါဟာရ ခေါ်ဆို ကြ သည်။ ပုံနှိပ် ဖြန့်ချိ သူတော်စင် အပေါင်းတို့သည် ချမ်းသာစ်လိုအပ်၍ လောကီ လောကုတ္တရာ မစွန့်ပြန် သံသရာ နှစ်ဖြာသော အကျိုးတို့ကို ပွားတိုး များ ခြောင်စေ တတ်သော- အာနိသင်ကို ပြခြင်းငှာ- ဓမ္မ စကြာသုတ်မည်သော ဂေါတမ ရှင် ပ-ဒိ သခင်သည်၊ ပထမ ရှေးဦးစွာ ဟောကြားတော် မူအပ်သော တရား ဒေသနာ တော်ကို-ရှေ့ညွှန်ပြ၍ ရွတ်ဘတ် သရဇ္ဈာယ် ကြပါကုန်ဗို့ "တရားဦး" ကို ထပ်၍တခါ-နာမြဲနာယူကြပါဗို့။

**တရားတော်အကျဉ်းချုပ်**

ဤဓမ္မစကြာသုတ် တော်၌၊ အကျဉ်း ချုပ် တရားများ

သည်ကား အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်(၁၂)ပါး နှင့်ဗုဒ္ဓအဖြစ်ကိုဝန်ခံတော်မူခြင်းပင်တည်း။

အကျင့်သုံးပါး- ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ, မဇ္ဈိမ ပဋိပဒါတည်း။

သစ္စာလေးပါး- ဒုက္ခသစ္စာ, သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ တည်း။

ဉာဏ်တော်(၁၂)ပါး- ဒုက္ခသစ္စဉာဏ်, ဒုက္ခကိစ္စဉာဏ်, ဒုက္ခကတဉာဏ်, သမုဒယသစ္စဉာဏ်, သမုဒယကိစ္စဉာဏ်, သမုဒယကတဉာဏ်, နိရောဓသစ္စဉာဏ်, နိရောဓကိစ္စဉာဏ်, နိရောဓကတဉာဏ်, မဂ္ဂသစ္စဉာဏ်, မဂ္ဂကိစ္စဉာဏ်, မဂ္ဂကတဉာဏ်, တို့တည်း။

ဤသို့ သစ္စာလေးပါး၌ ဉာဏ်(၁၂)ပါး မဖြစ်သေးက "ဗုဒ္ဓဘုရား" ဖြစ်ပြီဟူ၍ ဝန်ခံတော် မမူခဲ့- ဉာဏ်(၁၂)ပါးဖြင့် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်ပြီးမှသာ ဝန်ခံတော်မူလေသည်။

**အကျင့်သုံးပါး**

သံသရာဘေး ဖန်ဖန်ခါ ခေါ်ကို
တွေ့ရသမြင်ကာ-ကြောက်ရွံ့
၄ လန့်လေ ရှိကြကုန်သော

ရဟန်းတို့သည်၊ ယုတ်မာသော တရားနှစ်ပါးကို အသုံးမပြု၊ မကျင့်ကြကုန်ရာ၊ တရားယုတ်နှစ်မျိုးဆိုသည်မှာ၊ ဆန္ဒရာဂ တည်းဟူသော ကိလေသာကာမနှင့် ယှဉ်သော ချမ်းသာသုခ

ကို အဖန်တလဲလဲ ခံစားနေခြင်း တမျိုး၊ကိလေသာကိုကုန်စမ်း စေလိုသဖြင့်၊ကိုယ်ခန္ဓာကြီးအား ပင်ပန်းနွမ်းရိ ငြိုငြင်အောင် ညှဉ်းပန်းနှိပ်စက်၍ အဖန်တလဲလဲ ကျင့်ခြင်း တမျိုးတို့ ပေ တည်း၊ထိုအကျင့် နှစ်မျိုးစလုံးပင် လမ်းမှား အကျင့်မှား ဖြစ် သည်။အရိယာသူတော်ကောင်းတို့ မနှစ်မြို့ကြကုန်၊ အကျိုးမဲ့ ကိုသာဖြစ်စေလေသည်။

ထေတိယ မြောက် အလယ်အလတ် ပေါင်းလွန်း မလျော့ လွန်းသော အင်္ဂါရှစ်ပါးရှိသည့် ကျင့်စဉ်သည်သာလျှင်၊ ခြင်္ဂါ မြတ်သော အကျင့်မှန်လမ်းမှန်ဖြစ်၍၊ ကိလေသာ အပူမီးတွေ အေးငြိမ်း၍ နိဗ္ဗာန်ကိုပင်ရစေနိုင်သည်။

၁။ **ကာမသုခလ္လိကာနုယောဂ** (ဒွေးအန္တာ) ခေါ် **အကျင့်ယုတ် လကျာလမ်း။** အယူတရား ၂ ပါး တွင်၊ရှေးဦးစွာလကျာ

**သ**မ်းအကျင့်ယုတ်အကြောင်းကိုသင့်၏။ယခုအခါ၊အခုက် ကလေးတမြမြစီးဘ ရက်ခဲပြီး၊ရေသာမျိုးစုံ အကြော်အလှော် တွေ စားသောက်၍-နံ့ဘေးဘခေါ်ယိ-ခါတ်စက်တွေ- မိတာ ကျနဲဖွင့်ပြီးလျှင်၊ ဆိုဖါကလေးပေါ်,ချပ်သူနှင့် စည်းစိမ် ယူနေ နေပါ၊လက်မလွှတ်တမ်းအာမ်းကာနေရကန့်သပ်ချက်မရှိ၊မီး နိုးမဆို မီးမသုံး,ငြသည်မရှိ ခံစားစံစားကြကုန်သည်၊အနည်း ဆုံး အောက်တစ်ဆိုး ဈေးတောင်းခေါင်းရွက် ရောင်းစား ရ သော ဘင်းရွက်သည်မ- ပရုံးအားကိုး ထမ်းပိုး စားရသော ကုလီကပင် ခပ်မွှေးမွှေးကလေး ရှုရှိုက်လို၏။ ခပ်ချိုချို ဆိမ့် ဆိမ့် ကလေး စားချင်၏၊ သာယာသည့် တေးသံ- ဂီတ

တူရိယာသံ အချစ်ခန္ဒာသံ ကိုသာ ကြားလို ကြသေး၏။ ဘိုင်စကုတ်ကလေး- သာယာလှပတဲ့ ရှုမြော်ခင်းကလေး ဓါတ်ပုံ ရုပ်ရှင်ကား လှလှချောချောကလေးတွေကို စိုက်ပြီး ကြည့်ချင်ဘိသေးသည်။ အဝတ်သစ် အစားသစ်ကလေး နှင့်၊ ကျန္နစ်ကိုယ် တဲအိုပျက်တွင် ရွှေလည်နှံ၍ ပျော်ပွဲဝင် လိုဘိသေး၏၊ တွေ့မိလျှင် အောင်နက်ကြီး အခဲခိုး ရသလို ခံဖွတ်တမ်း ခံတော့သည်။ ဤသို့သော ကာမစိတ်ကြိုက် အလို လိုက်သည့် အကျင့် များသည်။ ကာမသုခလ္လိကာ နုယောဂ အကျင့်ယုတ် မည်၏။ ပြောခွဲလွန်း ဒုလွန်းသော ကြောင့်လည်း၊ လက်ျာလမ်း အကျင့် ယုတ် ဟု ဆို ထိုက်၏။

ဤ၌ မေထုန်ငယ် ခုနစ်မျိုးကို သိသင့်သေးသည်။ ကျ ပျော်ပျော် ဆောင်တော် ကူးမှ မေထုန် ကံ၏ ဖြစ် သည် မဟုတ်။ ရေချိုးရာ၌ အမျိုးသမီးတဦးက ချေးတွန်းပေးခြင်း- ထမင်းဟင်းတို့ ကျွေးသုတ်ပေးခြင်း-ခြေဆုပ်လက်နယ်, နှင်း ပေး မိပေးခြင်း စသည်ကို ဖိမ်ခံခြင်းသည် မေထုန် ကံ၏ တမျိုးပင်။

မောင်မယ်အတူ ပြုံးကာ ရယ်ကာ တို့ကာ ဆိတ်ကာ ကသူကျီစယ်၍ ဖိမ်ခံနေခြင်း သည်လည်း မေထုန် ကံ၏ တမျိုးပင်။

ဘာမှမပြော တူကြည့်သော လှပ်နေ ကြ သော် လည်း၊ မောင်မယ်ရုံ မျက်နှာချင်းဆိုင်ပြီး အားခုပါးခု မဝနိုင် မလင်

နိုင် သဲသဲမဲမဲ အသဲ စွဲအောင် ဖိုက်ရှူး ကြည့်နေခြင်းသည် လည်း မေထုန်ကိစ္စတမျိုးပင်။

မိမိက ဇေါမရုံ တကိုယ်တည်းနေသော်လည်း၊ အခြား ဖုံတွဲ ရယ်သံ မောသံ ချစ်ကြောင်းဆိုသံတို့ကို ကြားရကာမျှ သာယာခြင်းဖြင့် နားထောင်ဇိက လည်း မေထုန် ကိစ္စ တမျိုးပင်။

ဖြစ်ရှေးငယ်ကျွန်စဉ်၊ မောင်မယ် တွဲပြီး ရွှေလည့် နှဲခဲ့ရ သည် များကို ဘာဝင်တွန်ဆွေးအောင် တွေးကြံကာ တ ရေးရေးမြင်နေခြင်းသည်လည်း မေထုန်ကိစ္စတမျိုးပင်။

သူများ ခံစား နေပေါ်ပျော်ပြ နေသည်ကို မြင်ရသဖြင့်၊ အံ ကြိတ်ပြီး အားကျ နေခြင်း သည်လည်း မေထုန် ကိစ္စ တမျိုးပင်။

နောက်ဘဝ တော့ -ကျကျနန ကြီး စိမ်ခံရတော့မယ်၊ ရှင်ဘုရင်ဖြစ်လျှင် မိဖုရားဘယ်နှစ်ယောက်နဲ့ -နတ်ဖြစ်ရင် နတ်သမီးကလေးတွေ တဖက် လေးငါးရာ- အပျိုတွေ ခြံရံ ကာ၊ အစွမ်းကုန် စိမ်ယူပြလိုက်မယ် ဟု မြှော်လင့်တောင့် တ နှစ်သက်သာယာနေလျှင်လည်း၊ မေထုန်ကိစ္စတမျိုးပင်။

ဤခုနစ်မျိုးသော မေထုန်ကိစ္စတို့သည်လည်း၊ လက်ျာ ယမ်း အကျင့်ယုတ်ခေါ် ကာမသုခလ္လိကာနုယောဂ စာရင်း ဝင်များပေတည်း။

ထိုကာမအကျင့်မျိုးသည်၊ ယုတ်မာညစ်ညမ်း အောက် တန်းကျလှသဖြင့် လူကြား သူကြား ထဲတွင် မပြုဝံ့ကြ၊ သူ တော်ကောင်းရှေ့တွင် သာ၍ပင် မပြုဝံ့ကြ။ ရွာသူ ရွာသား

ဒါပ်ထောင်ရှင် များ၏ အကျင့် အကြံ မျိုးသော ဖြစ်ကုန်၏။ အချက် အကြောက်မရှိ ကင်းမဲ့သော ငွေးတွေကလေး၊ လူလယ်ကောင်၌ ပြုရဲကြပေလိမ့်မည်။ သို့သော် ထိုအကျင့် မျိုးသည်ကား၊ အထက်တန်းကျ၍ မြင့်မြတ်သော ဘုရား ဟောတရားများ အဘို့ တကား စက်ဆုပ်စရာ ရွံရှာဘွယ်ကြီး ဖြစ်တော့သည်။

ငယ်စဉ်က၊ ကိုယ့်ခြေကို ကိုယ်ရှုတ်၊ ကိုယ့်မစင်ကိုလက်ဖြင့် ပုတ်ခတ်ကစားချ်အမေမပါးပေးသော ထမင်းဖတ်တွေ စားခဲ့ရသည်ကို၊ အလွန်နှစ်သက်ခဲ့သော်လည်း၊ ကြီးဖြင်း လာ၍ ဝန်ကြီးတယောက်- အရာရှိကြီး တယောက် ဖြစ် လာသောအခါ၌မူကား၊ ခြေမသည်၎င်း- မစင်သည်၎င်း- ထမင်းဝါးဖတ်သည်၎င်း- စက်ဆုပ်ဘွယ်ကြီး ဖြစ်လာဘိ သကဲ့သို့၊ ဘုရားဟောတရားအနာဂါမ်ပုဂ္ဂိုလ်များသည်၊ ကာမ ဂုဏ်အကျင့်တွေကို အဟုတ်ဟာကယ် ရွံရှာကြ အောင်ဂလို ဆန်ကြပေသည်။ ထို့ကြောင့် ထိုကာမသုခလို့က အကျင့် ယုတ်ကြီးမျိုးကို ရှေးဘွဲ့ဟောင်း သူတော်စင်ဟူသမျှတို့သည် ကေးလံစွာ ရှောင်ခွာကြပေသည်။ အကျိုးစီးပွား များလာ အောင်၎င်း၊ နိဗ္ဗာန်သို့ရောက်အောင်သော်၎င်း၊ ထိုအယုတ် ယုတ်ကြီးက မဆောင်ကြဉ်း-လမ်းပြပေးနိုင်ပေ။

လောကုတ္တရာအကျိုးကို မသိဘဲ ကာမဂုဏ်အာရုံ ဝါးပါးကို လိုက်စား မှတ်မှ၊ မျက်မှောက် ဘဝ၌ ဥာဏ် ပညာဆုတ်ယုတ်ခြင်း- စီး ပွားပျက်ခြင်း၊ အချိန် ကုန်ခြင်း ကုန်းခေါ်ချေးသိက်ခြင်း စသည်ဖြင့်၊ လက်ငင်း လောက

ကျိုးကိုပင် ထိခိုက်ပျက်စီးစေလေသည်။ တကယ် စိတ်မှ တကယ်ကြောက်စရာကောင်းသော အကျင့်ယုတ် အကျင့်ဆိုး အကျင့်သိုးကြီး ဖြစ်မှန်း သိရ ပေသည်။ ထိုကြောင့်သည်း၊ သူတော်ကောင်းမှန်လျှင်၊ ထိုအကျင့်ယုတ်တရားကြီးကို လုံးဝ ရှောင်ကြဉ်ကြရမည့် ဖြစ်ပေသည်။

**အတ္တကိလမထာနုယောဂ** နောက် အကျင့်ယုတ်။
**အကျင့်ယုတ် လက်ဝဲလမ်း** တမျိုး ရှိသေး သည်။

ခန္ဓာကိုယ်ကြီးကို ပင်ပန်းနွမ်းနယ် လောက်အောင်ကျင့်သော ကိုယ့်ဖျုံးဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်၊ ၂၆၀၀-လောက်က။ သူတို့ကိုယ်ကို သူတို့ ဘုရားပါဘဲဟု ဝန်ခံကာ၊ ဆရာလုပ်နေကြသော တိတ္ထိရသေ့တို့သည်ပင်း၊ ခန္ဓာကိုယ်ထဲသော အတွင်းရှိ ကိလေသာ-ကာမစိတ်တွေကြောင့်၊ အဖြစ်တွေ ဖြစ်လာရသည်ကို တွေ့မြင်လာကာ။ ထိုပင်ချင်းအစကာမစိတ်ဓါတ်ကို၊ နည်းပါးယုတ်လျော့ စေနိုင်သော အကျင့်ကို ရှာကြသော ရသေ့တို့သည်ပင်း၊ ဤသို့သျှင် ကြံဆ ကြကုန်၏။ ဤခန္ဓာကိုယ်ကြီး ပြိုးတိုးတက်နေသမျှ။ ကာမဘာဝ ကိလေသာ အဓိဓါတ်သည်လည်း၊ မခြောက်နိုင်၊ အမြဲရှိနေစရာ အကြောင်းရှိ၏။ ဤကိုယ်ကြီး ခြောက်ခမ်းနေသျှင်တော့၊ ကြံခြောက်မှ ကြံရည်စီးမထွက်နိုင်သလို၊ ကိလေသာဆိုတဲ့ အနုဓါတ်သည်လည်း ခြောက်ကပ်ပျောက်ကွယ်သွားကောင်းရာ၏’ဟုသတည်း။

ထိုမှုကို လက်ခံကာ။ အစားအစာကို လျှော့ကြ၏။ အချို့သုံးရက်မှ တနပ်သာစားကြသည်။ အချို့ကမူ၊ နွေရာသီ နေ့ရောင်ခြည် အပူထဲမှာပင်၊ လေးဘက်-လေးတန် မီးဖို တွေ ပန်းရံပြီး၊ အပူငါးမျိုးခံကာ ခန္ဓာကိုယ်ကို အပူဒိုက် ကြတော့သည်။ အချို့ကမူ၊ သံချွန်တွေ သံဆူးတွေ စိုက် ထားသော၊ ပျဉ်ပြားညောင်စောင်းစသည်၌၊ အနာခံ၍အိပ် ကြသည်။ ခန္ဓာကိုယ်ကြီး နာကျင်နေမှ၊ ကိလေသာ ခ ထကြွနိုင်ဘူးဟု ယူဆကြသတဲ့။

အချို့ကား ဆောင်းရာသီ ဆောင်းလေ လေလင်း၊ နှင်းထွေးမှုန် သီးဖွေးဖွေးထဲတွင်၊ ရေချိုးရင်း ကိလေသာကို ရေဖြော ကြသောဟူ၏။ အချို့က မီးချက်သောအစာ, အသားစ သည်တို့ကိုဒွိဝတ ကိလေသာကို ပွားစေသည်။ ကိုယ် ခန္ဓာကို သန်မာဖွံ့ဖြိုးစေသည်ဟုဆိုကာ၊ မီးမချက်သော 'သက်သတ်လွတ်'သစ်သီး သစ်ရွက်များကိုစား၍ ကျင့်ကြ သည်။ အချို့ယောဂီပုဂ္ဂိုလ်တို့ကမူ၊ တင်ပလ္လင် ခွေထိုင်၍ ရင်း၊ ခြေတချောင်းထောက်ရပ်၍ရင်း၊ ဦးခေါင်းပြောင်း ပြန် ခြေမိုးထောင်၍ရင်း၊ ကိုယ်တုံးလုံး တလစ်စားလစ်ဖြင့် ရင်း၊ မလှုပ်မရှား လပေါင်းများစွာ ကျင့်ကြသေးသည်။ နေ ကို ထွက်စအခါမှသည် ဝင်သည့်အထိရင်း။ လကိုလည်း ထွက်စမှ ဝင်သည့်အထိရင်း၊ စေ့စေ့ရှုစိုက် ကြည့်ကာ ဒုက္ခခံ ကျင့်သူများလည်း ရှိသေးသည်။

ဤသို့လျှင်။ အမျိုးမျိုးအဖုံဖုံ နည်းပေါင်းစုံတို့ဖြင့်၊ ကိုယ် ခန္ဓာကြီးညှိုးချုံးပိန်ကပ်၍ သွားလေအောင် ကျင့်ကြ သ

ဖြင့်။ ကိလေသာ ကာမ အဖြစ်မှ အနိုက်အတန့် အားဖြင့်ကား၊ ကင်းလွတ်တန်ကောင်း သော်လည်း။ တခါတည်း အမြစ်ပြတ်အောင်တော့ မတတ်နိုင်ကြချေ။ လေနာရောဂါ စွဲကပ်နေသူ ဝေဒနာရှင်အား ဆော်ဒါတခွက် သောက်စေ ဘိသကဲ့သို့၊ သောက်တုန်းခဏတော့သက်သာရှာပါသည် မကြာခင်ဘဲ လေနာက ပြန်ပေါ်လာသည်။ ဆော်ဒါသည်၊ 'ထောင်းပန်းဆေး' မျှသာဖြစ်၍၊ ရောဂါကို အမြစ်ပါ မဖြတ်နိုင်သလို၊ ယခုသူတို့ ကျင့်ကြသော အကျင့် တွေမှာသည်း၊ ကိလေသာကို တခါတည်းအမြစ်ပါမဖြတ်ပစ်နိုင်ရှာပေ။ ထိုကြောင့် ဤအကျင့်မျိုးကို ယုတ်သော ညစ်ညမ်းလှသည်ဟု မှတ်ချက်ချရပေသည်။

ကောင်းကျိုးပြီးပွားတိုးရန်၊ ကိလေသာ အမြစ် အနှုန်း အနှံ့ အသက်မျှပင် မကျန်ပါမှ ရနိုင်ရောက်နိုင်သောဉာဏ်နှင့် နှိုးအောင်ရင်း။ မခေါင်ကြည်းနိုင်ချေ။ "ထမ်းသာ ထမ်း ပင်ပန်းရှိသာရှိတော့သည်" ဆိုသလို ဤအကျင့်လေးလေးနှု၊ ယောဂခေါ်ခွာခြောက်နေ့ စသည့် အကျင့်ယုတ်သည် တပ်မြွှေ ဟိုသာ အဘိဓမ္မ ရောက်စေ နိုင်သော်လည်း၊ ကိလေသာ ကာမစိတ်ခါင်းကိုမူ၊ ထိထိရောက်ရောက် မနှိမ်နင်းနိုင်ချေ၊ ထိုကြောင့်၊ ထိုအကျင့်ယုတ်-အကျင့်မျိုးကြီးကို ဘုရားရှင်ဗုဒ္ဓ အရှင်သာသူတော်စင်တို့သည်၊ မနှစ်မြို့၊ မလိုလားကြကုန်၊ ရှုံ့ချစက်ဆုပ် ကြလေသည်၊ ဤအကျင့်ယုတ်မျိုးကို မကျင့်သိုက် ဟူ၍လည်း တားမြစ်တော်မူခဲ့ကုန်၏။ ပြင်းထန်လွန်းသော အကျင့်ယုတ်ဖြစ်သ

ဖြင့်၊ လက်ဝဲလမ်းအကျင့်ယုတ်ဟုသာ ခေါ်တိုက်ပေတော့သည်။

ဒေါသ,မောဟ,မာန,လောဘ, ဣဿာ, မစ္ဆရိယ, ထိန, ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ တည်းဟူသော စိတ်ကိုညစ်နွမ်းစေသော ကိလေသာ တရားဆယ်ပါးကို၊ အတ္တ ကိလ မထာနုယောဂ အကျင့်ကလေးမျိုးဖြင့်၊ ကုစား ဖြေဖျောက်၍ ရနိုင်စရာအကြောင်းမရှိချေ၊ အနာတလွဲ-ဆေးတလွဲ ဖြစ်နေလေတော့သည်။

## မဇ္ဈိမပဋိပဒါအကျင့်ကောင်း ဗဟိုလမ်း

သိဒ္ဓတ္ထ ကုမာရ မင်းသား အာဠာရ၊ ကာလာမ ဂုဏ် အရ သောကို ကျင့်ကြံသည့်ဒင်ပြည့်ကို လေးသားမကျ ကျန် ယမ်းကုန့် အစွမ်းကုန် စိမ်ခံခဲ့၍၊ ဘုရားလောင်းသည်။ သက်တော် နှစ်ဆယ့်ကိုးနှစ်၊ သားတော်ယောက်အခါ ဖြစ်သည့်အခါ၊ အ လက်ဘနှင်းကျက၊ ကာမ သုခလ္လိကာနုယောဂ အကျင့်မျိုး ကျင့်ခဲ့ဒီဘူ၍ ပညာလည်းရုံ၊ ကြင်ယာလည်းရုံ ရွှေထုံ လည်းရ-ကာမဂုဏ်သည်း ဝအောင် ကျင့်သုံး နေပါသော် လည်း။ နိဗ္ဗာန် ခရီးကို သူခရီးခဲ့၊ သာ၍ ... ပေခဲ့သည်၊ ဤအား လ ... ကိုက်ညွှန်းသဖြင့်၊ လမ်းလွဲခြင်းပေ တည်း။

ပိုနောက်၊ ... ခုဟန်း ... ဖြင့်၊ ဒုက္ခ ... ခြောက်နှစ်ပတ်လျှ၊ ကာယ ... ယှဉ်သူ ... အောင်,

အပြင်းအထန် ကျင့်တော်မူပြန်သည်၊ မှန်၏၊ မတ်တတ်ရပ် နေရာမှ ထိုးလဲသွားအောင်ကိုပင် ကျင့်ခဲ့သည်။ မည်သူ သည်လောက်စွန့်စားဝံ့ပါမည်နည်း? သို့သော်လည်း-သူ လိုလားတောင့်တတော်မူသော နိဗ္ဗာန်ခရီးကိုမရောက်ခဲ့။ ကျောခြင်း ဆိုင်ရောက် မိခဲ့ ရှာလေသည်။ လက်စဲလမ်း လိုက်လွန်းသဖြင့်။ မဟာအမှားတော်ပုံဆိုက်ခြင်းပေတည်း။

ဗုဒ္ဓဖြစ်ဖွား ဘာဂဝါသည်။ သေချာစွာလက်တွေ့ကျင့် တော်မူခဲ့သည်၊ ရှုံးခမ်းခဲ့သည်။ အပြောသမားမဟုတ် အသုပ် သမားဖြစ်၍၊ ပိုးဖလာ ဝါဒအစွဲအလမ်းပင်ဖြစ်ပေ့ ကာမ-သဘော နှင့် ဆန့်ကျင်သော၊ သူပယ်ချခဲ့သည်။ မိဘ ဆွေမျိုး စည်းစိမ် သား-မယားတို့ကိုပင် စွန့်ပစ်၍။ တရား မှန်ကို အရှာထွက်ခဲ့သည်။ ပြောတိုင်းကို သူယုံတော်မမူ၊ ကိုယ်ထိလက်ရောက်၊ ဟုတ်မဟုတ် စမ်းသပ် လေ့လာ တော်မူခဲ့သည်။ နောက်ဆုံး ထမြောက် အောင်မြင် သော သော ပညာရပ်နှင့်တကွ၊ အကျိုးကျေးဇူး ကိုလည်း သူ များကဲ့သို့၊ တကိုယ်ကောင်းကြံ ညီတည်းရှိ မလုပ်ခဲ့၊ အများသတ္တဝါတို့အား၊ ဝေပုံချ ခွဲပေးတော် မူခဲ့သည်။ လမ်းညွှန်တော်မူခဲ့သည်။ မိမိတို့ရား ဗုဒ္ဓဖြစ်သည်ဟု သည့် ဖြင့်၊ သတ္တဝါတွေကလည်း ကျင့်လျှင် ဖြစ်နိုင်ပေသည်၊ ဘုရား ရှင် တွေ့ရှိတော် မူထားသော အစမ်းသပ်ခံ နိဗ္ဗာန် မဂ်ကြီး ရှိသည်။ မည်သူမဆိုကျရောက်သကဲ့သို့၊ ကျင့် က ရနိုင်ပေသည်။ တရားလမ်းကြောင်း နည်းစံနစ်ကောင်း ဘို့ကိုလည်း ကျန တိမိမ်စွာ ညွှန်ပြတော်မူသည်။ ထိုကြောင့်

လည်း ငါဘ်ရှိဗုဒ္ဓ, ခဿည်းတော်ဗုဒ္ဓ, အနန္တ ကျေးဇူးတော်ရှင် ဗုဒ္ဓသည်။ လောကတခွင် ဘုံအစဉ်ဝယ် ပြိုင်ယှဉ်သူကင်း-တူသူရှင်း၍၊ မှန်ကင်းအပစ် တဆူတည်းသာ ဖြစ်တော်မူပေ၏။

မြတ်စွာသခင်၊ ဒို့ ရှင်ပင်သည်။ ထိုသို့ဆိုပြီးသော အကျင့်ယုတ်နှစ်မျိုးတို့ကို ပယ်စွန့်တော်မူပြီးလျှင်၊ လက်ျာမကာ-ထက်ဝဲမကျသော၊ အလယ်အလတ် ဗ[illegible]လမ်းမှန်ကို ကျင့်တော်မူသောအခါမှသာ ဂိုလားတော်ပွင့်တော်မူခဲ့သော၊ ဗုဒ္ဓအဖြစ်နှင့်တကွ အနုပါဒ္ဓမိလ ချမ်းသာ နိဗ္ဗာန်ချမ်းသာကြီးကို ရတော်မူလေသည်။

ဥပမာပြရလျှင် အလွန် သဘော ကျ မှ သည်။ ဘုရားရှင်၏ မုခပါဠိမှ မိန့် ခဲ့သည့် တရားတော်သည်၊ အစ၊ အလယ်၊ အဆုံး၊ သုံးပါး သော ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံလှပ ပေ၏။ မဆုံမ [illegible]ပါခါ အလယ်အလတ်ဗ[illegible]ကို အကျင့်မှသာ မြတ်၏ ဟူသော စကားသည် အလွန်အလွန် ပြောကျိပတ်လှပါပေ၏။

ရေကူးသူ ဧရာမ မြစ်ကြီးတခုမှာ လူတယောက် ရေကူးနေသည် ဆိုကြပါစို့။ [illegible]တော် ကျယ်သည့် မြစ်ကြီး ဖြစ်သည်။ ဤဘက် [illegible]ကမ်း တွင် ကျားကြီးတကောင်က သူ့ကိုကိုက်မည်ဟု စောင့်နေသည်။ ဟိုဘက် ကမ်းမှာလည်း- ရေ [illegible] စောင့် မှော်တောင်ကြီး တခုရှိနေသည်။ သူ့ကို ချသောဖို့ ဖမ်းပက္ကသိုဏ်း [illegible] ရှောင် [illegible] စောင့်နေကြသည်။ ကျားကြီးကို ကြောက် အား

လှန်အားနှင့် တအားအားအုန့် နှင်းကန်ပြီး လက်ပစ်ကူး သွားလျှင်၊ အောင်လိုက် ငိုလိုက်နှင့် ကြောက်လိုက် ကန်လိုက်လုပ်သွားလျှင်၊ ပေါင်တယ်ရှိသည့် ဟိုဘက်ကမ်းသို့ မရောက်မီရေလယ်ကောင်မှာပင်၊ အားကုန် မောဟိုက်ပြီးနစ်မြုပ် သေဆုံးသွား ပေမည်။ ဤကား ပြင်းထန်လွန်း၍ပျက်စီးခြင်း၊ လိုရင်း မရောက်ခြင်းပေတည်း။

အကယ်၍ ကူးလို့ ဂရုမစိုက်သလို ဘာလိုလို မတေလေးသား သွားနေမိပါက ကျားကိုက်ခံရမည်။ ကျားကိုကြောက်၍၊ ရေကူးပြီးသောအခါ၌လည်း၊ အင်တိုက်အားတိုက် ပေါက်ဘဲ၊ ရောက်ချင်တဲ့ အခါမှ ရောက်ပေစေဟုသဘောထားကာ၊ ကြာမှာဘဲ- ကြာနေရချက် ရေကူးသွားရောက်၊ အခအားလွန်၍သေခင်း၊ ရေ၌ပေါ်၍ ကိုယ်ကိုမဖေါ်ထား နိုင်၍ သေခြင်း၊ နစ်မြုပ် သေဆုံးရ ပေမည်။ ဤကား ပေါ့လျော့လွန်း၍ ပျက်စီးခြင်း၊ လိုရင်း မရောက်ခြင်းပေတည်း။

သို့ဖြစ်၍ကား၊ ကျွန်ုပ်တို့သည်း သတိနှင့် ကြည့်ရှောင်ကာ ရေကဲ့သို့ ညင်သာစွာ သက်ဆင် ပြီး ခပ်မှန်မှန် ကိုယ်အင်အားနှင့် ခရီးအနေအထား အချိန် ကာလကို ချင့်ချိန်ကာ အချက်ကျကျ ပိန်ပိန်ကျကျ ကူးခင်သွားပါမူ၊ ကျားကလည်း ကိုက်ခကိုက်နိုင်ကို၊ သံလည်း မပင်ပန်း၊ စိတ်သန့်ကိုယ်လုပ်ခြင်း မဖြစ်ရပဲ တဘက်ကမ်းသို့ ချောမောစွာဆိုက်ရောက်ပြီး ပေါင်တယ်ဖိမ် သုခကိုစံစားနိုင်ပေသည်၊ ဤကား ပြင်းထန်လွန်း ပေါ့လျော့လွန်းသော ဗာသိကျင့်

စဉ် အကျင့် လမ်းမှန်ကို လိုက်သဖြင့် မပျက်မစီး၊ လိုရာ ခရီးသို့ ဆိုက်ရခြင်းပေတည်း။

**ဝမ်းနုတ်ဆေး** ဓါတ်ချုပ်ရောဂါသည်တဦး ဝမ်းနုတ်ဆေး စားသည်ဆိုပါတော့-

ရောဂါသက်သာချင်အားကြီးသဖြင့်၊ သုံးလွှက်စာကို တခါတည်း မော့ချလိုက်ပါက၊ ဓါတ်သွားလွန်ပြီး ကိစ္စချောစရာရှိ၏၊ ဤကား အကျင့်လွန်လွန်း ပြင်းထန်လွန်း၍ ဒုက္ခရောက်ခြင်း သာဓက တရပ်ပေတည်း။

သုံးလွှက်စာကိုပင် ဆယ့်ငါးခါလောက် လုပ်ပြီး၊ လေးရက်လောက်ခြားမှ တခါသာ စားနေလျှင်လည်း ဓါတ်ချုပ်ရောဂါဖြင့်ပင် စန့်သွားစရာ အကြောင်းရှိပေသည်။ဤကား ပေါ့တန့်လွန်းသဖြင့် ဒုက္ခတွေ့ခြင်းပေတည်း။

ထိုကြောင့် မိမိ၏ ရောဂါ, ဆေး၏အာနိသင်, အခါကာလကိုပါ လောက်သည့်၊ အချိန်မှန်အခါမှန် ပမာဏမှန်မှန်စားသုံးပါက၊ ဆေးသုံးလွှက် ကုန်ရုံမျှဖြင့် နေ့ခြင်းညချင်း ဓါတ်ချုပ် ရောဂါလည်း သက်သာ, ဝမ်းမှာလည်း အင်အားချိနဲ့ခြင်းမရှိ၊ ပကတိ ကျန်းမာသော အကျိုးကို ရပေမည်။ ဤကား မပြင်းထန်လွန်း မပေါ့တန့်လွန်းသော အသင့်အလျောက် ဗဟိုအကျင့်တည့် မှန်ကိုလိုက်သဖြင့်၊ ချမ်းသာစွာ လိုရာဆန္ဒပြည့်ဝခြင်း သာဓကပေတည်း။

ကျောင်းသားစာကျက် — ကန့်စ်တင်ကြမ်း မြို့ဝမေးပွဲ ကိုင်းပစ္စ ဆောင်ဆို

များကို အတန်းတက်ပေး၏။ ကျောင်းသင်တန်းစာများကို၊ တနှစ်သုံး ပေါ့ချော့ လစ်လပ်လာပြီးမှ၊ စာမေးပွဲ နီးကပ်လာသော် — တလလောက်နှင့် တနှစ်လုံးစာကို အပြင်းအထန် နေ့မအိပ်ညမအိပ် ဆက်အောင် ဇွတ်တိုက် ကျက်နေသော ကျောင်းသားတယောက်သည်၊ စာမေးပွဲကျင်းပမည့် ရှေ့တရက်လောက်တွင် လေနီးဖမ်းသဖြင့် စာကျက်စဉ်ထိုးလဲကာ ဆေးရုံတင်လိုက်ရသည်။ ဝေဒနာ တန်းလန်းကြီးနှင့် စာမေးပွဲကို ဝင်ဖြေပါသော်လည်း မအောင်ရှာချေ။ ရောဂါက နှောက်ယှက်နေသောကြောင့်၊ ဖြောင့်ဖြူးအောင် မဖြေနိုင်ရှာ၍ ဘားပြင်းထန်လွန်းသဖြင့် အကျိုးဆုတ်ယုတ်ပျက်စီး၍ လိုရာခရီးမရောက်ခြင်း သာဓက တရပ်ပေတည်း။

တနှစ်သုံး စာမေးပွဲရောက်သည်တိုင်၊ စာမကျက် ပေကျက် အဘန်းမှန်မှန်မတက်ဘဲ ပျော်ပွဲစားသွား၊ ဓါတ်ရှင်ကြည့်၊ ကပွဲပွဲ၊ ဘောသုံးကန်၊ ရေကူး စသည်ဖြင့်၊ အပျော်ကျူးနေသူ ကျောင်းသား တယောက်သည်၊ စာမေးပွဲဝင်ဖြေသော်လည်း ဘယ်နည်းနှင့်မျှမအောင် ရှာချေ။ ဘေးတလွဲ ဖြေတလွဲ ဖြစ်ခဲ့ရှာ၏။ ဤဘား ပေါ့လျော့လွန်းသဖြင့် အကျိုးပျက်စီး၍ လိုရာခရီး မရောက်ခြင်းပင်တည်း။

ဟနေ့တခုဒ် မှန်မှန်ကျက်၊ ကျောင်းရက် မှန်မှန်တက်သော၊ ကျန်းမာရေးကိုလည်း ဂရုစိုက် ဆင်ခြင်လာသော ကျောင်းသား တဦးသည်၊ စာမေးပွဲပင် နီးကပ်လာငြားသော်လည်း ထိပ်လန့်ကျ သွင်ခြင်းမရှိ၊ ဆေးရုံ တက်ရ

လောက်အောင်လည်း၊ ရောဂါဝေဒနာမခံစားရဘဲ၊ ဖြိုးဖြိုး ရွှင်ရွှင်နှင့်ပင် စားမေးပွဲ ဝင်ရောက် ဖြေဆိုခဲ့ရာ၊ အောင် ဂေဇက်တွင် ထိပ်ဆုံးက ပါလာ တော့သည်။ ဤကား မ ဟင်းသွန်း မလျော့သွန်း အလယ် အလတ် အကျင့် မှန်၏ ကောင်းကျိုးပေးခြင်း အစစ် သာဓက တရပ်ပေတည်း။

**စောင်းကြိုး** ဖိန့်ဘွဲ့ပကာသနီလာ ဥပမာ တခု ဖြည်းအံ့။

စောင်းတီးသမား တဦး စောင်းတီးသည် ဆိုကြပါစို့။ ပထမတကြိမ်, ကြိုးတွေကို နှင်းကန်တင်းပြီးခပ်ကြမ်းကြမ်း တီးခတ်လိုက်သည်ရှိသော်၊ ကြိုးသံကလည်းမာ, လက်သံ ကလည်းကြမ်းနှင့် အလွန် နားရှုးလှသော စောင်းသံကြီး ဖြစ်နေတော့၏။ နောက်လဲ- ခေါင်းကလည်း အုံ နောက် နောက် ရှိနေစဉ်၊ ယင်းစောင်းသံကလည်း ဆူညံနေပါက သူများမျက်စောင်းထိုး မေးငေါ့တော့ဖြင့် အားညံ့ဆုံးခံရ မည်ဖြစ်၏။ အခန့်မသင့်က စောင်းကြိုးတွေ ဖြတ်ကုန်မှာ ကလည်း တမျိုးပင်, ဤသို့သောအဖြစ်များသည်၊ ကြိုးတင်း သွန်းသောကြောင့် ဖြစ်ပေါ်လာရသော အကျိုး တရားကြီး ပင်တည်း။ တဘက်သားကို နားဝင်ပီသံ ဖြစ်စေအောင် မဆွဲဆောင်နိုင်သော ဤအဖြစ်သည်၊ တင်းသွန်း ဖြင်းထန် သွန်းသောကြောင့်ပင် ဖြစ်ရလေသည်။

ဒုတိယအကြိမ် ကြိုးတွေကို အတွမ်းကျန် လျော့ချသော ခပ်ပြော့ပြော့ ခပ်နူးနူးကလေးသာ တီးလိုက်ပြန်သည်။ ကြိုး

ကလည်းခါ၊ လက်သံကလည်း ကြောင်စာစာနှင့် ဖြေးလွန်း
နှေးလွန်းရကား၊ ကပ်ပြီးမှ နားထောင်နိုင်သူသာ သဲသဲကွဲကွဲ
ကြားရမည်ဖြစ်သဖြင့်၊ ပျင်းစရာကြီး နားငြီးစရာကြီး ဖြစ်
လေဟော့သည်။ ဘာတီးကွက်မှန်းမသိ ဘယ်သီချင်းမှန်း
မသိ၊ တဖုပ်ကြီး ဝါကွမ်းဖန်သည့်နှယ်၊ တဒိန်းဒိန်း အောက်
ဒေါးသံတွဲ လက်သံကြဲကြီးနှင့် တီးခတ်နေပါက၊ ကြားရ
သူတိုင်းမှိုချဲ့မောင်းနှဲ့ရော ရှိပေသည်။ ဤသို့ သာလွင်
မဟုတ်သေး-ကြိုးလျော့လွန်း ချောင်လွန်းသဖြင့် ကြိုးတွေ
စောင်းအိမ်ထဲမှ ပြုတ်ထွက် ကုန်ရသည်။ ဤသည်ကား
လျော့လွန်း သောကြောင့် ခံစားရသော အဖြစ် ဒဏ်များ
ပေတည်း။

ဟတိယ အကြိမ် စောင်းကြိုးကို မတင်းလွန်း မလျော့
လွန်း၊ သံမှန် ညှိကာ လက်သံကား ခပ်မှန်မှန် မတိုးကျယ်-
ခပ်မြိုင်မြိုင်ကလေး တီးခတ်လိုက်ပြန်သည်။ ဤအခါမူကား
ကြားရသူ ဘင်အထဲမှာ အစဉ်အမြဲ ခင်မင်စွဲလန်း၍ သွား
လောက်အောင်ပင် နားဝသာတအကြည်တွင်၊ တငြိုးငြိုး
တငြိမ့်ငြိမ့်, ထောင်သူနားမှာ ကြားတိုင်းစိမ့်အောင်။ လှိုမ့်
ဘာ ချိုကာ-ပလဲကာနှင့် လွန်စွာ နားဝင်ချိုယံဖြစ်စေတော့
သည်။ ထိုမှုမက တီးခတ်ရသူလည်း မပင်ပန်း၊ စောင်းကြိုး
မှာ လည်း ပြုတ်ထွက်သွားဘို့ ပြတ်သွားဘို့ အာ ကြောင်း
မရှိ၊ ခုနစ်ရက်သားသို့ အကုန်ပင် ချစ်ခင်လေးစားအားရေး
ထား နားထောင်ခြင်းကို ခံရမည် ဖြစ်ပေသည်။ ဤသည်
ကား မတင်းလွန်း မလျော့လွန်း ခပ်မှန်မှန် ကျင့် ကြံ လုပ်

ကိုင်ခြင်း၏ အကျိုးအာနိသင် သန့်စင်ခြင်း ပေတည်း။ အကျင့်မှန်မှ -ဗဟို လမ်းစဉ် လိုက်ခြင်းကြောင့် လိုအင် ဆန္ဒပြည့်ဝခြင်း သာဓက တရပ်ပေတည်း။

ဤရွေ့မျှဥပမာဖြင့် သာဓက ဆောင်ရုံလျှင်၊ သိလောက်ရော ရှိကြန်ပါပြီ။ ထိုကြောင့် တင်းလွန်းလျှင်ပြတ် -လျော့လွန်းလျှင်လွတ်, တင်းလွန်းလျှင် မာ, လျော့လွန်းလျှင်ခါ, ပြင်းလွန်းလျှင်ကေ၊ ပေါ့လွန်းလျှင်သေ၊ စသော ပုံပမာ ပမည်းများအရ၊ အလယ်အလတ်အကျင့်မှန်မှသာ အကျိုးဖြစ်ကြောင်း သုံးအင် ဆန္ဒပြည့်နိုင်ကြောင်းတို့ကိုသိရပေပြီ။

ထိုအကျင့်မှန် အလယ်ဗဟိုလမ်းသည်လည်း လောကီကျင့်၊ လောကုတ္တရာကျင့်ဟူ၍ နှစ်မျိုးကွဲပြားပြန်လေသည်။ လောကကောင်းကျိုးကိုသာရည်မှန်း၍လား၍ကျင့်သော အကျင့်။ နိဗ္ဗာန်သုခ၊ သမ္မောဓိဉာဏ်စသည်တို့ကို ရည်မှန်းလိုလား၍ကျင့်သောအကျင့်ဟူသတည်း။ ထိုနှစ်မျိုးတွင် ဗုဒ္ဓမြတ်စွာဘုရားသည် ဓမ္မာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ရည်မှန်းသောအကျင့်မှန်မှသာ၊ ကောင်း၏ဟုမိန့်တော်မူလိုသဖြင့်၊ ထိုမဇ္ဈိမပဋိပဒါခေါ် အလယ်ဗဟိုအကျင့်မှန်ကို သရုပ်ဖော်ပြတော်မူလေသည်။

သို့ဖြစ်ရကား အလွန်ပေါ့လျော့နည်း လွန်းစွာကျင့်ခြင်းကိုရင်း၊ အလွန်ပြင်းထန်စွာကျင့်ကြံခြင်းကိုရင်းပယ်စွန့်လိုက်၍။ မလျော့မတင်း မပြင်းမညံ့အလယ်အလတ် ဗဟိုတန်းမျှ ကျင့်ခြင်းသည်သာလျှင်၊ လောကဓံဖြစ်ပုံပျက်ပုံအသုံးဖုံကို ထိုးထွင်း၍သိတတ်ခြင်း မှန်သောတရားလေးပါး

(သစ္စာ) ကိုမြင်ခြင်းဟာ ပညာတည်းဟူသောမျက်စိကို ဖြစ်စေတတ်ခြင်း၊ ထိုမှန်သောတရားလေးပါးကိုပင်သိစေနိုင်ရန် ဉာဏ်ကိုဖြစ်စေတတ်ခြင်းဟူသော အကျိုးကျေးဇူးများကိုရစေနိုင်ပေသည်။ ထိုမျှမက၊ တဝဲလယ်လယ်ဆင်းရဲနေရခြင်းမှ ထွက်မြောက်လိုသူတို့၏ အကျင့်ဖြစ်သော ဤဗဟိုကျင့်စဉ်ဝါဒမှန်သည်၊ ကိလေသာတို့ကို ချုပ်ငြိမ်းစေနိုင်သဖြင့်၊ ခန္ဓာကြွင်းကျန်လျက်နှင့်ပင် ခံစံရသော **သဉပါဒိသေသနိဗ္ဗာန်** သို့ရောက်စေနိုင်၏။ တရားမှန်လေးပါးကို ထူးခြားသောဉာဏ်ဖြင့်သိစေနိုင်၍ ထိုတရားမှန်လေးပါးကိုသိရှိပြီးနောက်၊ ခန္ဓာကြွင်းကျန် လုံးဝမရှိတော့သော **အနုပါဒိသေသ**ခေါ် အိုနာသေခြင်း ဒုက္ခဘေးတို့၏ကင်းဝေးရာအမှန် ပြည်နိဗ္ဗာန်သို့ပင်ရောက်စေနိုင်ပေသည်။

ထိုဗဟိုကျင့်စဉ် ဟူသည်ကား အခြားမဟုတ်၊ -- ကောင်းစွာသိမြင်ခြင်း၊ ကောင်းစွာကြံစည်ခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းမွန်စွာပြုလုပ်ခြင်း၊ ကောင်းမွန်စွာအသက်မွေးခြင်း၊ ကောင်းစွာကြိုးစားအားထုတ်ခြင်း ကောင်းစွာအောက်မေ့ဆင်ခြင်သတိသွင်းခြင်းနှင့်ကောင်းစွာတည်ကြည်ငြိမ်သက်စေခြင်းတည်းဟူသော အင်္ဂါမြတ်ရှစ်ပါးကိုဆိုပေသည်။ နိဗ္ဗာန်သို့ရောက်စေနိုင်ရန် ညွှန်ပြသောလမ်းဟူ၍လည်း ခေါ်ဝေါ်သမုတ်အပ်ပေသည်။

(အကျယ်ကိုမဂ္ဂသစ္စာအဖွင့်၌ဆက်ဖတ်ပါ။)

အကျင့်သုံးပါး အကြောင်းချုပ်ကို ဤမျှဖြင့် ဆွေးရပ်ထား ဦး၍ မှန်သော တရားလေးပါးခေါ် သစ္စာလေးပါး အကြောင်းကို ပေါ်ပြပေအံ့။

**သစ္စာလေးပါးတရားမှန်** ဗုဒ္ဓ သခင် ထွက်ထိပ်တင်သည့်၊ ဗဟိုကျင့်စဉ် အင်္ဂါ ရှစ်တန်ကို အခြားနည်းအားဖြင့် တဖန် ရှင်းလင်း ပြတော်မူလိုသည်ဖြစ်၍၊ ဗဟိုကျင့်စဉ်လမ်းကို **မဂ္ဂသစ္စာ**ခေါ် လမ်းမှန် တရား-ဝါ- လမ်းပြတရားမှန်ဟု အမည်တပ်ကာ ရှင်းလင်းပြ တော်မူပြန်သည်။

“တရားမှန်သည် လေးပါး ရှိ၏။ ပထမကတော့ ဒုက္ခသစ္စာ သင်္ခါရတွေ အမှန်ဟုသော တရား၊ ဒုတိယကတော့- သမုဒယ သစ္စာ ဒုက္ခ၏ ဖြစ်ကြောင်း အမှန်တရား၊ တတိယကတော့- နိရောဓသစ္စာ ဒုက္ခ၏ဖြစ်ကြောင်း တဏှာဟူသမျှ ချုပ်ငြိမ်း ကုန်ခမ်းတဲ့ အမှန်တရား, စတုတ္ထကတော့- မဂ္ဂသစ္စာ ဗဟို ကျင့်စဉ်အင်္ဂါရှစ်တန်ကို တနည်းအားဖြင့် ခေါ်သော နိဗ္ဗာန် သို့ရောက်ကြောင်း လမ်းကောင်း အစစ်ဖြစ်တဲ့ တရားမှန်” ဟူ၍ မှတ်ထားပါ၊

၁။ **ဒုက္ခသစ္စာ** ဟာ သမုဒယသစ္စာကြောင့် ဖြစ်လာရ သည်၊ ဒါကြောင့် သမုဒယသစ္စာသည် အကြောင်း တရား၊ ဒုက္ခသစ္စာသည် အကျိုးတရား။

ထိုဒုက္ခ သစ္စာကိုဖြစ်စေသည့် အကြောင်းတရားသမုဒ ယ

သစ္စာသာ မရှိလျှင်၊ ဆင်းရဲတော မှန်သမျှ အကုန်ချုပ်မည် ငြိမ်းမည် ကုန်ခမ်းသွားမည်ဖြစ်၏။

၂။ ထိုသို့ငြိမ်းချုပ်သက်၍ ဒုက္ခအပေါင်းမရှိတဲ့ အရာကို ပင်၊ သမုဒယသစ္စာ တဏှာသုံးချက် ချုပ်ပျက် ကုန်ခမ်းတဲ့ - **နိရောဓသစ္စာ** ဟုခေါ်သည်။ ထိုနိရောဓ သစ္စာကို ခရီးရနိုင် **မဂ္ဂသစ္စာ** ဆိုတဲ့ - အကျင့်မှန် ဗောဓိလမ်းစဉ်ကို လိုက်ရမည်။ ထို့ကြောင့် မဂ္ဂသစ္စာသည်ကား- အကြောင်းတရား နိရောဓ သစ္စာသည် အကျိုးတရား။

**အကျိုးတရား နှစ်ပါးသစ္စာ** ၁။ လောက သုံးဆွင် ဘုံ အပြင်ပြည်, ပုပုဇွတ္တ ဟူ သမျှ ဆင်းရဲနှုံရှိသည့် **ဒုက္ခသစ္စာ** ဆိုတာ ရှိမည်။

၂။ ထိုဒုက္ခသစ္စာရှိလျှင်၊ နိရောဓသစ္စာ ဆိုတဲ့ ဒုက္ခ အပေါင်းကင်းလွတ်ကုန်ချုပ်ရာ တရားသဘောတော်၊ တေကန်ရှိရမည်။ ဆင်းတာရှိလျှင်ကောင်းတာရှိခသလို-ပူတာရှိလျှင် အေးတာ ရှိရသလို၊ ဒုက္ခခံမှုရှိလျှင်မှုကား- ကဘက်က သုခစံရမှုရှိနိုင် သည်ဆိုသော သဘာပဒေ့မ္ဘ တရပ်ကို မှတ်ထားပါ။

ဆိုခဲ့ပြီးသော **ဒုက္ခသစ္စာ**နှင့် **နိရောဓသစ္စာ** နှစ်ပါးသည် အကျိုးတရား နှစ်ပါးသစ္စာဖြစ်၏။

**အကြောင်းတရား နှစ်ပါးသစ္စာ** အကြောင်းမရှိဘဲ အကျိုး မဖြစ်နိုင် ဟူသော စည်းကမ်းချက် အရ၊ အကျိုးတရား နှစ်ပါးသစ္စာကို တွေ့ရှိထားသဖြင့်၊ ထိုတရားတို့ကိုဖြစ်ပေါ်စေသည့်အကြောင်း

တရား နှစ်ပါးသစ္စာတော့-မြေကြီး သက်သေခံမလွဲ ကျန်ရှိရ မည်ဖြစ်၏။

ကျိုးနေသည်ကိုမြင်၍ ချိုးမှု ရှိမည့်ကို ထောက်ဆ သိရ ဘိသကဲ့သို့ရှင်း၊ ဖြတ်နေသည်ကို တွေ့ပါမူ-ဖြတ်မှုတော့ ကျန် ရှိရမည်ဟု မြော်မှန်း သတ်ပေါ်ပြောဆိုနိုင်သကဲ့သို့ရှင်း၊ အကျိုး ကို တွေ့က ထိုအကျိုးကို ဖြစ်စေမည့် အကြောင်း တရားကို တွေးဆ၍ မချွတ်ကန် အမှန်ကို ပြောဆိုနိုင်ပေသည်၊

၁။ ဘာကြောင့် ဒုက္ခ ဖြစ်ရ သလဲ ?ဟု ဆန်းစစ် လိုက် သော်-သမုဒယ အမည်ရသည့် သုံးပါးတဏှာ ရှိသောကြောင့် သာ ဖြစ်ရသည်ဟု အဖြေ ပေါ် လာ သည်၊ ထိုတဏှာသုံး ပါး ဟူသော **သမုဒယသစ္စာ**သည် အ ကြောင်း တ ရား ပေတည်း။

၂။ ဘာကြောင့် ဆင်းရဲကြောင်းတရားတွေ-ဆင်းရဲတွေ ချုပ်ငြိမ်းကုန်ခမ်းသွားရသလဲ? တဏှာဟူသမျှ ဘာကြောင့် ကုန်သွားရသလဲ?ဟု အကြောင်းရင်းကို ရှာဖွေလိုက်သော်- **မဂ္ဂသစ္စာ**ဆိုတဲ့ ဗဟိုကျင့်စဉ်တရားမှန်လမ်းကို ကျင့်လို့ပေါ့! ဟု အဖြေ ပေါ်လာသည်။ ထို့ကြောင့် **မဂ္ဂသစ္စာ** သည် အ ကြောင်းတရားဖြစ်ပေသည်။

ထို့ကြောင့် **သမုဒယသစ္စာ** နှင့် **မဂ္ဂသစ္စာ** တို့သည် အ ကြောင်းတရား နှစ်ပါးသစ္စာ ဖြစ်လေသည်။

| အကြောင်းတရား | အကျိုးတရား |
| --- | --- |
| သမုဒယသစ္စာ (တဏှာ) | ဒုက္ခသစ္စာ (ပဉ္စုပါဒါနက္ခန္ဓာ) |
| ဖြစ်ရာ | ချုပ်ရာ |
| မဂ္ဂသစ္စာ (မဇ္ဈိမပဋိပဒါ) | နိရောဓသစ္စာ (နိဗ္ဗာန်) |

ဤသို့ အားဖြင့် အကြောင်းတရား နှစ်ပါး- အကျိုးတရား နှစ်ပါး ပေါင်းလေးပါးသည်၊ ၎င်း သစ္စာ ခေါ် တရားမှန် လေးပါးမည်၏၊ ထိုလေးပါးသည်လည်း အရိယာသူတော်စင်မှသာ သိသောကြောင့်၎င်း၊ အဟုတ် တကယ် အစစ် မလွဲ- အမှန်- မှန်ကန်လှသောကြောင့်၎င်း၊ အရိယသစ္စာလေးပါး ဟုလည်း ခေါ်တွင်ပြန်သည်။

ဒုက္ခသစ္စာ ဖြစ်ပွားမှုရေးသခင် က ပေါ့ ပါဒါ
ဥာဏ် ချင်သန့် ထက်မြက်ကြ ပြီး တဲ့
ငါးပုဂ္ဂိုလ် ရဟန်းတွေကို ခင်ကျဉ်းကျဉ်း လေးဘဲ ဟော၊

တော်မူသည်။ "ရဟန်းများတို့၊ ယခုဟောမည့်တရားကတော့ ဒုက္ခခေါ်တဲ့ အရိယသစ္စာပါဘဲ၊ အမိဝမ်းထဲမှာ ကိန်းအောင်းပြီး မွေးဖွားလာရတာဟာ ဆင်းရဲလှသည်။ အိုမင်းဆွေးမြေ့ရခြင်းသည်လည်း ဆင်းရဲသည်။ ဖျားနာရတာလည်း ဆင်းရဲ၏။ သေရလျှင်လည်း ဆင်းရဲပြန်သည်။ မုန်းတဲ့ သူတွေနှင့် အတူနေရလျှင်လည်း ဆင်းရဲတာဘဲ၊ ချစ်ခင်တဲ့ သူတွေ အရာဝတ္ထုတွေနှင့် ကွေကွင်းကွဲကွာရလျှင်လည်း ဆင်းရဲပေသည်။ လိုတာ မရလျှင်လည်း ဆင်းရဲတာပါဘဲ။ အချုပ်အားဖြင့်ကား- ဥပါဒါန်ခေါ်တဲ့ လွန်လွန်ကဲကဲ အားကြီးဘဲ စွဲလန်းစွာယူခြင်း၏ အာရုံဖြစ်တဲ့ ဤခန္ဓာငါးပါး ရုပ်နာမ်တရားကြီးဟာ၊ ဒုက္ခ ဒုင်ခဲ တကယ့် ဆင်းရဲကြီး ပါဘဲ" ဟု ဟောတော်မူခဲ့လေသည်။

**ရှင်းဦးအံ့။** စိတ်ဆင်းရဲမှုဘဲဖြစ်ဖြစ်၊ ကိုယ်က ဆင်းရဲပေတာဘဲ ဖြစ်ဖြစ် ဆင်းရဲတာ ဟူသမျှ ဒုက္ခသစ္စာဟုခေါ်သည်။ ဤသို့ ရှင်းရှင်းလင်းလင်းကြီး သိလာလျှင်၊ အရိယာ သူတော်စင် အဖြစ်သို့ ရောက်သောကြောင့်လည်း ဒုက္ခအရိယသစ္စာဟု ခေါ်တွင်ပြန်သည်။ အဟုတ်တကယ် လွဲဖယ်သွေလို့ခြင်း မရှိ ပကတိမှန်ကန်သောကြောင့်လည်း ဒုက္ခအရိယသစ္စာဟု မည်သတည်း။

**ဇာတိဒုက္ခ** နှစ်တောင့်ထွာ ပတ်လည်ခန့်ရှိ ဖန်သေတ္တာ ယင်းသုလုံ တလုံးထဲ ဝင်ပြီး ဗိုက်အောင် ထားကြည့်စမ်းပါ။ တနာရီ နှစ်နာရီလောက် ကြာလျှင်ဘဲ၊ အ

ဖော် ပင်ပန်းပြီး ငြီးငွေ့ လာသည်ကို တွေ့ရ ပေမည်။ ထို သေတ္တာပေါ်ကများ၊ မီးဖိုကလေးသာ တင်ထား လိုက်လျှင် ပေါ့-အော်ပြီးငိုလိုက်ချင်လောက်အောင်စိတ်ပင်ပန်း ကိုယ် ပင်ပန်း ခံစားရသည်ကို တွေ့ကြမည်။အလုံထောင်ထဲ ကျဘူး-သူများ၏ ဒုက္ခ ဝေဒနာကိုလည်း စဉ်းစားကြည့်ပါလေ။ ဤသို့ စသော ဒုက္ခများကား၊ အမိ၏ ဝမ်းကိုက်ဝယ် ပဋိသန္ဓေ စွဲ၍နေ မှီကာလ်ရသည့် ဒုက္ခနှင့် နှိုင်းစက်ကြည့်ပါက၊ အပုံ တရာ့ပုံ တပုံမျှ မရှိသေးပါ။

တဖွာသာသာ ပမာဏရှိသော အမိသားအိမ် အတွင်း မှာ-အလင်းရောင်မရှိ ဘာမရှိ ကျဉ်းကျဉ်းကြပ်ကြပ်နှင့် ခြေ မဆန့်သာ လက်မဆန့်သာ ကွေးကွေးကလေးနေရရှာသည်၊ သွေးနှင့်သားနှင့်ကလေးကို မှန်းဆကြည့်ပါ၊အမေက အစပ်တွေ အပူတွေပေးလိုက်ဘိုင်း ခေါင်းပေါ်ဟို မီးအိုးကင်းကြီး သွန်းချ လိုက်သလို ဒုက္ခ ခံရရှာသည်။ အမေက ကုန်းကွလိုက်လျှင် ကျောက်ပြားနှစ်ချပ်ကြားတွင်ညှပ်ပြီး ဖိညှစ်လိုက်သလို အား အလဲ ခံရရှာပြန်သည်။အမိက ခုန်လိုက်ပေါက်လိုက်လျှင်လည်း ဂုန်နီအိပ်ထဲထည့်ပြီး ဂိုင်ဆောင့်သလို၊အောင့်သက်သက်ကြီး ခံရသည်။တခုက်ထဲလည်း မဟုတ်- အသက်ထဲလည်း မဟုတ်။ ရက်ပေါင်းသုံးရာနီးပါးမျှ ဝေဒနာဒုက္ခ ခံစားနေရရှာသည်။ သေတ္တာကဲ့ တနေ့အပိတ် အလှောင်ခံရမည်ဆိုပါက၊ရူးမိုက် လိုသို ကြောက်ကြသည်။ ထောင်ဘနှစ် အလုံခန်း သွင်းစေ-အမိန့်ချမှတ်ခံရသော အကျဉ်းသားသည်၊ယူကြုံးမရအောင် ငိုင်ဆဲလန့် စိုးရိမ်ရှာပေသည်။ဘိုထက် အဆ ရာထောင် မက

ဒုက္ခတွေများခြောင်း ကဲလွန်သော အမိဝမ်းထဲ၌ ပဋိသန္ဓေနေ ရခြင်း ဒုက္ခကိုမူကား- အဘယ် ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ ကြောက်ဘွယ် လန့်ဘွယ်ကောင်းလေစွ။

မွေးလာတော့လဲ ကြည့်စမ်းပါဦး။ လက်ကောက်ကွင်းစွပ် ဖြစ်စေ လက်စွပ်ဖြစ်စေ- ခပ်ကြပ်ကြပ်ကလေး ဖြစ်နေ၍ အတင်းဆွဲချွတ်လိုက်လိုက်သည့်အခါ၊ လက်ခေါင်း, လက်ဖြိုးကလေးတွေဟာ- စပ်ဖြဲးဖြဲးကြီးနှင့် ပူစပ် ပူလောင် အခံရခက်လှအောင် ဒုက္ခဖြစ်ဘူးကြပေသည်၊ အရေပါးကလေးပွန်းသွား၍ နီကျန်ရစ်သော ဝေဒနာမှာ, အခံရ မသက်သာလှပေ။ ထိုဒုက္ခထက် အမိဝမ်းတွင်းရှိ သူငယ်သည်၊ နေ့လစေ့၍ ဖွားမြင်ရသောအခါ၌ကား၊ အတွင်းမှ ကမ္ဘာလောက မှထုတ်ပြကွန်းသော ဒဏ်ကိုသည်း ခံရ၏။ အမိ ဝမ်းဂကို ကြပ်ကြပ်ညှပ်ညှပ်တိုးဝှေ့၍ ထွက်ရသောအခါ၊ ဝါဂွမ်းဆိုင် ထက် အဆရာထောင်မက နူးညံ့ လှသော အသားနှင့် အရေပါးကလေးပွန်းပဲ့သွားတတ် ထိခိုက်သည်ရှိသော်၊ သည်းအူ ဖြတ်မှထောက် နာကျင် ခံရရှိရလေသည်။ ထိုကြောင့်ပင် မွေးခါစကလေးများသည်၊ ရီရီမောမော နှင့် လာသည်မရှိ၊ အသည်းအသည်းအသန် ငိုကြွေး ဟစ်အော်ကြရှာလေသည်။

အမိ ဝမ်းပြင်ထွက်ရောက်ပြီးသောအခါ၊ မွေးဆွဲဆရာမ လက်သည်မ များက လက်ကြမ်းကြီးတွေနှင့် ဆုံကိုင် ဖြိုအတော် ဆုပ်နယ်ပြီး ရေနွေးရေအေးတွေနှင့်- အပုတ်တွေပက်၊ မီးတွေကင် လုပ်သောအခါမျိုး၌ကား၊ ဟုံကျင်လှ၍ မီးဖုတ်ခံရသော ရေခဲဝင်ကောင်မှုမက ဒုက္ခခံရှာပေသည်။ ဖိုးမောင်

ပြီးစ အရေပါးကွာသွား၍ ကျန်ရစ်သောနီကြွန်ကြွန် အသားနု ကလေးပေါ် မိမိလက်ညှိုးဖြင့်ပင် တို့ကြည့်စမ်းပါ။ အလွန် ပူ စပ်နာကျင်၍ အခံရ ခက်သည်ကို တွေ့ရ ပေမည်။ မွေးခါစ ကလေး၏ အသားသည် ထိုမီးလောင်စ အသားနီ ကဲ့သို့ပင် နူးညံ့လှသဖြင့် ထိခိုက်ကိုင်တွယ်မှုကို အလူးအလဲပင် ခံရရှာ ပေသည်။ ဤသို့လျှင် ဇာတိဒုက္ခ၏ အကြောင်းကို ရှင်းလင်းစွာ သိလောက်တန်ပါပြီ။

**ဇရာဒုက္ခ** ပုတိုင်းလူတိုင်း, အိုရမှာ ဟောင်းရမှာကို ကြောက်သည်။ မိမိ အသတ်ကလေးများ ဟောင်းနွမ်းသွားမှာ ဆွေးမြေ့သွားမှာကို အလွန်ကြောက်ကြ သည်။ မည်သူမဆို အပျို လူပျို ဘဝတုန်းကလို အသားအရေ ဖိုးဖြိုး ဖြည့်ဖြိုး၍ နေလိုကြသည် ပါးရေတွန့်သွားမှာ, သွားကျိုး ဆံဖြူသွားမှာ, ဂါကုန်းကြီးနှင့် ဖြစ်မှာကို ကြောက်လန့်ကြ သည်။ အိုလာလျှင်- သမီးမုန်း သားမုန်း-အများမုန်းသည်ကို သိကြသေသည်။ မျက်စိကလည်းသိ, နားကလည်းထိုင်း, ခါးက လည်းကိုင်း, မေးချွန်လို့ပါးဝိန် ခါးလိမ်၍ နံကားနားသာ ဂျာအို ဘိုကို စက်ဆုပ်ကြသည်။

မြင်ရုံသာ မြင်ရ-ကြားရသည့် ဝေဒနာကို ပုဒိုတိုင်း ခံစားရသည်၊ သွားချင်တိုင်း မသွားနိုင်, စားတိုင်းလည်း အရသာမတွေ့တော့ပေ၊ ကြည့်လိုက်တိုင်း မှုန်မွှါးမွှါး ပွဲသိသိနှင့် မကြည်မသာတွေ့ရသည်။ နားကလည်း ဈေးနှင့်ပျိုစဉ်ကလိုမဟုတ် တော့သဖြင့်၊ အသံ-ညာသံမှန်းကွဲကွဲပြားပြား မကြားရ၍၊

စိတ်မချမ်းသာမှုဖြစ်ရပြန်သည်။ ကိုယ့်ထက်နှငယ်အောက်ကျသူများက မခန့်လေးစား အရေးမထားပြုမှုသောအခါမျိုး၌၊ ဒေါတပေါင်းပေါင်းနှင့်၊ ကိုယ်ကလည်း ရှေးကလို မစွမ်းဆောင်နိုင်တော့သဖြင့်၊ အံကြိတ်ကာသာခံရှာလေသည်။ ဤဒုက္ခမျိုးကား အားကြီးပင် ဆင်းရဲလှချေ၏။

အသက်ဆယ်နှစ်-ကိုးနှစ်ရွယ် နှငယ်စဉ်က၊ လောကရေးရာ ဘာတစ်ခုမျှ မမြင်ခဲ့ရသေးသည့်၊ ကြီးပြင်းဖွံ့ဖြိုးလာသောအခါ၌ စာရာဝါသ သမ္ပာဓဟု ကိန့်မြားမြောင် လူ့ဘဝ၌ သောအသက်မွေးမှုအတွက်၊ လုပ်ရ ကိုင်ရ ကြိုးစားရပည့်ရှာရ၊ ဥစ္စာရှာရနှင့်။ နေ့မအား ညမအား အလုပ်တွေများကာ ဒုက္ခဖြစ်ရတော့သည်။ ထိုအခါ "အင်း-ကြီးလာ အိုလာချင်၊ ဒုက္ခချည်းဘဲ" ဟု ညည်းညူကာ ကြလေတော့သည်။ နှမျိုးညီက-တော့လုံးဝိဇ္ဇာ ဖြစ်ခဲ့သူမှာ၊ အသက် ခြောက်ဆယ်ကျော် ဇရာဘာဝ ဘင်ရောက်သောအခါ၊ တော့လုံးပင်ကာစားရာ၊ တဘုန်းဘုန်းလဲ၍ ဟောဟဲဆိုက်အောင်၊ အမေ့ဆိုကား နှငယ်များ၏ မလိမ္မာပတ် ကျီစားသည်ကို ခံရသဖြင့်၊ ပွဲကြည့်ပရိသတ်များတရုန်းရုန်း ပြုံးသည်ကိုခံရလတ်သော် "အင်း-အိုလာတော့ အသုံးမကျပါဘူး-ဒုက္ခပါဘဲ" ဟု ငြီးငြူရှာတော့သည်။ ဤသို့လျှင် အသေသသတ်အိုမင်း ဆွေးမြေ့ ခွင့်မရှိခြင်းသည် ဆင်းရဲမှုဒုက္ခအစစ် ဖြစ်ကြောင်းသိလောက်စရာရှိနေပါပြီ။

"ဟောင်းလေလေ ကောင်းလေဘဲ၊ ဘိနပ်ကြည့်ပါလား" ဟု ဆရေမရာသင်ခြေကန်သူရှိသေးသည်။ စီး၍ကောင်းရုံ-သာက်

ဟောင်းဟာအိုဟောကိုသာမကြည့်ဘဲ ထိုထက်ပို၍ရတ်ပြတ် ဆွေးမြေ့နေလောက်အောင်၊ ဆွာဟာဇက်ပြုတ်၊ ရှောစလန်၊ အနားဖွား၊ ချုပ်စကပွေလိ၍ ကြိုးကာလည်းပြတ်၊ ချုပ်စကာလဲ ပြနေသော ဘိနပ်ဟောင်းကိုမူ၊ ကောင်းသည်ဟု သူဆိုဝန့်သည်မဟုတ်ပေ။ ထိုကြောင့်လည်းအိုမင်းဆွေးမြေ့ ရင့်ရော်ချခြင်းသည်၊ ဆင်းရဲမှုအစစ်ဖြစ်ကြောင်းဝန်ခံရပေမည်။

## ဗျာဓိဒုက္ခ

နာခြင်း၊ ချောင်းဆိုး၊ ခေါင်းကိုက်၊ ဝမ်းစါးလ..ဘ်လှုန်၍၊ မအီမသာဖြစ်သည်က အစ ပြည့်သူဘမှု၊ ရောဂါအနာကိုခံစားလိုကြပေ၊ အင်အားဖြည့်တင်းစေရန်အတွက်၊ ထမင်းနပ်မှန် ရေသွက်မှန်သောက်ကြစားကြသည်။ အချက်ချက်အလလ ရှင်ပါသောအင်အားကို၊ ပါရွေးသားမျှ ကျော်ပျော့ခဲလိုကြ၊ တရက်ဖျားနာ ကဘရက်အလုပ်ပျက်သည်၊ အင်အားဆုတ်လျော့သည်၊ ထမင်းစါးခံတွင်းပျက်သည် စသောမလိုလားမှုတွေဘဖြုံကြ တခေါင်းကြီးပေါ်သည်။ လူ့နိုင်-နှစ်နိုင်၍ ဖွဲ့ကပ်လာသောဒုလာသွေးပမ်း၊ ခေါင်းဦးရင်းခဲနာ၊ အူဆောင်နာ၊ အဆုပ်နာ၊ နှ-ပုံပျက်နာ၊ သွေးချက်နာ၊ ပြုံးရှော်ပျက်နာ စသောနာတာရှည်ကိုယ်ပျော့ချမ်းသေ၊ ခြေဘုံးလက်ကျုံး အနော်ပဆုပ် ကိန္နရာနာစသော အနာကြီးများ၊ ကျောက်၊ ပုလိပ်၊ ဝမ်း စသော ရုပ်ပျက်ဆင်းပျက် ရောဂါများနှင့် ပေကျ၊ နူနာ၊ ပွေး၊ ညှင်း တင်းတိပ်ကိုကြိမ်ဖြစ်၍ အလုံးစုံသော ရောဂါအနာ ဟူသမျှသည်၊ သုံး

ကောင်းကျိုး ဟူ၍ လုံး၀ မပေး ဒုက္ခရေးကိုသာ ဖန်တည်းလေသည်၊

ထိုအနာရောဂါမျိုးစွဲကပ်လာပါက၊ စီးပွားရေးလည်းနိုက် အင်အားချိနဲ့၊ အခိုးပေါ်အခြေတင်၍၊ မြင်သူတိုင်း ရွံလောက်သောအခြေသို့သိုက်ကာ မဟာဒုက္ခကြီးခံရှာတော့သည်။ ဤရု သူလူနာရှင်များမှာ တရက်နှစ်ရက်တော့ဖြင့် တော်ပါသေး၏၊ လနှင့်-နှစ်နှင့်စွဲကပ်လာသောရောဂါဝေဒနာအတွက်ကြောင့် မှုကားမဲ့ကာ ရှဲ့ကာ ကတောက်ကဆ မျက်စောင်းတထိုးထိုး မျက်မာန်ကြီးကာပြူးပြူး၊ စိတ်ဆိုးမာန်ရှနှင့် နေ့ရက်နာရီဇဇ နှင့်အချ ဝေဒနာရှင်လူနာ စိတ်ဆင်းရဲအောင်နှိပ်စက်ကြတော့သည်၊ ထိုအခါ "ခြောက်-ဖျားနာချင်းဟာ တကယ်ဆင်းရဲပါကလား၊ ငွေရက်ကလေးပုံကုန်ကာ သူများပြုသမျှနှုံ့ခံတဲ့အခြေရောက်လျက် ဒုက္ခခံရတော့တာဘဲ၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲနှင့် သေတောကကောင်းသိန့်ကပါရဲ့" ဟုငြီးတွားမိရှာလေသည်။

မသွားကမုန်း သွားကမုန်း၍ အများကလည်းအချမ်တုံးသော ယူနာရောဂါသည်ကြီးမှာ ဘယ်ဟာမှအကောင်းကို မတွေ့ရဘဲ အစါးလည်းထင်ထိုင်းပါးရ၊ မတဲ့တဲ့အစါမို့ဘာမိုနှင့်၊ တဲ့သည့်ဆိုသောအစါးတွေကလည်း၊ အရသာမတွေ့၊ အပြင်ထွက်ချင်သို့လည်း လေစိမ်းဒီမပေး နေရောင်ခပ်တော်သကလေးနှင့်တားဆီးကြသဖြင့် ချောင်ကျကျစောင်းကလေးဉ္စပ် ပက်လက်တချိုး မှောက်၍တဖန်ဖြင့် ဇာပုဒ်ခတ်ခင်းဘာ ဝေဒနာကိုမဆီးဘင်ကဲခံရှာလေသည်။ ဤသို့

သူလိမ္မာက တော်ပါသေးရဲ့။ သို့သော်- ဝေဒနာရောဂါက ကိုက်ခဲကျင်နာလာမှဖြင့် ကြိတ်၍မှိတ်၍သာခံရရှာလေသည်။

သခုလောကဝယ်မဖျားမနာဘူးသူဟူ၍ မရှိသလောက် ဖြစ်ခုကား ဖျာဓိဒုက္ခတည်းဟူသော ဖျားနာရခြင်း၏ ဆင်းရဲကိုခံစားရသူချည်းဖြစ်ပေမည်။ ထို့ကြောင့် နာကျင်ကိုက်ခဲအများရောဂါ ဝေဒနာခွဲခြင်းသည် ဆင်းရဲကြောင်းကို သိ သောက်တန်ပါပြီ။

**မရဏဒုက္ခ** ပုထုဇဉ်မှန်သမျှ မည်သူမဆို ကိုယ့်ခန္ဓာကိုယ်ထဲမှ ယုတ်စွအဆုံး လက်သည်းလေးတချောင်း ပြုတ်သွားမှာကို သွားတချောင်းကျိုးပဲ့သွားမှာကိုပင် အလွန်စိုးရိမ်ထိတ်လန့်ကြသည်၊ နှမျောကြသည်။ ကိုယ်ခန္ဓာ၏ခက်မ ငါးဖြာတွင်တခုခုချို့တဲ့ပျက်စီးသွားမှာကိုပင် အကြီးအကျယ်ထိတ်လန့်စိုးရိမ်ကြသည်။ ထိုခန္ဓာအင်္ဂါအစိတ်အပိုင်းထက် အသက်သေမှာအလွန်ပင်ကြောက်ကြလေသည်။ ဖြစ်ရာဘဝ၌သာ ပျော်ကြလေသည်၊ ပျော်နေသည့်ဘဝကို မစွန့်လွှတ်လိုကြပေ။ လူဖြစ်သူကလည်း လူ့ဘဝ၌ပင်ပျော်မွေ့ကြ၊ နွားဖြစ်သူကလည်း နွားဘဝ၌ပျော်မွေ့ကြ၊ ကျေးငှက်ဖြစ်သူကလည်း ကျေးငှက်ဘဝ၌သာ ပျော်မွေ့ကြသည်။ ဤဘဝ ဤခန္ဓာကိုယ်ကြီးနှင့် စည်စည်ပင်ပင် ပျော်ရွှင်နေပြီးမှ ဤခန္ဓာကိုယ်ကြီးကို ပစ်စွန့်ကာ ခွဲ၍ သွားရမည့် အရေးကား၊ တွေးလိုက်တိုင်း ခေါင်းလေးဘွယ် ရှိလှသည်။

ဘဝကူး ကောင်းမည့် အရိယာသူတော်စင်များ အတွက်မှာ,ထားပါဦးတော့၊ သို့သော်-သူတို့လည်း တခါပြီးတခါ သေတလဲလဲ သေနေရမှာ ကိုတော့ အဟုတ် ကြောက်ကြသည်။ သေရလွန်း၍ ဆင်းရဲရပေါင်း များလာတာမို့ သေရမှာကို အလွန်ကြောက်ကြသည်။ ထိုကြောင့် နောက်ဘဝထပ်မသေနိုင်အောင် ကျင့်ကြံကြသဖြင့်၊ နိဗ္ဗာန် ဆိုတဲ့ မသေနိုင်သော "အမတ" ဆုကို ရသွားတော်မူကြ၏။

ယခုဘဝ ညည်းစိမ်ဝနေသည့်ပုထုဇဉ်များ, သေရမှာကို အလူးအလဲ ထူးကဲစွာကြောက်ကြသည်။ သေရမျှင်ကောင်းမှာဘဲဟု ပါးစပ်ဆော့၍ ငြီးတွားကြသော်လည်း၊ တကယ် သေရမှာကိုတော့ ချေးစေးထွက်အောင် ကြောက်ကြသည်။ ဘာကြောင့်နည်း? သေရခြင်းသည် ကောင်း သောကိစ္စ မဟုတ်- သုခမဟုတ်၊ ဆင်းရဲခြင်း တမျိုးဖြစ်သည်။ ခုဘဝကောင်းသလို-နောက်ဘဝကောင်းချင်မှ ကောင်းမည်။ မကော တဆ တိရစ္ဆာန်တွေများ သွားဖြစ်နေမှဖြင့်-ဟု တွေး ႏ ကြလေသည်။ ကံ့ယုံ့သိလကို ကိုယ်သိပ်မ ယုံကြ သူများ အဖို့ ကြောင့်ကြခြင်းမှာ မထူးဆန်းလှပေ။

ရှိသေးသည်။ "သေသွားလျှင် ကျန်ရစ်တဲ့ သားသမီးတွေ ယောက်ခင်ပွန်း ဆွေမျိုး မိဘတွေ ဘယ်လို သုပ်ခေကြပါမလဲ၊ ငါမရှိတဲ့နောက် ဘယ်လိုစားသောက်ကြမလဲ၊ ဘယ်သူ့ကို အားကိုးတော့မလဲ၊"ဟု တွေးမိလျှင်ပင်၊ သေရမှာ အခော် ကြောက်ကြပေမည်၊ စာတွေကြိုးစားပမ်းစားသင်, အလုပ် ကြိုးစားလုပ်ကိုင်၍ ဖိမခံသို့ဖြစ်သည့် ရာထူးတွေ ဘွဲ့ထူးတွေ

နှင့် ကြီးပွားနေသူများကား၊ မိမိဘဝအသက်တာကို ရှည်စေ
လိုကြပေသည်။ မောစောကြီးငြိမ်း သေကာ၊ ဒုက္ခ ခံနေ့ရသလောက်
အကျိုးမပေးစားမှု-အခေါ်းမကာမိမှု-အထူးစိုးရိမ်ကြသည်၊
ထို့ကြောင့်လည်း အသက် တရာ တကာမှ ရှည် အာ ယု
ဝဍ္ဎ ဆေး တွေ ရှာ ဖွေ နေကြသည်။ သေရမှာကို အသူး
ကြောက်ကြသည်။

ဘာကြောင့်နည်း? သေခြင်းသည် ကောင်းကျိုး မပေး၊
ဘဝတခုလုံး၏ ဓာတ်သိမ်းချ ဖြစ်၏၊ ခန္ဓာကိုယ်ကြီးမှ မခွဲချင်
ဘဲ ခွာရက်ခဲသော်လည်း၊ စွန့်ပစ်ကာသာ သွားရသည်၊ ကိုယ့်ကိုတ
ယောက်သေသည့်အတွက်၊ အများ ဆွေမျိုးသင်္ဂဟတွေ-စိတ်
ဆင်းရဲ ကိုယ်ဆင်းရဲ ပူဆွေးငိုကြွေး ရသည်။ သေသည်မှတ်
ပချိတ်တွေ ကုန်ရသည်။ သေပြီးသော အလောင်းကောင်ကြီး
ကို မြေမြှုပ်ရ- မီးရှို့ရ- ဂူသွင်းရ- သထင်းစာ ထည့်ရ-
ဘုန်းကြီးပင့်ရ စသည်ဖြင့်၊ အသုပ်တွေ ရှုပ်ပွေစေခဲ့ရသည်။ ပြီး
တော့လဲ-မိမိအတွက် အမှုအတန်းမျှ ကုသိုလ် လုပ်ပေးရ
နှင့်၊ ကျန်ရစ်သူ ဆွေမျိုးသင်္ဂဟများအား အနှောင့်အယှက်
ဖြစ်စေခဲ့ရပြန်လေသည်။ ထို့ကြောင့် သေခြင်းသည်၊ တကယ့်
ဒုက္ခ ဓပါဆင်းရဲကြီးပင် ဖြစ်တော့သည်။ သူများ သေသဖြင့်
ဆင်းရဲရောက်ရသည်ကို ကိုယ်ချင်းစာနာ၍၊ မိမိသေရလျှင်
လည်း၊ အသားတူ ဆင်းရဲမှာဘဲဟု မှန်းဆ စဉ်းစားသင့်ကြ
ပေသည်။

အဘိဓမ္မာပိဋကသင်္ဂြိုဟ် ရှင်းသန့်သော ပုဂ္ဂိုလ်ထူးကြီး
များ အတွက်မူကား၊ ဆိုအပ်ခဲ့ ပြီးသော ဇာတိ ဇရာ ဗျာဓိ

မရဏဟူသည့်ဘေးမှာ၊ တဘဝလုံးသော နှစ်ရှည် ကြာကြာ ကြီးကို သာ ယူဆ သိမြင်သည် မဟုတ်ပေ၊ ဥပါဒ် ဌီ ဘင် တည်းဟူသော စိတ်၏အစဉ်၌ ဖြစ်,တည်,ပျက်၊ ဖြစ်,တည်, ပျက် ဟူ၍၊လက်ဖျစ်တတွက် ပျက်တခဏ အတွင်း၊ ကုဋေ တသိန်း မက ဖြစ်ပေါ်လာလိုက် တည်မြဲပြီး ပျောက်ပျက် သွားလိုက်နှင့် ရှိသည့်ဒုက္ခများအထိ၊ ဉာဏ်ကျက်စားတော် မူကုန်သည်။ ထိုသို့ ဖွင်းသော နိုင်ကြခြင်း ကြောင့်ပင်၊ တဘဝနှင့် တခြားမလပ် ထပ်တလဲလဲခံစားနေရသော ဇာတိ ဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခကြီးတွေကို အလွန်ရွံမုန်း ကြောက်လန့်ကြလေသည်။ ထို့ကြောင့်လည်း "ဤလောက၌ ချမ်းသာမှု အလျဉ်း မရှိခဲ့ တကား! လောကမှ လွတ် ထွက် ကျွတ်မြောက်မှသာ ချုပ်ငြိမ်း ဒုက္ခ စဲလိမ့် တကား!" ဟု ငြီး တွား လျက်၊ ကြိုးစားတော်မူကြလေကုန်သည်။

**အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ** မချစ် မနှစ်သက်အပ် သော သတ္တဝါ၊ တရား သဘောတို့နှင့် အမြဲတမ်း ပေါင်းဖော်ယှဉ်တွဲ မှီဝဲနေရခြင်း သည်၊ ဆင်းရဲလှ၏။ ကြက်တကောင်နှင့် ကြောင်တကောင် အတူထားသည့်အခါ၊ ကြက်ကလည်း "ဒီကြောင် ဘယ်အ ချိန်မှာ ငါ့အပိုက်ဖမ်းပြီး ချပ်လိုက်လျှင်တော့ အသေပါဘဲ" ဟု တွေးကာ ရင်တမမနှင့် စိတ်မချမ်း မသာရှိနေသည်။ ကြောင်က အဟာရ တကယ် မသတ် မစား သေးလည်း၊ က စားရုံမျှ လက်ကလေးနှင့် ပုတ်ကြည့်လိုက်၊ သွားကလေးနှင့်

ခဲ့ထားလိုက်ဖြင့် ကျိစယ်နေပါက၊ မခံချိမခံသာ ဒုက္ခတွေနေ ရရှာပေမည်။

"ကြောင်ကလည်း ဒီကြွက်ကို ငါထချပ်လိုက်ရင် ကောင်း မလားဘဲ၊ ဟာ သနားပါတယ်လေ- အို ဘာဘဲ ဖြစ်ဖြစ် ငါ့ အစာဘဲ" ဟု ချိတုံ ချတုံနှင့် စိတ်ရှောက်မအေး ရှိနေရသည်။ "မတော်တဆ လွတ်ထွက်သွားမှဖြင့် ကိုယ်ကျိုးနဲ့တာဘဲ၊ ငါ့ အစာ ငါ့အကြိုက် ဖြစ်လျှက်ဘယ်နှင့် ငါ့လက်တွင်း ရောက် နေမှ ဟာဘို၊ ငါမစားလိုက်ရင် ငါညံ့လို့ဘဲ၊ မုတ်ဆိတ်ကြား မှာ ပျားလာစွဲနေမှကို" စသည်ဖြင့် ခိုင်တဒိုဒိုနှင့် ဒုက္ခတွေ့ရှိ နေရပေသည်။

အားချင်းဘူမျှသော တောဝက်နှင့် ကျားဆိုပါတော့-သူ တို့နှစ်ကောင်ကို တချိုင့်တည်းတွင်လှောင်ထားသည်ရှိသော်၊ ကျားကလည်း ဝက်ကိုမာန်တဖီဖီ-ဝက်ကလည်း ကျားကို မာန်တစောင်စောင်နှင့်၊ ရန်ထောင်ကြကာ စားချမှန်း မသိ၊ အိပ်ချမှန်း မသိ စိတ်လက်မချ ဒုက္ခတွေ ဖိနေကြရှာပေမည်၊ ငါ့ကိုသူမယုံ သူ့ကိုငါမယုံနှင့် ဒုက္ခပုံကြီးတွေ့နေရပေသည်။

မြည်တွန်တောက်တီးခြင်းများလှ၍၊ ရိုက်ပုတ်ထိုးကြိတ် လွန်းသော ဆရာဆိုးနှင့်အတူ ပါဆိုသီတင်းသုံးနေရရှာသော ရဟန်းငယ်ပေါ်ကို တွေ့လိုက်မိဘူးသည် ဝါကလည်းကျွတ် ခဲ့၊ ဝါတွင်းကြီးမို့ ကြိတ်မှိတ်နေရရှာသည်။ ဆရာ့ပါးစပ်ဒဏ် လက်ဒဏ်ကို မခံနိုင်ရှာ ရကား၊ စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဖြစ်ကာ၊ ဝါမကျွတ်မီ ဆေးရုံ တင်လိုက်ရလောက်အောင်ပင်၊ စိတ္တဇရောဂါစွဲကပ်သွားရှာလေသည်။

မုန်းသောသူနှင့် အတူနေရသျှင်၊ ကိုယ့်ကို မချစ်မနှစ်သက်သူနှင့် အတူနေရလျှင်၊ စိတ်ကလည်း ဆင်းရဲ ကိုယ်ကလည်း မရှိတင်ကဲ အလူးအလဲ ဒုက္ခခံရပေသည်။ မိဘနှင့် သားသမီးပင် ဖြစ်လင့်ကစား, မပြောင်းနေပါက တကျက်ကျက်နှင့် စိတ်လက်ပူပန်နေကြရသည်။နာရီမလပ် စိတ်ဒုက္ခ ကိုယ်ဒုက္ခ ဖြစ်ကြရသည်။

မေ့လျော့ တတ်သော သဘောတရား, အခေါ့ အထကို ဘယ်သူမျှ မနှစ်သက်ချေ။ထိုမေ့လျော့တတ်ခြင်း အကျင့်များ ကိုယ်မှာ လာစွဲ နေသျှင်၊အတော်ပင်စိတ်ကိုယ်နှစ်ပါး ရှိရှား ဆင်းရဲသည်။ ဟာဘဲ လုပ်လုပ် မေ့လျော့တတ်လွန်းသဖြင့်၊ အလွဲလွဲအချော်ချော် ထင်ဘာဘာမျိုး ဖြစ်တာ တခြားနှင့် ယှူ ကြီး မရ ဒုက္ခ ခံရသည်။ ထိုအသားတူ မနှစ်လို အပ် သော သဘောတရား အလေ့ပါဒသိုးများနှင့် ယှဉ်တွဲမှိုပဲနေရခြင်း သည် တကယ့်ဆင်းရဲ့တရပင်တည်း။

သူတော်ကောင်း သူမြတ်လောင်းများတွဲသည်၊တကျောကို မုန်း၏။ထိုကြောင့် ပယ်ချက်ကြ၏။အချိုမလွဲသာ မရှောင်သာ ပူးတွဲယှဉ်တွဲနေရ၏။ရဟန်းပြုပြီး တောခုပ်ခိုးချင်ကြ၏။သို့သော် မိဘများက အခွင့်မပေးဘဲသော်ငြင်း၊သားမယားများက တား မြစ်၍သော်ငြင်း၊ မိမိအရှင်သခင်များထံမှ အမိန့် အခွင့် မရ၍ သော်ငြင်း၊အကြောင်းစုံညီညွှတ်၍ ထိုတကျောတရားနှင့် တွဲ ယှဉ်မှီကပ်နေရသျှင်၊ဇီဘနာ နာရီနှင့် အမျှ စိတ်ဆင်းရဲ ကိုယ် ဆင်းရဲ ဖြစ်နေကြရလေသည်။

ဓလာဘနိတိဌ္ဌ ဆိုထားသည့်အတိုင်း၊ အနာဂရောဂါသည်

မသိုလားအပ်သော အရာဖြစ်သောကြောင့် ရန်သူမည်၏။ ထို ရန်သူဝေဒနာသည် ကိုယ်၌ လာရောက် စွဲကပ်နေပါမူကား၊ ဆင်းရဲပင်ပန်း မချမ်းမသာ ဖြစ်ကြရလေသည်။

ယခုခေတ် သူ့ပုန် ထားပြလက်တွင်းသို့ ကျရောက်နေကြရသော၊ အမိုးအရာရှိ ကြီးငယ်များသည်လည်း၊ ဒုက္ခ သာဓက တရပ်ပင်၊ "ဘယ်အချိန်များ ငါ့ခေါင်းကို လာဖြတ်ပါ လိမ့်၊ ဘယ်နေ့ရက်များ သေနပ်နဲ့ လှမ်းပစ် လာပါလိမ့်" ဟု တွေးတောပူပန်ကာ နံက်အိပ်ရာထတိုင်း 'မျက်နှာသစ်ရာ ခေါင်းမှရှိပါလေသေးရဲ့လား" ဟုပင် စမ်းသပ်ကြရလောက် အောင် စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဖြစ်ကြရှာသည်။ ကိုယ်မချစ် မနှစ်သက်သော ဓနိ ခင်ပွန်းတို့လည်း၊ တသက် တာလုံးပင်၊ မိဘစကားကို မလွန်ဆန်ဝံ့၍သာ၊ ကြိတ်မှိတ်နေကြ ရသည်၊ အသီးသီး၌ကား ဤဒုက္ခမျိုးသည် နှိပ်စက်လျက်ရှိ ဘိ၏။

ထို့ကြောင့် ထိုစကားမှန်၏။ မုန်းသောသူ မနှစ်သက်သော တရားတို့နှင့်ပေါင်းဖော်ယှဉ်တွဲ၍ နေရခြင်းသည် ဆင်းရဲမှု တခုပ်ပေတည်း။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခ — သေကွဲ-ရှင်ကွဲ ဘယ် လိုဘဲ ကွဲကွဲ၊ ကိုယ်ချစ် သူ-ခင်သူ ကြင်နာသူနှင့် ခွဲခွာရလျှင်။ စိတ်ပန်း ကိုယ်နွမ်းဖြစ် ရလေသည်။ သား-သမီး မိဘဆွေမျိုးတို့ အချင်းချင်းဖြစ်စေ။ မိတ်ဆွေသဟာယများနှင့်ဖြစ်စေ။ (၅၂၀) သွယ်မေတ္တာခြာ

ခဲ့သူများနှင့် ခွဲခွာရလျှင်၊ အရိုက်အတန့်မှုပင်ဖြစ်စေ၊ ကြာမြင့်စွာပင်ဖြစ်စေ၊ ပြန်မလာတော့သော မရဏာသမ်း သေစခန်းသို့ သွားရသောအခါ၌ ဖြစ်စေ- စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရသည်။ လွမ်းကြသည်၊ ဆွေးကြသည်၊ ပူလောင်ကြလေသည်။

တသောင့်ငါးရာ ကိလေသာမျှော်ဖြင့်၊ ခုံပတ်ဖွဲ့နှောင်ထားကြသူ သွီး ရည်းစားမှ အစ၊ ဇနီး ခင်ပွန်းတို့ အထိ၊ ယောကျ်ား မိန်းမတို့သည်။ ဆိုခဲ့သော သေကွဲရှင်ကွဲ၊ တနည်းဖြင့် ကွဲရလျှင်။ အချစ်ပြင်းထန်သလောက် အပူဒီဂရီတက်ကြလေသည်။ နွေရာသီကျောင်းပိတ်လျှင်၊ ရထားပေါ် သင်္ဘောပေါ်၌ မျက်ရည့် တမ်းမမ်း နှပ်ရည်တရွှတ်ရွှတ်နှင့် ဖြစ်နေကြသူ၊ ငေးမိငေးရာ ငူငိုင်တကြီးလိုငိုင်နေကြသူ၊ ကျောင်းတော်သူ ကျောင်းတော်သားများသည်။ ဤဒုက္ခမျိုးနှင့်၊ ရင်ဆိုင်တွေ့နေသူ များပေပသည်။ "ချစ်စ ခင်စ ကြင်နာစမို့၊ တနေ့ခြားလျှင် သေမလားကင်မိပါတယ်" ဟု အိုကြော်ချင်း ငါ့ရှင်းမှာ ဆိုက်သည့် အသံကို ကြားမိရလျှင် "သြော် ချစ်သူနှင့်ကွဲ-လွန်းသည်းရဲ့ဗျို့ ဆိုတာတယ်မှန်ပါကလား" ဟု မှတ်သားလိုက်မိသည်၊

သက်ရှိ သတ္တဝါဖြစ်သည့်၊ အိမ်၌ မွေးထားသော 'သက်ကယ်'ခွေးကလေး၊ ကြောင်ကလေး၊ ငှက်ကလေးများ သေသွားသော်ရင်း၊ ပျောက်ရှသွားသော်ရင်း။ ပိုင်ရှင်ဖြစ်သူတို့မှာ၊ အတော်စိတ်၊ ကိုယ်လောင် ရှိကြရလေသည်။ ယုတ်စွအဆုံး ကိုယ်အမြဲ အသုံးပြုနေသည့် ကိုယ်နှစ်သက်ရာ ဖေါင်တိန် ဖြစ်စေ၊ ခဲတန် ဖြစ်စေ၊ ပျောက်ရှ ပျက်စီးသွားပါ က

စိတ်မချမ်းသာကြပေ၊ ကလေး များသည်၊ ကစား စရာ ယမင်းရုပ်များ ပျောက်ပျက်သွားလျှင်၊ ရှိုက်ကြီးတငင် ငိုကြွေးမြည်တမ်းကြရှာလေသည်။ အချို့ ထိုစိတ်ဒုက္ခကြောင့်ပင်၊ ရောဂါဝေဒနာဖြစ်ကာ၊ သေပွဲပင် ဝင်ကြရရှာလေသေး၏။

အရိယာသူတော်စင်ရဟန္တာ အရှင်မြတ် ကြီးများပင် အချို့ ဤဒုက္ခမျိုးမကင်းပေ။ မိမိရရှိနေသော ချမ်းသာ စသည်တို့ကို မပျက်မစီး မပျောက်မကွယ် သွားရလေအောင် အမြဲတစေ ဆင်ခြင်အားထုတ် တော် မူကြရလေသည်၊ တခါတရံ စိတ်ကဗိစာရ များမှုကြောင့် ယိုယွင်းမှ လျော့ကျခဲ့ သည်မူကား တန်ခိုးဈာန်ပါတ်တို့သည်း ကွယ်ပျောက် သွားကြရချေ၏။ ထိုသို့ မိမိအချစ်ဆုံးဖြစ်သောချမ်းသာ၊ မဂ်ဖိုလ်တရားပျက်စီး ယိုယွင်းသွားလျှင်၊ ရှုးတောဘ်စိတ်ဒုက္ခ ကိုယ်ဒုက္ခ ဖြစ်ကြရှာလေသည်။ လျောကြပြီးသော ချမ်းကို ပြန်ရအောင် အားထုတ်တော်မူကြပြန်သော်လည်း မရသဖြင့် ဓားကြီး အကျယ်ဆင်းရဲတော်မူကုန်သော ပုဂ္ဂိုလ်များလည်း ရှေးတရား လက်ထက်တော်များ၌ ပင် များစွာရှိလေသည်။ ထိုသို့ချမ်းတရားနှင့် ကွဲကွာရသဖြင့် ဒုက္ခဖြစ်ရချေ၏။

ထိုကြောင့် ထိုစကား သင့်စွ၊ မိမိ ချစ်နှစ်သက် လိုလားသော ပုဂ္ဂိုလ်,ဝတ္ထု,ပစ္စည်း, သဘော တရား တို့နှင့် ကာလ အားဖြင့်သော်၎င်းဒေသအားဖြင့် သော်၎င်း ခွဲခွါကွေကွင်းရခြင်းသည်လည်း ဆင်းရဲခြင်းတရပ်ပေတည်း။

**လိုတာမရ၊ တဒုက္ခ။** ကလေးတွေမုန့်စားချင်ကြသည့်
အမေက မပေးသဖြင့် မစားရ၍

ငိုကြ ဆူကြသည်၊ ဤသည်ကား ဆင်းရဲမှု တရပ်တည်း။

ကျောင်းသားအရွယ် ရောက်လာသော အဝတ်သစ်တွေကို
ဝတ်ချင်ကြသည်၊ စာအုပ်ကလေး ကစား စရာကလေး များကို
လိုချင် ကြသည်။ မိဘများကမဝယ် ပေး သဖြင့်လိုတာ မရ၍
စိတ်ဆင်းရဲရသည်။ အချို့ စိတ္တဇဝေဒနာဖြင့်ပင် ဘောရွာ လား
ရသည့် သူငယ်များ ရှိလေသည်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်
ခြင်း၏ အကြောင်းရင်းကား "လိုတာမရ"၍တည်း။

လူပျို အရွယ် ရောက်သော အခါ၌၊ ချစ်သူခင်သူ အဖြစ်
မေတ္တာကူးလူးလိုကြသည်။ သို့သော အကြောင်းခြင်းမှုးစားမခြ
ခြင်း မတိုက်ဆိုင်မိကြ၍ မရပါက 'လိုတာမရ'၍ စိတ်ပူ ကိုယ်
ပန်း ဒုက္ခ နှမ်းကြရရှာသည်။ အိမ်ထောင်ရသားချပြီး၍၊ အ
သက်မွေး ဝမ်းကြောင်း အတွက် ရာထူးဘွဲ့ထူး ရွှေငွေ ဥစ္စာ
ရတနာ လယ်မြေ စသည် များကို လိုလား တောင့်တပါသော်
လည်း မရကြသဖြင့်၊ စိတ် မချမ်းသာ ကိုယ်မချမ်းသာ ဖြစ်
ကြရရှာ၏။ မည်သူမဆို "ယူတကိုယ် လိုတချက်" တော့- ရှိ
ကြစမြဲပင်။ ထိုလိုလားတောင့်တချက်ကို မရရှိတိုင်း ဆန္ဒ မ
ပြည့်ဝတိုင်း စိတ်ပန်းကိုယ်ပန်း ဒုက္ခလမ်းကြီးသို့ ဆိုက်ကြရ
ရှာလေသည်။

ကျောင်းသားတိုင်း စာသင်သားတိုင်း စာမေးပွဲကို အောင်
လိုကြသည်ချည်းပင်၊ စာမေးပွဲ အောင်စာရင်း၌ မိမိ နာမည်
ပေါ်လာက၊ လဲသေချင် လောက် အောင် စိတ် ဆင်း ရဲ ကိုယ်

ဆင်းရဲ ဖြစ်ကြလေသည်၊ အချို့ ကောလိပ် ကျောင်း သား
လောင်းကလေးတွေစာမေးပွဲရှုံး၍ ရေထဲဆင်းသေသည်၊ အ
ချို့ ဦးပဉ္စင်းငယ်ကိုရင်ငယ်များစာမေးပွဲအောင်စာရင်းတွင်
တော့ရှုံး၍-လူထွက် ပစ်လိုက်သည်။ သည်လို ဟာမျိုးတွေမှာ
"လိုဘ မရ" ဒုက္ခကြောင့်ပင်တည်း။

ယောဂီ ပုဂ္ဂိုလ်များသည်။နိဗ္ဗာန်ကိုဘဲ အလွန် ရချင်ကြ
သည်။ မဂ်တရား ဖိုလ် တရား ဈာန် တရား တွေကို ခပ်မြန်
မြန် ပင် ရချင် ကြသည်။ ထို့ကြောင့် ပင် အပြင်းအထန် မ
လျော့တန်း ကျင့်ကြသည်။ သို့သော် ဘဝပါရမီ ညံ့ဖျင်းမှု
ကြောင့်ရင်း၊ သရဘာဝ၌ အကျင့်တွဲချော် မှုကြောင့်ရင်းလိုသား
မတောင့်တသောဈာန် မဂ်ဖိုလ်တရား များကိုမရနိုင်လေသော်။
အလွန်မှုဆွေး ဝမ်းနည်း ကြလေသည်။ ဒေဝိလ ရသေ့ကြီး ငို
သည့်မှာလည်း"လိုဘမရဒုက္ခ" ကြောင့်ပင်တည်း။

အရိယာ သူတော်စင် တို့သည်၊ ကိလေသာ တဏှာ အ
ပေါင်းကို ကုန်ခမ်းစေလိုကြသည်။ ဖြတ်တောက်လိုကြသည်၊
ထို့ကြောင့် အမျိုးမျိုး အဖုံဖုံကျင့်ကြသည်။ ကျင့်လွန်း၍ အချို့
လမ်းမှားသွားရှာသည်၊ လိုသား ချက်ဖြစ်သော တဏှာဖြတ်
ကင်းမှုသည်၊ မပြည့်စုံခဲ့ မအောင်မြင်ခဲ့။ ထိုအခါ စိတ်ဆင်း
ရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရှာလေသည်။

ဤသို့လျှင် လိုတာ မရခြင်းသည်လည်း၊ ဆင်းရဲမှုတခု
ပင် ဖြစ်လေတော့သည်။

**ဒုက္ခတုံးကြီး** ဆိုခဲ့ပြီးသော ဒုက္ခအပေါင်းသည်၊ ဘာ ရှိနေ၍ ဖြစ်သလဲ? ခံစားနေရသလဲ? ဟု စိစစ်ချက်ထုတ်လိုက်သော်- အကျဉ်းချုပ်အားဖြင့်၊ လွန်လွန် ကဲကဲ စွဲစွဲလန်းလန်းကြီး ယူခြင်း၏ (ဥပါဒါန်၏) အာရုံဖြစ် လျော်ရာဖြစ်သော ရူပက္ခန္ဓာနှင့်နာမက္ခန္ဓာခေါ် ဤခန္ဓာကိုယ် ကြီးရှိနေလို့ဟု အဖြေထွက်လေသည်၊ ဤခန္ဓာကိုယ်ကြီးရှိနေ သောကြောင့်၊ ဤဒုက္ခတွေ ခံစားနေရ၏။ ဤခန္ဓာကိုယ် မရှိ လျှင်ကား။ ဆင်းရဲခံရမှုလည်း ရှိတော့မှာမဟုတ်ပေ၊ ထိုစ ကားမှန်၏၊ နာမက္ခန္ဓာလေးပါး ရှိက၊ စိတ်ဆင်းရဲမှု ရှိ တော့ပြီ။ ဥပမာ သေပြီးသောအလောင်းကောင်လူသေကို၊ စိတ်ဆင်းရဲ သွားလေ အောင် ဘယ်လိုမှ လုပ်နိုင် တော့ပြီး သို့သော် ရူပက္ခန္ဓာတပါးရှိနေသေး၍၊ ကိုယ်ဆင်းရဲအောင် တော့လုပ်နိုင်သေး၏။ မီးရှို့ခံရ၊ တံကျင်လျှိုခံရ၊ တုပ်နှောင် ခံရ၊ ခွဲစိပ်ခံရမှုများသည်၊ လူသေများပင်လျှင်လည်းခံရမည့် ကိုယ်၏ဆင်းရဲခြင်းပေတည်း။ ထိုရူပက္ခန္ဓာသာမရှိတော့က၊ ကိုယ်ဆင်းရဲသွားအောင် လုပ်စရာမရှိတော့ပေ။

သက်ရှိပုဂ္ဂိုလ်များကို စိတ်ဆင်းရဲအောင်ပြုလုပ်လိုက်လျှင် နာမက္ခန္ဓာ ဆိုင်ရာက ခံစားရသည်။ ကိုယ် ဆင်းရဲအောင် လုပ်လိုက်သျှင် ရူပက္ခန္ဓာက ခံစား ရသည်၊ နာမက္ခန္ဓာ ရော ရူပက္ခန္ဓာပါ နှစ်ဖြာသော ဥပါဒါနက္ခန္ဓာကြီးမရှိက၊ စိတ်လည်း မဆင်းရဲရပြီ၊ ကိုယ်လည်းဆင်းရဲဘွယ်မရှိကပြီ၊ ထို့ကြောင့် ဒုက္ခအပေါင်းကိုခံယူရာဖြစ်သော ဤခန္ဓာကိုယ်ကြီးကို ရှုက်

ဆောင်ထားရခြင်းတာဝန်ကြီးသည်ကား၊ ဆင်းရဲခြင်းအချုပ်အချာပေတည်း။

ဤခန္ဓာငါးပါးရုပ်နာမ်တရား ရှိနေသေးသမျှ ဘုရားပင်မကျန်၊ အားလုံးသောသူတို့သည် ဒုက္ခမကင်းနိုင်ပေ။ ဗုဒ္ဓရှင်တော်ပင်သော်လည်း ခေါင်းနာ၊ ခေါင်းခဲ၊ ထားခွဲ၊ ကျောက်ရုပ်၊ ဝမ်းလားရခြင်းတည်းဟူသော ဝေဒနာစသည်များကို ခံစားတော်မူရသေး၏ရှင့်။ သံဃာတော်များ မညီညွတ်မှုကြောင့်ရှင်း။ သတ္တဝါများ လမ်းမမိုက်ခဲ့မှုကြောင့်ရှင်း၊ စိတ်ဆင်းရဲတော်မူရချေသေးသည်၊ ထို့ကြောင့်- ဒုက္ခသစ္စာ ဆင်းရဲတာအမှန်တရားနှ၊ ဤ ဥပါဒါနက္ခန္ဓာ ဟူသည်။ ဆင်းရဲခြင်း အချုပ်အခြေခံတရားကြီးဖြစ်ပေသည်၊ ခပ်ရှင်းရှင်းပြောရလျှင်။ ဤခန္ဓာကိုယ်တရလုံး ဒုက္ခတုံး ဒုက္ခခဲကြီး အစစ်ဖြစ်နေလေတော့သည်။

ဤဖော်ပြခဲ့သည်မှတပါး ဒုက္ခ အင်္ဂါတွေ အများကြီးပင်ရှိသေး၏။ ငရဲကျရ၊ တိရစ္ဆာန်ဖြစ်ရ၊ ပြိတ္တာဖြစ်ရ စသော ဒုက္ခ၊ စားရာမဲ့ သောက်ရာမဲ့ နှိပ်စက်ခံရ၊ သတ်ဖြတ်ခံရသော ဒုက္ခစသည်ဖြင့်၊ များစွာပင် ရှိချေသေးသည်။ ထိုအားလုံးသည် ဒုက္ခသစ္စာတည်း။

အဘိဓမ္မာ ကျမ်းဂန်များအရ၊ လောကီစိတ်-၈၁၊ လောဘ မပါသော စေတသိက်-၅၁၊ ရုပ်-၂၈ သည်၊ ဒုက္ခသစ္စာမည်သတည်း၊ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ" ဟူသည်နှင့်အညီ အစဉ်မပြတ် ထပ်တလဲလဲ- တဲလည်လည် ဖြစ်တတ်သော ကြောင့် ဝဋ်မည်၏၊ ရုပ်၊ နာမ်၊ ခန္ဓာတို့သည်။ ဒေထင်ထပ်

မပြတ်မလပ် ဖြစ်နေသောကြောင့် ဝေဒနာ မည်၏။ ကာမ
**စိတ်-စေတသိက်** ရုပ်တရားသည်။ ကာမဘုံ၌ များသော
အားဖြင့် ဖြစ်ပေါ်တတ်သော၊ ဝဋ်တရားတည်း။ ရူပစိတ်စေ
တသိက်ကား ရူပဘုံ၌ များသောအားဖြင့် ဖြစ်ပေါ် တတ်
သော ဝဋ်တရားပင်၊ **အရူပစိတ်စေတသိက်**ကား အရူပဘုံ၌
များသောအားဖြင့် ပေါ်တတ်သော ဝဋ်တရားတည်း။ ဤ
သို့လျှင်၊ တဘောမှတပါး ဤတေဘူမကဝဋ် ဘုံသုံးပါး၌ ပေါ်
ဝင်သော ဝဋ်တရားသည်၊ ဒုက္ခ သစ္စာ ဆင်းရဲတာ အမှန်
ချည်းပေတည်း။

ဒုက္ခသုံးမျိုးရှိလေသည်၊ တကာယ်တကာယ် ဆင်းရဲမှု၊ ဖြင်
ဆင် ပြုပရသည့် ဆင်းရဲမှု၊ ဖောက်ပြန်ချက် ဆင်းရဲမှု ဟူ
သည်တည်း။( ဒုက္ခ-ဒုက္ခ,သင်္ခါရ ဒုက္ခ,ဝိပရိဏာမဒုက္ခ)

ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုခေါ် ဒုက္ခသဘာဝတ်-ကာယ
ပီဋာဥ-ဒေါသမှုဒွေးတို့နှင့် ယှဉ်သော ဒုက္ခဝေဒနာ သုံးမျိုး
သည် ဖြစ်ဆဲတခဏမှာပင်၊ တကာယ်ကို ဆင်းရဲလှသဖြင့်၊
(ဒုက္ခ ဒုက္ခ)တကာယ်တကာယ်ဆင်းရဲမှုမည်၏။

တဖုံတခုသော ကောင်းမှု မကောင်းမှုများကို မဖြစ် ဖြစ်
အောင် အားထုတ်ကြိုးပမ်းမှုသည်၊ (သင်္ခါရဒုက္ခ) ဖြင်ဆင်ပြု
ရခသည့် ဆင်းရဲမှုပင်တည်း။ ဥပမာ နွားတကောင်ဖြိုထဲဝင်
၍၊ ဒေါသဖြစ်ကာ၊ ရိုက်သတ်မည်ပြုစဉ်၊ ဓားဦးစွာ နုတ်ရှာရ၊
ဆဲဆိုရ၊ ရိုက်ပုတ်ရ စသော အားထုတ်မှု ဒုက္ခတွေဖြစ်ရလေ
သည်၊ တနည်းဆိုသော် ဒါနပြုပွဲတခုသွားရန် အဝတ်လဲရ၊ စီ

စဉ်ခုစသော အားထုတ်ခြင်းဆင်မှုသည်၊ ဖြင်ဆင်ပြုရသော ဆင်းရဲမှုမည်၏။

ထိုသို့သော အားထုတ်မှုပြီးစီး၍ ဖြစ်မြောက်လာပါသော်လည်း မကြာမီအချိန်၌ ပျောက်ပျက်သွားရခြင်းကြောင့် ဆင်းရဲရမှုသည် (ဝိပရိဏာမဒုက္ခ) ဖေါက်ပြန်ချက် ဆင်းရဲမှုမည်၏။ ဥပမာ အိမ်တလုံးကိုဆောက်ပြီးနောက် မီးလောင်ခြာကျ ပျက်စီးသွားရသော အခါ၌ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မှုမျိုးသည် ဖေါက်ပြန်ချက်ဆင်းရဲမှုပေတည်း။

ဒုက္ခသစ္စာအတွက် ရအပ်သော အနက်လေးချက်ကို အသိခံ့ကျမ်းဂန်လာတိုင်း ပြဦးအံ့၊

၁။ သတ္တဝါတို့ကို ဘာကယ်ဒုက္ခ၊ ပြုပြင်ရမှုဒုက္ခ၊ ဖေါက်ပြန်ချက်ဒုက္ခဟူသည်းဟူသော ဆင်းရဲမှုသုံးမျိုးတို့သည် နှိပ်စက်ဘ ၍ ပြုခြင်းသဘောရှိ၏၊

၂။ ဘုံ၊ စိတ်၊ ဥတု၊ အာဟာရ တို့သည်၊ သမုဒယသစ္စာကြောင့် ပြုပြင်စီရင်အပ်သော သဘောရှိ၏။

၃။ မဂ္ဂသစ္စာနှင့်နှိုင်းစာ ၍လည်း ပင် လောင်ကျွမ်းရခြင်း ပူသော သဘောရှိ၏။

၄။ နိဗ္ဗာန်ဓါတ်သဘောနှင့်ဆန့်ကျင်ဘက်ဖြစ်၍ သေရ နှင့် ကာလ ရှည် ကြာစွာ အဘည်းမြဲ ဖေါက်လွဲ ဖေါက်ပြန် ဖြစ်ခြင်း သဘောရှိ၏။

ဟူ၍ ဒုက္ခသစ္စာ၏အနက်သဘောလေးချက်ကို အကျဉ်းမျှသိသာရန် ဖေါ်ပြအပ်ပါသတည်း၊

## ဆောင်း။

### နှိပ်စက်, ပြုပြင်, ပူပင်, ဖေါက်လွဲ, ဒုက္ခမြစ်။

**သမုဒယသစ္စာ** “ မီးခိုးရှိက မီးရှိရမည်၊ မီးမရှိက မီးခိုးမထွက်နိုင်” ဟူသော ဥဒေါပ စကားပုံကဲ့သို့ပင်၊ ဖေါ်ပြခဲ့သော ဒုက္ခအရိယ သစ္စာတည်း ဟူသော အကျိုးတရားသည်၊ အကြောင်းမဲ့သက်သက်မဖြစ်သာနိုင်၊ ထိုဒုက္ခ တွေကို ဖြစ်ပေါ်စေသည့် အကြောင်းတရား တော့ ဧကန်မလွဲ ရှိရပေမည်၊

အချို့ ဘာသာဝါဒများ ယူဆသလို၊ ဣဿရ ဘုရားက ဖန်ဆင်းဖြစ်ပေါ်လိုက်လို့မဟုတ်၊ ဗြဟ္မာမင်းတွေက ဖန်တီး လိုက်၍ဟုလည်းမဆိုသာ၊ ကမ္ဘာ့နတ်ကြီး၏ ကိုယ်နိုင်စာသင့်လို့ လည်း မဟုတ်တန်ရာ၊ အလိုအလျောက်သဘာဝအားဖြင့်၊ ပတ်ဝန်းကျင် အခြေအနေအရ ပေါ်ပေါက် လာသည် ဟုလည်း ဆင်ခြေမကန်သာ၊ ယုတ္တိ ယုတ္တာ သေချာလောက်အောင်ပြ ဆိုရပေမည်၊ ခြောက်မို့ မြှောက်ပို့ အရေးမဟုတ်၊ ယုတ္တိ ရှိမှ ယုတ္တိရှိသော်လည်း မှန်မှ အရေးကြီးပေသည်။

သို့ပင်တစေ ဗုဒ္ဓရှင်ပင် ဗိုလ်သခင်က ဤသို့ရှင်းလင်းထုတ် ဖေါ်ဟောပြတော်မူခဲ့သည်၊ ‘သင်းဒုက္ခဘူးသည့် သမုဒယ ခေါ်တဲ့ တဏှာလောဘကြောင့်သာ ဖြစ်ပေါ်လာရသည်၊ အကြောင်း တရားကတော့ သမုဒယ အမည် ခတဲ့ လောဘ တဏှာပါဘဲဟု ယုတ္တိလည်းအလွန်ရှိ အမှန်ကန်ဆုံးလည်း ဖြစ်သောအကြောင်းပြချက်ကို တိကျစွာညွှန်ပြတော်မူသည်။

ထိုအကြောင်း တရားကို ဒုက္ခတွေ ဖြစ်ကြောင်း တရားမှန် သမုဒယသစ္စာဟုခေါ်သည်။ အရိယာသူတော်စင်များသာလျှင်သိအပ်သိထိုက်သောကြောင့်၎င်း၊ အဟုတ်အဟတ် ပရမတ်သဘောအားဖြင့် မှန်ကန်လှသောကြောင့်၎င်း သမုဒယအရိယသစ္စာမည်လေသည်။

ထိုဒုက္ခကိုဖြစ်စေတတ်သော သမုဒယသစ္စာတဏှာသည်လည်း သုံးမျိုးရှိသည်၊ကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာဟူသည်တည်း။

၁။ **ကာမတဏှာ** လိုလား တပ်မက်တတ်သော ကြောင့် ကာမ မည် ၏၊ ကာမလည်းဟုတ်၊တဏှာလည်းဟုတ်သောကြောင့်၊ကာမတဏှာမည်လေသည်၊

လောကီအာရုံ ကာမဂုဏ်တွေကို ခုံခုံမက်မက် လက်မလွှတ်တမ်း စွဲလမ်း တွယ်တာ မှုသည်၊ ကာမတဏှာမည်၏၊ ငါ့သား၊ငါ့သမီး၊ငါ့ဇနီး၊ငါ့ခင်ပွန်းစသည်ဖြင့် ပစ္စည်းဥစ္စာ ရတနာ လယ်မြေ အထွေထွေသောအာရုံငါးပါးသောကာမဂုဏ်ကို၊ခုံမင်တွယ်တာနှစ်သက်ခြင်းသည်၊ကာမတဏှာပင်တည်း ဤပထမ အင်္ဂါအကြောင်းပြချက်သည်၊ ယုတ္တိလည်းအလွန်ရှိ၏မှန်လည်း အမှန်ဆုံးဖြစ်ပေသည်၊တိုက်ဆိုင် ချိန်ထိုးစမ်းပါ။

ဤကာမတဏှာကြီး စွဲလမ်းတွယ်တာမှုရှိနေခြင်းကြောင့်ပင်၊သားသမီး ဆွေမျိုး၊လယ်မိုးခြံမြေ ရွှေငွေ ပစ္စည်းစသည့်ကာမဂုဏ်ပစ္စည်းအစုစုတို့ကို ငါ့ဟာငါ့ဥစ္စာ ဟူ၍စွဲလမ်းယူ

ငင်နေကြသည်၊ ထိုစွဲယူနေသော ဝဋ္ဋတရားသည်၊ မတော် တဆပျက်စီးချို့ယွင်းသွားပါက၊ ပိယေဟိဝိပ္ပယောဂဒုက္ခကို ခံကြရမည်မဟုတ်တုံလော? ထိုစွဲလမ်းနေသော ကာမဂုဏ် ဝဋ္ဋကို လိုသလောက်မရရှိလျှင်လည်း လိုတာမရ တဒုက္ခ နှင့်တွေ့ရကြုံရခံစားရတော့မည်မလွဲပေ။

ရှင်းဦးအံ့။ ဘင်္ဂလားတွင် ကုလားကြီးတယောက်၊ ကား တိုက်သေသတဲ့ဟုကြားလျှင်၊ ဘာမှ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မရှိ၊ အမှုမဲ့ အမှတ်မဲ့ နေနိုင်လူအဒေါ်ကြီး တယောက်သည်၊ မိမိ၏မေတ္တာမှုဝါဒ်ကြီးမားနေသူ အစ်ကိုရင်းချာတယောက်၊ ကားတိုက်သေသတဲ့ဟု ကြားသည်နှင့် တပြိုင်နက်၊ အသဲနှ လုံးကြီးမမြီးအုံးသည့်အလား ယားမနိုင် သီးမခံ၊ ဟီးချ၍ ငို ကြွေးမြည်တမ်းကာ၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အံ့မချကပင် ကုလားသေသည်ဟုကြားရသည်ထက် အဆပေါင်းများစွာ ပူလောင်၏။ ဘာ့ကြောင့်နည်း?

ယခု ကုလားအား ကာမတဏှာဟုသိအပ်သော တွယ် တာစွဲလမ်းခြင်းမရှိ ကင်းမဲ့သလောက်ဖြစ်၏။ ထိုသို့ ကင်းမဲ့ နည်းပါးသလောက်၊ ကြောင့်ကြဗျာပါဒဒုက္ခ နည်းပါး ကင်း မဲ့လေသည်။ သူ့အစ်ကိုကြီးကိုတော့ သူအလွန်ဘဲချစ်ခင်သည်၊ တွယ်တာသည်။ ကာမတဏှာစွဲလမ်းရုံမင်မှုများသည်၊ သို့ရို့ ကြောင့်လည်း၊ သောက ပရိဒေဝ ဒုက္ခတွေ ပိုကြီးရသည်။ ထိုကြောင့် ဒုက္ခ၏ အရင်းခံ အကြောင်း တရားသည်၊ ကာမ တဏှာပင်တည်းဟု၊ အကြောင်းဖြစ်ထင် မှုချက်မှာလုံးဝ မှန် ကန်ကြောင်း ချွင်းချက်မ ရှိယုံ ကြည်အပ် လေသည်။

ထိုထက်အလွန် ဥပမာကို ပြဦးအံ့။ ယခုခေတ် ဆွေမျိုး သားချင်းများပြား၍၊ ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝသော၊ ကာမတဏှာပြင်းထန်သူများနှင့်၊ အိုးတလုံးဖျာတချပ် ဘူမိကမ္ဗလာ မြေ မွေ့ရာ ပျော် ပူတန်းစားများ၏ ဒုက္ခကို နှိုင်းယှဉ်ကြည့်ပါ၊ ပစ္စည်းခနဲ့ရှာ ဆွေအုပ်ကြီး မျိုးအုပ်ကြီးသူများက၊ နေ့စဉ်နှင့်အမျှ "အမလေး ငါ့ရှုတယောက် တိုက်ပွဲမှာ သေပါပလား-သို့မြို့က ငါ့တိုက်ကြီးဘလုံး မီးရှို့ခံရပေါ့၊ ငါ့ညီမကို ဖမ်းသွားပြီတဲ့၊ ငါ့လယ်တွေကို အစိုးရက သိမ်းတော့မယ်ဆိုပါကလား-ဘုရား သင်ကြွား မယ်လို့ ငါ့သားကြီး အမှု နိုင်ပါစေတောင်း၊ သားကလေး သမီးလေးတွေ၊ စာမေးပွဲ ဂေဇက်တွေကလဲ၊ ထွက်ခဲ့လိုက်ဘာ။ အောင်မှအောင်ပါ့မလား မသိဘူး၊ ဟင်! ရွှေဈေးတွေကျကုန်ပြီ။ ငါ့ရွှေတွေတော့ တန်ဘိုးလျော့ကုန်ပါပြီ၊ ငါ့နွားတွေ ရောဂါဖြစ်သေကုန်ပြီ ဆိုပါကလား-အခယ်လေးကိုသက်ကျုံဖြင့်နဲ့ပါပေါ့၊ ဂလည်ဖြင့်အတောမတတ်နိုင်ဘလအောင်၊ နေ့မအား ညမအား စိတ်ဒုက္ခ ကိုယ်ဒုက္ခဖြစ်နေရရှာပေသည်။

ပစ္စည်း မဲ့သူ တကောင်ကြွက် သမား ကမှ- အိုဗျာ-သူများ ထမ်းပေါက်တာ ကိုယ် ရတာလိုက်လို့ ဒမြတွေက ဒို့လိုင်မွဲကို ရွှေခုံ တိုက်ဘိုးဆေးရောပါတာတောင် ထားခဲ့ရဦးမယ်-ငါ့မှာ ရှိတဲ့ အိုး ရတ်ကလေး ယူသွားလဲ မဖြုံပါဘူး-ဘာ အမိုး တန်တာ လိုက်လို့ ရှိတာ လိုချင်ရင် ယူသွားပစေ ရုပ်ဘဲ ရုပ်သေး- ဆွေမရှိ မျိုးမရှိ ဆိုတော့ ငါသေရင် ငိုမဲ့လူလဲမရှိဘူး- သူများ ချက်စီး သေ ကြေတာကိုလဲငါပူစရာ တ

ချွေးမှမရှိဘူး"ဟူသည်ဖြင့် ခပ်အေးအေး ပါသိ ဖါသာ နေ နိုင်ပေသည်။

ဘာကြောင့် ဤသို့ ကွာခြားသနည်း? ပထမ လူကမူ ကာမ တဏှာ တွယ်တာ စွဲလမ်း မှု များ သည် ထိုကြောင့် ဒုက္ခ များ သည်။- ဒုတိယ တသောက်မှာ ကာမ တဏှာ စွဲလမ်း တွယ်တာ မှု နည်းပါး သည်- ထိုကြောင့် ပင်လည်း ဒုက္ခ နည်းသည်။ ရုပ်ခိုက် သဒ္ဒါခိုက် ဂန္ဓာခိုက် ရသာခိုက် ဖေါဋ္ဌဗ္ဗာခိုက် ဓမ္မာခိုက် ဟူသည်၌ စွဲလမ်းမှုဘွဲ့သည့် ကာမ တဏှာ ပင်တည်း ဤ ကာမတဏှာပင်လည်း သံသရာ သတ္တဝါ၌ အကြီးဝါသော အင်္ဂါ တပါး ဖြစ်လေသည်။

**ဘဝတဏှာ** ဖော်ပြပါ ကာမဂုဏ် အာရုံ တွေ စိမ်ခံ့ တာတွေစိမ်ခံ့ရှည်း ပဲ့ တွေသည့် ဘဝ တွေမှမပျက်နိုင်ဘူး- မြဲပါဘဝ်- ဟု ယူဆမှားသော ဒိဋ္ဌိ သည် သဿတဒိဋ္ဌိတည်း။ ထိုအယူမှားချက်ကိုပင် ဘဝဒိဋ္ဌိဟု ခေါ်သည်။ ဘဝဒိဋ္ဌိနှင့်အတူ တကွ ဖြစ်ပေါ်သော တဏှာ သည် **ဘဝတဏှာ** မည်၏။

ရှင်ဦးအုံ့အချို့သော ဘာသာ ဝါဒများက-ဤခန္ဓာကိုယ်၌။ အတ္တ ခေါ်တဲ့ လိပ်ပြာ ဝိညာဉ် ကလေး ရှိသည်။ နှလုံး သည်း ပွတ် ကြားမှာ လ ရောင် လို ထိန့်ဝင်း တဲ့ အခေါင်း ပေါက်ကလေး၌ တည်ရှိသည်။ ထိုလိပ်ပြာကောင် အတ္တသည်။ အသက် ရှင်နေစဉ် ထို သခ္ခါကို လှုပ်ရှား သွားလာ လုပ် ကိုင်ကျင့်ကြံ စေနေ စီမံကြီးကြပ်ပေသည်။ သေသော အခါ ဦး ခေါင်းက ထွက်၍ နောက် ဘဝ သစ် ခန္ဓာ သစ် သို့ ပါ

ပြန့်သည်၊ ဤသို့ ဘဝ များစွာ ဆက်ကာ ဆက်ကာ ဖြစ်နိုင်သည်၊ ထို အတ္တ ခေါ် ဝိညာဉ် လိပ်ပြာသည် ဘယ်တော့မှ မပျက်စီးနိုင် ခိုင်မြဲသည်၊ ခန္ဓာ ငါးပါး ကြေ ပျက် သွားသော်လည်း 'အတ္တ' ကတော့ မပျက်စီး ဟု ယူဆ စွဲလမ်းကြသည်၊ သဿတဒိဋ္ဌိ အယူများကြီးပေတည်း၊

အချို့ ဘာသာ ဝါဒ၌ ၎င်း အတ္တကို 'အတ္တမန်' ဟု ခေါ်သည်၊ ဂသသော အခါ ၎င်း အဒ္ဓမန်သည်။ ကောင်းကင်ဘုံသို့ သွားကာ မဟာ ဗြဟ္မာကြီးခေါ် 'မဟာအတ္တမန်' နှင့်ရောနှောပေါင်းစပ် သွားသည်၊ ထိုမဟာ အတ္တမန်သည် သမုဒ္ဒရာကြီးကဲ့သို့ မြစ်အသေပါင်းမှ ရေတွေ သာရောက် ပေါင်းစပ် ရာဖြစ်သကဲ့သို့ "အခြား အတ္တမန် ငယ်ကလေး များ၏ ပေါင်းစပ်မှု ခံရာဖြစ်၏။ ထို သမုဒ္ဒရာနှင့် ဥပမာ တူသော မဟာအတ္တမန်သည်၊ ကာလ အပိုင်းအခြားမရှိ မပျက်မစီး ထာဝရတည်ရှိ၏"ဟုယူဆယုံကြည်ကြသည်။ဤသည်လည်း သဿတဒိဋ္ဌိပင်တည်း။

ယခုအခါ ဗုဒ္ဓ ဘာသာ နိုင်ငံဟု အမည် ခံနေသော မြန်မာနိုင်ငံတော်၌ ပင်လျှင်၊ ဗြဟ္မဏ ဟိန္ဒူ အယူ ဝါဒ ဖြစ်သော-လိပ်ပြာ အတ္တမန် ဝိညာဉ်စွဲ အယူ များသည် များစွာ ပျံ့နှံ့လျက်ပင် ရှိချေသည်။ ဗုဒ္ဓနှင့်ဆန့်ကျင်သော ထို အတ္တစွဲ လိပ်ပြာစွဲ ဝိညာဉ်စွဲ ပုဂ္ဂိုလ်စွဲ များကို ချပ်စဲ ပျောက်ဖျက်သင့် ကြပေပြီ၊ လူလိပ်ပြာ လွင့်သွားသည်။ သေလျှင် လိပ်ပြာပျံထွက်ပြီနောက်ဘဝ၌ ဝမ်းဝင်သည်၊ ဥစ္စာစောင့်က လိပ်ပြာ နှုတ်သွားသည်၊ လူသေသော်လည်း လိပ်ပြာမသေ။ တဘဝနှင့် တဘဝ

ဤသို့ လိပ်ပြာက ကူးသည့် စသည်ဖြင့် အယူသည်း နေကြ၍ ရှာ သေး၏။ ဤသည်များကား သဿတ ဒိဋ္ဌိစွဲအယူ မှားကြီး တွေ ပေတည်း။

ခင်သွယ်လွှယ်ဆိုရလျှင်၊ ချောတာလှတာကို စွဲလမ်းမိသူ ကား ဒီရုပ်အဆင်းသဏ္ဌာန်ဟာဘယ်တော့မှမပျက်တော့ဘူး အနှစ်တရာကြာသော်လည်း၊ ချစ်စရာအလှကလေးဟာ မပြောင်းလဲပေဘူး တည်မြဲချေ၏ ဟု ယူဆနေလျှင် သဿတ ဒိဋ္ဌိပင်။

တေးသံ ဒုရိယာသံ စကားသံ တချူးသံ စသည်တို့ကြား မှု၍ စွဲလမ်းနေသူအား ဒီအသံဟာ ပျက်မစီးဘဲ အမြဲတည် သည်၊ ကမ္ဘာသုဉ်းသော်လည်း ဒီအသံကဖြင့် မဆုံးနိုင်ဘူး ဟု ၍ယူဆနေလျှင် သဿတဒိဋ္ဌိပင်၊

ထိုနည်းတူစွာ အနံ့သည်မြဲ၏ မပျောက်ပျက်နိုင် အရသာ သည် မပျက်မစီးဘဲ အမြဲတည်၏၊ တွေ့ထိသော အာရုံသည် လည်း အမြဲတည်၏။ ဓမ္မာရုံသည်လည်း အမြဲတည်ရှိနိုင်၏ ဟု၍ ခြောက်ပါးသောအာရုံ ကာမဂုဏ်တို့၌ မြဲ၏ မြဲ၏ ဟု ယူဆနေပါမူ သဿတဒိဋ္ဌိအယူမှားပေတည်း။

ထိုသို့အယူမှားနေခြင်းကြောင့်ပင်၊ အဆင်းအနံ့ အရသာ အသံ၊ အနံ့၊ အထိစသည်တို့၌ တန်းလန်းစွဲတွယ်တာခင်မင် မိကြလေသည်။ ဥပမာ၊ ၁၅-နှစ်ရွယ် ကညာမယ်အား ဝုပ်ကိုင် စွဲလမ်း၍ ချစ်ခင်နေသူသည် "ဒီရုပ်ဟာ နောင် မပျက်စီးတော့ ဘူး။ ဒီသို့ဘဲ အမြဲလှနေမှာဘဲ ဟု ယူဆ ထားပေသည်။ နောင် အသက်ရှစ်ဆယ်ကျော် အမယ်အိုကြီးဖြစ်လာသော်၊ မေးရှုံ့

ချီ ပါးပိန်၊ ခါးလိန်၍ နံကြဲဖြင်မည့်ကိုမူ- သူအမှတ် မထား မတွေးမိ အမြဲတဲ့လှနေမည်ဟု ယူဆမှားသဖြင့်၊ အရမ်းကာ ရောချစ်မိသည့် စွဲလမ်းတွယ်တာမိသည်။ ထိုကညာပျိုနွဲ့သာ လျှင် တန်းသန်းစွဲ ဖြစ်ဒီပေသည်။ ဤသို့ စွဲကပ်တွယ်ကာ တပ် မက်ခြင်းကို ဘဝတဏှာဟုခေါ်လေသည်၊ ဤသို့လျှင် အာရုံ ခြောက်ဖြား ကာမဂုဏ် တရားတို့၌ မြဲ၏ဟု တပ်မက်တွယ် တာရှိလေသမျှသည် ဘဝတဏှာပင်တည်း၊

ဝိဘဝ ခေါ်ဝေါ်ရသော်သည်း နောက်ဘဝ၌ လိပ်ပြာချင်း ယှဉ်တွဲပြီး ပျော်ပွဲ မင်နိုင်တော့ဘဲဟု ယူဆ မိသော ချစ် သူ မောင်နှံတို့မှာ ချော့နှိုးပြဲသည့်၊ အကြွင်းစွဲ သေသော်တည်းပြီ ရှိနေမှု ကြောင့်၊ ကာမဂုဏ်အာရုံ၌ လွှတ်တန်းစွဲလန်းမိရှာကြသည်၊ ဤသို့ ဘဝသည် မြဲ၏၊ လိပ်ပြာကောင်ဝိညာဉ်သည် မပျက် မစီးနိုင်း ခန္ဓာကိုသာ ပြောင်းမည်၊ လိပ်ပြာဝိညာဉ်ကား တော့ မပြောင်းလဲဘူး ဟူ၍ ယူဆမှားကြသဖြင့် ရူပါရုံ သဒ္ဒါရုံ သော မိမိခံစားနိုင်သော ကာမဂုဏ်ကို အားကြီးစွာ တွယ်တာကြသည်၊ ထိုတွယ်တာမှုသည်ကား ဘဝတဏှာပင်တည်း။

ထိုဘဝ တဏှာ ကြောင့် ဒုက္ခဖြစ်ရသည်ဆိုခြင်းမှာ အလွန် နှစ်ကန့်လှနေ၍ မိမိတို့ မြဲသည်ထင်၍ အချစ်အလှ၌ တွယ်တာ မိသည့်နောက် နှစ်သုံးဆယ်လောက် ကြာသောအခါ၊ ထင်သလို အလှသည် မမြဲဘဲ၊ အိုသွားရ၊ အရုပ်ဆိုးသွားရ၊ ရုပ်သွားရသော အခါ မိမိထင်ကြေးနှင့် မကိုက်တော့သဖြင့်၊ ယခင်ကလို မချစ် နိုင် မစွဲလမ်းနိုင် တော့ဘဲ ရှန်းချင် လာသည်။ ထိုကြောင့် “လိုတာမရ-တဒုက္ခ” ဖြစ်ရ ရှာသည်။ ကိုယ်က မုန်းစိတ်သက်

ဘောဇ္ဈသောအရုပ်သိုးကြီးနှင့် မလွဲသာမရှောင်သာ အတူနေရတော့သဖြင့်၊ "အပိယေဟိသမ္ပယောဂဒုက္ခ" ဖြစ်ရပြန်သည်။ ရှေးကလို အချော အလှ မျိုးနှင့် မဆက်ဆံရတော့ သဖြင့်။ "ပိယေဟိဝိပ္ပယောဂ ဒုက္ခ" နှင့်တွေ့ရပြန်သည်၊ ဤသို့ စသည်ဖြင့် အဖော မသင့်နိုင်သော စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုတွေကို ခံစားရှာရတော့သည်၊ ဤကား ကာမဂုဏ်အာရုံတွေကို မြတ်နိုးဟု မှတ်ယူ မှားခြင်းဖြင့် တွယ်တာမိသောကြောင့် ဒုက္ခခံစားရခြင်း၏ သာဓကပေတည်း၊

အထွေထွေ ဘ ... တဏှာရှိသူတို့၏ ဒုက္ခကို အနည်းငယ်ပေါ်ပြပါဦးအံ့၊ ကိုယ့်ကိုယ်ကိုအလွန်နှစ်ချင် နှစ်သက်နေတုန်း ဖြုံးကနဲ သေရတော့မည့်အခါသို့ ရောက်လာလေသည်၊ ထိုအခါ မိမိချစ်ခင်ယောင်စခဲ့သောကိုယ်ကြီးနှင့်တကွ-တဏှာအာရုံတွေကို စွန့်လွှတ်ခွဲခွါရတော့မည်ကို သိလာသဖြင့်၊ လွန်မင်းစွာဆင်းရဲကြရလေသည်၊ ခန္ဓာကိုယ်ကြီးကို မှ လွှတ် လိုက်ပြီးသော်လည်း ဒုက္ခမှမလွတ်သေးပေ-အဘယ်ကြောင့်ဆိုသော်-သေမည့်အဆဲ၌ အသစ်တစ်ဖန်ဖြစ်မည့် ဘဝခန္ဓာကိုယ်ကို မျှော်မှန်းတွယ်တာမိသော တဏှာအစွဲရှိနေသေးသောကြောင့်၊ သေသည်နှင့်တပြိုင်နက်၊ သူ့လိုလားရာကိုလွှဲ ပန်းပုံအတိုင်း၊ ကံအစွမ်းဖြင့် ဘဝသစ်၌ ပဋိသန္ဓေနေခြင်း၊ မွေးဖွားခြင်း စသည့်ဖြစ်ရပြန်လေသည်။

ထိုကြောင့်ဘဝသစ်၌ ခန္ဓာသစ်ထပ်ဖြစ်ရခြင်းမှာ။ ကံအစွမ်းသက်သက်ကြောင့်မဟုတ်။ စွဲလမ်းတပ်မက်တဏှာက ရှိနေသောကြောင့် ဖြစ်လေသည်။ တဏှာ မရှိတော့သော

ဘုရားရှင်ဟော၍ အရိယာသူတော်စင်များသည်။ ကုသိုလ်ကံ အကုသိုလ်ကံ အစွမ်းတွေ၊ ဘယ်လောက်ပင် များနေငြားသော်လည်း၊ ဘဝသစ်မဖြစ်နိုင်တော့ပေ။ ထိုကြောင့်နိဗ္ဗာန်ကို ရတော်မူကြလေသည်၊ ဇာတိဟုဆိုအပ်သောပဋိသန္ဓေနေခြင်း၊ မွေးဖွားခြင်း ရှိသျှင်ပင်၊ အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်း၊ ဒုက္ခစသော၊ ဘဝလမ်းစဉ်၌ တွေ့ကြုံရမြဲ ဆင်းရဲမှုတွေနှင့် အဆက်မပြတ် ဒလစပ် တွေ့ကြုံရတော့မည် ဖြစ်လေသည်။ ထို့ကြောင့် ဤသမုဒယသစ္စာ၏ တစိတ်တဒေသ ဖြစ်သော ဘဝတဏှာသည်၊ ဒုက္ခဖြစ်ခြင်း အကြောင်းတခုပေတည်းဟု ယုံမှားကင်းစွာ ယုံကြည်ရသည်။

၃။ ဝိဘဝတဏှာ အဆက်၌ ဖေါ်ပြခဲ့သော ကာမဂုဏ်တရား အာရုံများကိုပင်၊ တခုနှင့် တခု- အဆက်အစပ်မရှိ၊ ပြတ်၏၊ စဲ၏၊ ကုန်ဆုံး၏။ ဟူ၍၎င်း ဤဘဝသည်၊ အလွန်ရှုံ့ရှာဘွယ်ဖြစ်၏၊ ဤဘဝသေပြီးနောက်။ ဘဝမှကျွန်ပြီ၊ ဆုံး၏၊ ငြိမ်း၏၊ ဘဝသစ်မဖြစ်တော့ပြီ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစွမ်းသည်၎င်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၎င်း၊ ဘဝမှ မကျွန်ကျန် သည်း၏၊ ဤဘဝမှသေပြီး ဘဝတပါးသို့ မပြောင်းနိုင်ဟူ၍၎င်း။ ယူဆခြင်းသည်၊ ဥစ္ဆေဒဒိဋ္ဌိ အယူမှားပေတည်း၏၊ ထိုပြတ်စဲ ကုန်ဆုံး၏ဟု ယူမှားသောဒိဋ္ဌိကိုပင် ဝိဘဝဒိဋ္ဌိဟု ခေါ်ပြန်သည်။ ဘဝသည်ပြတ်စဲ၏ဟု ယူမှားသောဒိဋ္ဌိနှင့်အတူ ဖြစ်သော တပ်မက်တွယ်တာမှု တဏှာသည် ဝိဘဝတဏှာ မည်၏။

အချို့ဘာသာဝါဒများ၌၊ ဘဝကူးသည်ဟုခေါ်ရှိ ယခု ဘဝ သေလျှင် နောက်ဘဝသစ်ထပ်မဖြစ်နိုင်၊ ဘာမှလည်း မကျန် ပြီ သေလျှင် နာမ်တရားချုပ်၏၊ နောက် ရုပ်တရား ပျောက်ကျန် ရ၏ဟု ယူဆကာ၊ ၎င်းတို့ ဉာဏ်မှီသလောက် "ဘာမှမကျန် ပြီ၊ ကုန်ဆုံးပြီးဖြတ်၏" ဟု ယူဆကြကုန်၏၊ သေလျှင်လူမိုက် ဘဲ ဖြစ်ဖြစ် လူကောင်းဘဲ ဖြစ်ဖြစ်။ ဘာမှမကျန်ပြီ၊ ဘဝဖြတ် စဲသွား၏၊ ခု ဘဝလုပ် မိခဲ့သော မကောင်းမှုကြောင့် နောက် ဘဝမှာထပ်ခံနေစရာမလိုပြီ၊ ခု ဘဝကောင်းမှု ကုသိုလ်ပြုလုပ် ထားပေမင့် နောက်ဘဝမှာ စံစားရဖို့ဘဝသစ်မဖြစ်နိုင်တော့ ပြီဟု ယူဆကာ ယခုဘဝ၌ပင် လူတန်းစားမခွဲခြား ကုံအကျိုး အဖြစ်ကို မခွဲခြားတော့ဘဲ ဘုံဝါဒ လုပ်ကြလေသည်။ ဤသို့ သော ဘဝဖြတ်စဲ၏။ တဘဝသာခံရစံ ရလုပ်ရကိုင်ရ၏ဟုယူ ဆများမှုသည်ဥစ္စေဒဒိဋ္ဌိခေါ်ဝိဘဝဒိဋ္ဌိမည်၏။ ထိုသို့အယူမှား သဖြင့် ငါခန္ဓာကြီးတော့ မကြာခင် ကုန်သွားတော့ မှာဘဲ၊ မကုန်ခင် မပြတ်ခင် ချစ်မှုနှစ်သက်မှုဘာ ယူဆ၍ စွဲလမ်းတွယ် တာမှုဘက်ဒိဂရိတိုးမိလေတော့သည်၊

ဤသို့သောတကျော်စွဲလန်းမှု ရှိသောသူသည်။ ယခုလက် ရှိ ဘဝ၌လည်း ကောင်းမှုကိုသော်၎င်း, မကောင်းမှုကို သော် ၎င်း စိတ်ရောကိုယ်ပါ မပြုလိုကြ-အမှုမဲ့ အမှတ်မဲ့ နေလိုကြ၏။ အယူးသဖြင့် တဘဝသာ နေရမည်ထင်သောမိမိခန္ဓာကိုယ် ပသည့် ကာမဂုဏ် အာရုံတို့ကို မသေခင် ဝဝ လင်လင်ကြီး နှစ်ခြင်,နှစ်သက် ခံစားလိုကြပေသည်။

ထိုသို့အယူမှားနေမှုကြောင့် ယခုလက်ရှိဘဝ၌ မတော်

မလျော်သော ဆင်းရဲ ဒုက္ခတွေကို တွေ့ကြုံ ရ၏၊ ဥပမာ- "ဤဘဝသာ အရက်သောက်ရသည်။သေပြီးလျှင် သောက်ရတော့မှာ မဟုတ်ဘူး"ဟု နင်းကန်သောက်ခြင်း သဖြင့် ဆေးရုံတက်ရ ရှာလေတော့၏၊ ထိုနည်းတူပင် ကာမဂုဏ် အာရုံလိုက်စား လွန်ကျူးခြင်းသဖြင့် ဒုက္ခဆင်းရဲ အမျိုးမျိုး တွေ့ကြုံခံစားရရှာလေသည်။

သေခါနီးသောအခါ၌ပင်၊ "အင်းငါတော့ သေတော့မယ်-ငါ့ခန္ဓာကိုယ်ကြီးတော့ ပြတ်စဲ ရတော့မယ် ဝဝလင်လင်မှ ကာမဂုဏ်အာရုံတွေမခံစားလိုက်ရသေးဘူး၊ဒီဘဝများရှည်လျှင် ကောင်းမှာဘဲ ခုတော့ ဘဝက တိုလွန်းလို့ အားရပါးရကြီး မခံစားလိုက်ရဘူး"ဟု စွဲလန်းတွယ်တာမှု ဝိဘဝတဏှာက ရှိနေသောကြောင့် ထိုစွဲလန်းမှုတဏှာဖြင့်၊ နောက်ဘဝသစ် မလွဲမရှောင်သာ ဖြစ်ရပြန်လေသည်။ ထိုသို့ပဋိသန္ဓေယူ၍နေ၍ မွေးဖွားရသဖြင့်၊ အိုခြင်း ဒုက္ခ၊ နာခြင်း ဒုက္ခ၊ သေခြင်းဒုက္ခ စသော ဒုက္ခအထွေထွေကို၊ အစဉ်တစိုက်ခံစားရပြန်လေ၏။

ဤသို့လျှင်၊ ဤဘဝ ပြတ်၏ဟု ယူဆမှားမိသော တဏှာကြောင့် ဆင်းရဲဒုက္ခတွေဖြစ်ရလေသည်။ထိုကြောင့် သမုဒယသစ္စာ၏ အင်္ဂါတစ်ပါးဖြစ်သော ဝိဘဝ တဏှာသည်၊ ဒုက္ခဖြစ်ခြင်း အကြောင်းရင်း တရပ်ပေတည်းဟု နှလုံးမူ စိတ်လက်ချ၍ သုံးကြည့်ကြရသည်။

ထိုကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာ၊ ပေါင်းသုံးပါးကိုသမုဒယသစ္စာဟုခေါ်ဆိုလေသည်။

တဏှာပေါင်း တရာ့ရှစ်ပါးရှိသည် ကိုသိသင့်၏

**ခေါင်း။**

**တဏှာသုံးတန်, အရင်းခံ, အာ, ကာ, သန်နှင့်မြွက်။**
**တဏှာအစစ် ကရာ့ရှစ် မှတ်လစ်ဤသံပေါက်။**

ကာမတဏှာ+ဘဝတဏှာ+ဝိဘဝတဏှာ= ၃ ×
ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မဟူသောအာရုံ- ၆ ပါး
၁၈
အတိတ်, ပစ္စုပ္ပန်,အနာဂတ်ဟူသော,ကာလ= ၃ ပါး
၅၄
မိမိ၏သန္တာန်,သူတပါး၏သန္တာန်ဟူသောသန္တာန် ၂

တဏှာပေါင်း- ၁ဝ၈ ပါး။

ထို အားလုံးသော သမုဒယသစ္စာ ခေါ် တဏှာသည်၊ လောဘမူ စိတ်ရှစ်ပါး၌ ယှဉ်သော လောဘစေတသိက်ပင် တည်းဟူ၍အဘိဓမ္မာကျမ်းဂန်တို့၌လာပေသည်။

သမုဒယသစ္စာ၏ အနက် လေးချက်ကိုလည်း၊ သိသာရုံမျှ ဖော်ပြပါအံ့။

၁။ လောကီအာရုံ အဖုံဖုံတို့၌ စွဲသမ်းခင်မင်သော၊ ဖြန့်ကြဲနေသည့်ဒုက္ခထုကြီးကို ပေါင်းစုခြင်းအနက်သဘောရှိ၏။

၂။ ဒုက္ခချင်းစပ်၍ မကင်းဝေးလေအောင်၊ အပ်နှင်းစေခြင်း ဖြစ်စေခြင်း အနက်သဘောရှိ၏။

၃။ ဒုက္ခဝဋ်မှ မလွတ်ရသေအောင် ဖွဲ့နှောင်ချုပ်တည်းခြင်းအနက်သဘောရှိ၏။

၄။ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ရာ လမ်းကို ဖျက်ဆီးဟန့်တား, ကန့်ကွက်ထား၍။ နောက်ယှက်သွေးခြင်းအနက်သဘောရှိ၏။

ဤသို့သမုဒယသစ္စာ၏ရအပ်သောအနက်သဘော လေးချက်ကို သိအပ်ပေသည်၊

## ဂါထာ။

ဆည်းပူး,နှောင်းဆောင်,ယှဉ်နှောင်,နှောင့်ယှက်
အချက်လေးဝ,သမုဒယ။

ဆိုအပ်ခဲ့ပြီးသော ဒုက္ခနှင့် သမုဒယ သစ္စာ နှစ်ပါးသည်၊ လောကီတရား၊ လောကီသစ္စာများ ပေတည်း။ သံသရာ၌ ဖြစ်ရသော ရုပ်နာမ်တရားသည်၊ဒုက္ခတရားချည်းပင်တည်း။ ထိုကြောင့် ဒုက္ခသစ္စာသည်၊ သံသရာ၌ ဖြစ်ခြင်း တည်းဟူသော မကောင်းသော အကျိုး သစ္စာမည်၏။ သမုဒယသစ္စာသည်၊ ထိုသံသရာ ဒုက္ခ ဟူသမျှကို ဖြစ်စေသည့် မကောင်းသောအကြောင်းသစ္စာမည်၏။ ထိုလောကီ အကျိုးအကြောင်းသစ္စာနှစ်ချက်ကိုကွက်ကွက်ထင်ထင်သိမြင်အောင် မြတ်စွာဘုရားသည် ဟောကြားတော်မူပြီးနောက်။ လောကုတ္တရာ အကြောင်းအကျိုး သစ္စာနှစ်ပါးကို ဆက်လက်၍ ဟောတော်မူပြန်သည်၊

ဤသို့အစဉ်အတိုင်း မယုတ်မလွန် သစ္စာလေးပါးတရားကို ဗုဒ္ဓအဆူဆူတို့သည် ဟောပြတော်မူမြဲ ဖြစ်ချေသည်။

အစီအစဉ် ရှေ့နောက် ထားသိုပုံ အလွန်သဘာဝ ကျနှ
အနုပညာ ဆန်လှပေသည်၊ အဝိဇ္ဇာနှင့် တဏှာပူးသဖြင့် ရှု
မိုက်နေကြသော သတ္တဝါတွေကို၊ ရှေးဦးစွာ တရားသံဝေ
ကလေးမှ ရပါစေတော့ဟု- ကမ္ဘာ လောကကြီး တခုလုံး၌
တအုံးအုံး တရုံးရုံးနှင့် ဒုက္ခပုံးတွေ ကြဲချနေပုံ၊ ဒုက္ခတုံးတွေ
စွဲနေပုံတို့ကို ရှေးဦးစွာ ပြတော်မူ၏၊ နောက် ဤဒုက္ခတရာ
တွေသည်။ အလကား သက်သက်အကြောင်းမဲ့ ပေါ်ပေါက်
လာသည်မဟုတ်၊ တွယ်တာမှု တဏှာ၏ အစွမ်းကြောင့်
သာပေါ်ပေါက်လာရသည့်အကြောင်းကို သိစေတော်မူလို
ပြန်သဖြင့်။ ဒုတိယအဆင့်ဖြစ်သောသမုဒယအရိယသစ္စာကို ပြတော်
မူလေသည်၊

ဒုက္ခသဘောကို ဟုတ်တိုင်းမှန်စွာ သိရှိ လာသဖြင့်။ ထို
ဒုက္ခသစ္စာ သမုဒယသစ္စာတို့၌ ငြီးငွေ့ရွံမုန်းကာ၊ ဒုက္ခအပူ
ကင်းငြိမ်းရာတရားကို ရှာကြံလိုသောစိတ် ဆန္ဒများဖြစ်ချိန်
လောက်ကျသောအခါမှတတိယအဆင့်တက်၍၊လောကုတ္တ
ရာအကျိုးတရားဖြစ်သော၊ ဒုက္ခအပေါင်းချုပ်ငြိမ်းကြောင်းမှန်
လှသဖြင့်၊ နိရောဓအမည်ရသော တရားမှန်ကိုတဖန်ဟောကြ
တော်မူလေသည်၊

**နိရောဓသစ္စာ**

အပူရှိလျှင်အအေးရှိရမည်၊ အဆိုးရှိလျှင် အကောင်းရှိရမည် ဟူသည်နှင့် အညီ၊
ဒုက္ခတွေဗလပွေရှုပ်နေသည့် အပူအိုးကြီးရှိနေလျှင်၊ ဒုက္ခတွေ
လုံးဝမရှိသည့် အလွန်အေးမြသော ဌာနတော့ရှိရမည်ကန်

ဖြစ်၏။ ဒုက္ခသစ္စာရှိနေသဖြင့် အမှန်မလွဲ နိရောဓသစ္စာ ရှိရမည်ပင်။ ထို့ကြောင့် သုံးလူ့ရှင်ပင်ထွတ်ထိပ်တင်က၊ ဤသို့ညွှန်ပြတော်မူလေသည်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ဖြင့် ပေါ်ဖြန့်အပ်သော လောဘတရား၊ သမုဒယသစ္စာကို ကုန်ဆုံးသည်သို့ကြွင်းမဲ့ ကုန်အောင်တပ်မက်စွဲလမ်း တွယ်တာခြင်းရှိ။ ကင်းရှင်းရာဖြစ်၍စွန့်ပစ်ဖဲ့ရာ ကင်းလွတ်ရာဖြစ်သော ကပ်ငြိခြင်းတရားလုံးဝမရှိတော့သော၊ နိဗ္ဗာန်ဆိုသည့်သဘောတရားရှိ၏၊ ထိုနိဗ္ဗာန်ဟူသောသဘောတရားသည်၊ ဒုက္ခဆင်းရဲခြင်းအပေါင်း၏ ချုပ်ငြိမ်း ကုန်ခမ်းရာ ဖြစ်သော အရိယာသူတော်ကောင်းတို့ သိအပ်သော မှန်ကန်ရာတရား တပါးပေတည်း။ ထိုသည်ကား နိရောဓသစ္စာ ပင်တည်း။

အဆိုပါမှသဘောအားဖြင့် နိရောဓသစ္စာသည် နိဗ္ဗာန်ပင်တည်း။ ထိုနိရောဓသစ္စာ၏ လေးချက်သောအနက်သဘောတို့မှာ--

၁။ သံသရာ၌အဖန်ဖန်အခါခါဒုက္ခကြီးဖြစ်နေရသောခန္ဓာငါးပါး ငြိနှာငယ်ပါးရေးတွေ ဇာတ်သိမ်း ပြတ်စဲသဖြင့်၊ လွတ်ငြိမ်းခြင်းသဘော အနက်ရှိ၏။

၂။ တဏှာဟု ဆိုအပ်သော တွယ်တာမှု ဟူသမျှတို့မှ ကောင်းကောင်းကြီး လွတ်ကင်း ဆိတ်ငြိမ်ခြင်း သဘော အနက်ရှိ၏။

၃။ ဘယ်အကြောင်းတခုမှ ပြုပြင်စီရင်နိုင်ခြင်း မရှိသဖြင့်အကြောင်းတရားကင်းသောအနက်သဘောရှိ၏။

၄။ ပျက်စီးရွေ့လျား ဖိုရိခြင်းများမရှိ၊ ပကတိစိုပြေခိုင်ခန့် မြဲတည်တန့်သောသဘောအနက်ရှိ၏ ဟူသည်တည်း။

## ဆောင်

ကျွတ် လွတ်, ဆိတ်ကွေ့, မသေ, မပြို,
ဤလေးခု သုခ နိဗ္ဗာန်ပါ။

ဤသို့လျှင် ဝါနဟုဆိုအပ်သောတဏှာ ကိလေသာတို့မှ ကင်းလွတ်ထွက်မြောက် ၍ ဆိုက်ရောက်သော နိဗ္ဗာန်သည် ရုပ်နာမ်နှစ်ဖြာခန္ဓာ၊ အာယတန၊ ဓါတ်တို့၏ ကင်းပြတ်ချုပ်ငြိမ်း ရာ ဖြစ်သော နိရောဓသစ္စာမည်၏ဟူသတည်း။

ဤနေရာ၌ နိဗ္ဗာန်အကြောင်းကိုအကျဉ်းမျှပင်လည်းသိသင့်၏။ နိဗ္ဗာန်ဟူသည် စိတ်၊ စေတသိက်၊ ရုပ်ပရမတ်တို့မှ သီးခြား ဖြစ်သော ပရမတ်တရားပေတည်း။ ထိုကြောင့်ရုပ်နာမ်သင်္ခါရ နှင့်လုံးဝဆက်သွယ်ခြင်းမရှိရကား၊ ရုပ်သဘော၊ နာမ်သဘော မဟုတ်နိုင်။ အဇ္ဈတ္တဗဟိဒ္ဓ နှစ်မျိုးတွင် ဗဟိဒ္ဓါဓမ္မာဟူသော မာတိကာပုဒ်အရ တွင်ပါဝင်သော ဗဟိဒ္ဓတရားဖြစ်ချေသော ကြောင့်၊ ခန္ဓာကိုယ်တွင်း၌အနှစ်အမြဲတော အဖြစ်ဖြင့်တည်ရှိ သောဓါတ်တမျိုးလည်းမဟုတ်နိုင်။ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တ ဝါကဲ့သို့ ခံစားတတ်သောတရားလည်းမဟုတ်၊ ရုပ၊ သဒ္ဒ စ သည့် အာရုံကာမဂုဏ်ကဲ့သို့ ခံစားအပ်သောတရားလည်းမ ဟုတ်ပြန်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခမရှိသည်မှာ အမှန်ပင် တည်း၊ သို့ပင်ဖြစ်သော်ငြားလည်း ဝေဒယိတသုခထက်အ

ဆပေါင်းများစွာသောလွန်သည့် သင်္ခါရ ငြိမ်ငြိမ်းချမ်းသော သဘောကားဘောန်ရှိပေသည်။

နိရောဓသစ္စာ နိဗ္ဗာန်ဆိုသည်မှာ၊ တကယ်ငြိမ်းသော ချမ်းသာမှုသင်္ခါရ ဟုတ်မဟုတ်,ဟုတ်ပါကလိုလားအပ်မသို လေားအပ်သောခကဖြပါအံ့။

လူတယောက်သည် "ဘလေးကဆု, ကြွေးကပူ,အိမ်သူ ကဒေါက်,မင်းကခြောက်သဖြင့်" အကြီးအကျယ်စိတ်ဆင်းရဲ နေရရှာသည့် အရေးထဲတွင်၊ခေါင်းဘကိုက်လာသေးသဖြင့် ကိုယ်ဆင်းရဲမှုထပ်ပိုလာပြန်သည်။ ထိုကြောင့်စိတ်ညစ်ညစ် နှင့်သွဲ့ အိပ်လိုက်ရာအိပ်ပျော်သွား၏။ထိုအခါစိတ်ဆင်းရဲမှုကိုယ် ဆင်းရဲမှုတို့သည်း ပျောက်ကုန်၏။ ထိုဒုက္ခတွေမှ လွတ်ကင်း သွားရ၏။သူ့ခမြာအလွန်ချမ်းသာမှုကိုခရိ သွားရှာလေသည်။ အိပ်ပျော်နေစဉ်အတွင်းဝိထိစိတ်မရှိသဖြင့်"အဗျာကတ"ခေါ် ဘဝင်စိတ်အစဉ်သာဖြစ်နေရကား ကုသိုလ် အကုသိုလ်မှ အခိုက်အတန့်အားဖြင့် လွှတ်ကင်းသွားရသည်။ သို့ခသော် ထိုချမ်းသာမှု သင်္ခါရမှာ ဘာရှည်မခံရှာပေ။အိပ်ရာမှနိုးလာ သည်နှင့်တပြိုင်နက် မအိပ်မီကစိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု တွေဘာဖန်ဆက်ပေါ်လာကာ ထပ်မံဒုက္ခခံရရှာလေသည်။ ထို အခါ ထိုသူစိတ်၌အင်းအိပ်ပျော်နေရတာတယ်ချမ်းသာပါက လားဟုညည်းတွားမိရှာလေသည်၊ဒုက္ခဘရားခံစားမှုမှအခိုက် အတန့် လွတ်ကင်းရခြင်းသုခကိုပင် ဤမျှလောက်တန်ဘိုးရှိ ကြောင်းသိလာသူအား နိရောဓသစ္စာခေါ် ဒုက္ခအပေါင်းထော ငြိမ်းချုပ်ငြိမ်းရာ လက်စသိမ်းကုန်ခမ်းရာအမှန် နိဗ္ဗာန်ဆို

သည့်သန္တိသုခကြီးကို အဘယ်မှာလျှင်မလိုချင်ဘဲရှိအံ့နည်း? အမြင်မှန်ရသူတိုင်းလိုချင်ကြ၊ ရချင်ကြရောက်ချင်ကြ သည့် သဘောသျှင်ကတည်း။

အိပ်ပျော်နေသူအား ချမ်းသာသည်ဆိုရာ၌၊ ရုပ်ကြွင်းနာမ် ကြွင်းရှိသေး၏၊ ဒုက္ခသစ္စာဖြစ်သော ခန္ဓာငါးပါးမှ လုံးဝ မကျွတ်လွှတ်သေး။ ငိုယိုစိတ်သာ ရပ်တန့်နေပါသော်လည်း ဘဝင်စိတ်များ အဆက်မပြတ် ရှိနေသေး၏၊ နိဗ္ဗာန်မှာမူကား ခန္ဓာကြွင်းဟူ၍ လုံးဝမရှိ၊ တဏှာလည်း မရှိတော့ချေ၊ ကံ အစွမ်းသည်း အင်အားမရှိတော့သဖြင့် ဘဝသစ်ထပ်ဖြစ်ရန် လည်း မလိုတော့ခုကား'ဒုက္ခဟူသမျှ အရိပ်အငွေ့မှ မကျန် သည့် တကယ်အေးမြသည့် သန္တိသုခ ချမ်းသာမှုကြီးအစစ် ဖြစ်လေသည်၊

ခန္ဓာကြွင်း ရှိလျက် ခံစံရသော နိဗ္ဗာန်သည် 'သဥပါဒိ သေသနိဗ္ဗာန်'မည်၏၊ခန္ဓာကြွင်းမရှိဘဲ အဆုံးစွန်ပရိနိဗ္ဗာန်စံမှု သည် "အနုပါဒိသေသနိဗ္ဗာန်" မည်၏။ဘနည်းကားခကြောင့် ကြ ပုပန်အမျိုးမျိုးကင်းငြိမ်း ချုပ်ပျောက်သော နိဗ္ဗာန်သည်။ "သုညတနိဗ္ဗာန်" မည်၏၊ဘေးရန်အပေါင် တို့မဆက်ဆံနိုင် တော့သောနိဗ္ဗာန် သည် "အနိမိတ္တနိဗ္ဗာန်" မည်၏။ တောင့် တ ပုပန်မှု မဆက်ဆံတော့သော နိဗ္ဗာန်သည် "အပ္ပဏိဟိတ နိဗ္ဗာန်"မည်၏ဟူ၍ အဘိဓမ္မာ ဆရာကြီးများ မိန့်ကုန်၏။

ထိုသန္တိသုခ နိဗ္ဗာန်သည်၊အချားဆိုင်ဘုံတခုးကဲ့သို့ တ ပါးတည်းမဟုတ်ပေ၊ကိုယ် နိဗ္ဗာန်နှင့်ကိုယ်အသီးသီးရှိကြ၏။ ထိုကြောင့်ပင် အရိယာသခင် အရှင်သူမြတ်ကြီးတို့သည် ခန္ဓာ

ကုံသင်ခြင်ထင်ရှား၍ပင် မိမိတို့နိဗ္ဗာန်ကိုအာရုံပြုလျက် ဖိုလ်သမာပတ်ဝင်စားတော်မူကြလေသည်။ ထိုဖိုလ်သမာပတ်ဝင်စားခိုက်ဝယ်နိဗ္ဗာန်ကိုအာရုံပြုလျက် စိတ်တန်း၍ နေရခြင်းသည်ပင် အလွန့်အလွန် ချမ်းသာကြီးသော ဟူ၏။ အနာဂါမ်ရဟန္တာအရှင်မြတ်တို့သည်။ ရုပ်နာမ် ခန္ဓာကြီးကို လေးလံလှစွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်သင်တော်မူကြသဖြင့်၊ ရုပ်နာမ်ခန္ဓာမှကင်းနိုင်သမျှကင်းဝေးစေခြင်းအကျိုးငှာ နိရောဓသမာပတ်ကိုဝင်စားတော်မူကြ၏။ ထိုသမာပတ်အတွင်း၌ ခံစားမှုလုံးဝမရှိ။ စိတ် စေတသိက်တည်းဟူသော နာမ်တရားနှင့်အချို့ရုပ်များအသစ်မဖြစ်ဘဲ ရပ်စဲနေခြင်းသာတည်း။ ထိုကဲ့သို့ရုပ်နာမ်အချို့တို့ချုပ်ငြိမ်းနေခြင်းကိုပင်အလွန်ထူးသောသုခကြီးဟုသဘောရ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူကြလေသည်။

ထိုကြောင့်ပင်လည်း ဗုဒ္ဓမြတ်စွာဘုရားသည် ခံသည်းစွာရှာဖွေကျင့်ကြံ ဉာဏ်တော်ကျက်စား၍ ဘုရားဗုဒ္ဓအဖြစ်ဖြင့် ထိုသန္တိသုခကြီးကို ရအောင်ဆွတ်ခြူးတော်မူလိုက်ပေသည်။ နောင်လာနောက်သားတပည့်များကိုလည်း "မြင်နည်းတူ သန္တိသုခနိရောဓကြီးကို ရအောင်ကျိုးစားကြပါလေ" ဟုအသွယ်သွယ်သောနည်းနာနိဿယသာသနာတော်ဖြင့် ဟောပြလမ်းညွှန်တော်မူခဲ့လေသည်။

မဂ္ဂသစ္စာ — လောကီတရား ဒုက္ခများနှင့် ဟာကွာဝေးသော သမုဒယတို့၏ ကင်းလွတ်ရာမှန်၊ နိဗ္ဗာန်ဆိုသည့် သန္တိသုခ ရှိကြောင်း၊ ထိုနိရောဓသစ္စာ

နိဗ္ဗာန်ဆိုသည်မှာ၊ အလွန်ချမ်းသာကြောင်း ဟောပြတော်မူပြီးနောက်၊ ထိုလောကုတ္တရာ အကျိုးတရားကို ရရှိရာ အကြောင်းတရား လောကုတ္တရာ လမ်းများသော ရှိပါ၏၊ ထိုခေမာသောင်ကမ်း နိဗ္ဗာန်နန်းကို၊ ရွှေသိမှန်း ရောက်ခိုက်သို့ကြွလျှင်၊ ဒီလမ်းကိုလျှောက် ဒီလောက်သာကျင့်ဟု ညွှန်ပြတော်မူလိုရကား၊ လောကုတ္တရာအကြောင်းတရား ဖြစ်၍၊ နိဗ္ဗာန်သို့ ပို့ဆောင်သော လမ်းသဖွယ်ဖြစ်သည့်၊ တရားတစ် တရားမှန် မဂ္ဂသစ္စာ မည်သော စတုတ္ထ အရိယသစ္စာကို ဟောကြားတော်မူလေသည်။ ဒုက္ခနိရောဓ ဂါမိနီ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာပေတည်း။ အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသော တရားလမ်းကြောင်း ကျင့်စဉ် ကောင်းတို့ ပင်တည်း။

ဤမဂ္ဂသစ္စာကိုပင်၊ မဇ္ဈိမပဋိပဒါ အကျင့်ဟု ခေါ်ရပေသည်။ အင်္ဂါရှစ်ပါးရှိသော ထိုအကျင့်မည်ပေမ်းဟူသည်ကား-

၁။ ကောင်းစွာမြင်ခြင်း။ ၂။ ကောင်းစွာ ကြံစည်ခြင်း။
၃။ ကောင်းစွာ ပြောဆိုခြင်း။ ၄။ ကောင်းစွာပြုလုပ်ခြင်း။
၅။ ကောင်းစွာ အသက်မွေးဝမ်းကြောင်း ပြုလုပ်ခြင်း။
၆။ ကောင်းစွာ ကြိုးစား အားထုတ်ခြင်း။ ၇။ ကောင်းစွာ အောက်မေ့ဆင်ခြင်ခြင်း။ ၈။ ကောင်းစွာ တည်ကြည်ခြင်း တို့ပေတည်း။

**အမြင်ကောင်း အသိမှန်** ကံနှင့် ကံ၏ အကျိုးကို သာ မြင်သိနိုင်ရုံမျှသော

ကမ္မဿကတာသမ္မာဒိဋ္ဌိ, လက္ခဏာရေးသုံးပါးဖြင့် ရုပ်နာမ် တရားကို ဟုတ်တိုင်းမှန်စွာ ရှုနိုင် မြင်နိုင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ အဆင့်အတန်းသို့ရောက်သော မဂ္ဂသမ္မာ ဒိဋ္ဌိဟူ၍ အမြင်ကောင်းအမြင်မှန် သုံးမျိုးရှိ၏။

၁။ **ကမ္မဿကတာဒိဋ္ဌိမှန်** ကောင်းတာဘဲလုပ်လုပ်
မကောင်းတာဘဲလုပ်လုပ်၊

စိတ်ပါ လက်ပါ လုပ်သျှင်။ စေတနာခေါ်၊ စိတ်၏ လှုံ့ဆော်မှု ပါရလေသည်. ထိုစေတနာကိုပင်၊ ကံ-အကုသိုလ်ဟု ခေါ် ဆိုရလေသည်။ တခုခုပြုလုပ်ပြောဆို ကြံစည်ပြီးသည်နှင့် တ ပြိုင်နက် ထိုစေတနာခေါ် ကံသည် ကွယ်ပျောက် သွားပါ သော်လည်း သူ၏ သတ္တိကလေးကား မပျောက် မပျက်ဘဲ၊ ခန္ဓာအစဉ်မှာ၊ ကျန်ရစ်တည့်ရှိနေလေသည်။ ထိုကံ၏ အကျိုး သတ္တိသည်၊ အလှည့်ကြုံကြိုက်လာ၍ အကျိုးအပြစ် ပေးခွင့်ရ လျှင်။ ယခု ဘဝဘဲ ဖြစ်ဖြစ်, နောက်ဘဝကျမှပင်ဖြစ်စေ၊ အကျိုးအပြစ် ပေးကြလေသည်။

ဥပမာပြပါအံ့။ မောင်ဘသည်။ လူတယောက်ကို ဓား နှင့် စိတ်ပါလက်ပါ ရက်သတ်လိုက်သည်။ ထိုသတ်ဖြတ်မှုမှာ ခဏခြင်းပင် ပြီးဆုံးသွားပါသော်လည်း၊ ထို (အကုသိုလ်ကံ) မကောင်းမှု စေတနာ၏ သတ္တိသည်၊ မောင်ဘ၏ သန္တာန် ခန္ဓာအစဉ်၌ မပျက်မစီးတည့်ကျန်ရစ်သည်။ "လူသတ်သည် လူသတ်သည်" ဟူသောစိတ် စနှောင့် စနှင်းရှိမှု ဒုက္ခအပြစ် သည် မောင်ဘအားအမြဲပင်အပြစ် ပေးနေသည်၊ နှောင့်ယှက်

နေသည်။ တနေ့ကံပေးခွင့်အလှည့်ကြုံလာသည့်အခါ၊ လူသတ်မှု ပေါ်ပေါက်ကာ- အဖမ်းခံရ၍၊ သေစားသေစေ အမိန့်ဖြင့် အသတ်ခံရရှာပြန်သည်။ ဤသို့ ကံ,ကံ၏ အကျိုးအပြစ် သတ္တိ, ကံ၏သတ္တိက အခွင့် ကြုံသော်အခါ အကျိုးအပြစ် ပေးပုံကို သိဘန်လောက်ပေပြီ။

ဥပမာ ပြပါဦးအံ့၊ မရီသည်၊ လမ်းဘေး သူဆင်းရဲတယောက်ကို ထမင်းတနပ် ကျွေးလိုက်သည်။ ထမင်းကျွေးမှုအတွက် သုံ့ဆောင်သော စေတနာနှင့်တကွ၊ ကုသိုလ်ကံ ပြုမှုသည်။ ပြီးသည်နှင့် တပြိုင်နက် ချုပ်ငြိမ်း ပျောက်ကွယ်သွားကြကုန်သော်လည်း၊ ထိုကုသိုလ်ကံ၏ သတ္တိကတော့ မရီ၏ သန္တာန် ခန္ဓာအစဉ်၌ တည်ကျန်ရစ်သည်။ လေး-ငါးနှစ်ကြာမျှ ကံအခွင့်မကြုံသေး၍ အကျိုးမပေးနိုင်သောကြောင့်၊ ထိုအတိုင်းသာ ရှိနေရှာသည်၊ အကျိုးသုံးမစံစားရသေး။ တနေ့သ၌၊ ကံပေးလှည့် အခွင့်သာသောအခါ အဆိုပါဆင်းရဲသားသည်၊ သိန်းပေါက်ကာ-မရီအား "ထမင်းကျွေးဘူးပေသည်" ဟု ငွေ၅သောင်းလာရောက်ကန်တော့လေ၏။ ဤ၌လည်း ကံ ထိုကံ၏ အကျိုးပေးဖို့, အခွင့်အလှည့် သာသောအခါ ကြုံကြိုက်သောအခါ အကျိုးပေးပုံကို သိလောက်ရာသည်။

တနည်းဆိုဦးအံ့၊ အကုသိုလ် ကံသည်၊ အပြစ်ပေး၏၊ ကုသိုလ်ကံသည် အကျိုးပေး၏။ တာဝန်ခွဲ သိမှတ်လျှင်။ ဒကာ ပြန်၍အကျိုး အပြစ်ကိုရသည်။ ဘောလုံးတခုကို မျက်နှာချင်းဆိုင်၊ နံရံသို့ ပေါက်လိုက်က၊ ထိုဘောလုံးသည်၊ မိမိထံပြန်၍ ရောက်လာသည်။ ဖြေးဖြေး ပေါက်က ဖြေးဖြေးပြန်၍။ ခပ်

သန့်သန့်ကလေးလွှဲပေါက်က၊ ခပ်ဖြင်းဖြင်းကလေး ပြန်လာစေမည်။ ထိုအတူပင် စေတနာဘက်သန့်သလောက် အကျိုးပေး ထက်သန်တတ်၏။ သဘာဝတရားပင်တည်း။

မှန်မှေ့တွင် ရုပ်ကြည့်စမ်းပါ။ သင်ကမဲ့ပြ ရွဲ့ပြလျှင်၊ မှန်ထဲမှ အရိပ်လည်းပြန်၍ မဲ့ရွဲ့ပြ၏၊ ပြုံးရယ်ပြက ပြန်၍ အသွင်တူကို တွေ့ရလိမ့်မည်။ ထိုအတူကံနှင့် ကံအကျိုးတို့သည် ဆက်သွယ်လျက်ရှိပေသည်။

သင်သည် လူတယောက်အား ဆဲရေးရိုက်နှက်ပါမူ၊ ထိုသူကလည်း သင့်အား ပြန်လှန် ဆဲရေး သတ်ပုတ်တော့မည်။ အကယ်၍ သင်က ရင်းအာ ပြုံးချိုစွာ နှုတ်ဆက်ပါက၊ ထိုသူကလည်း ပြန်လှန်၍ ကြည်လင်ရွှင်ပြစွာ နှုတ်ဆက်ပေလိမ့်မည်။ ဤသည်တို့ကား ကံနှင့် ကံ၏ အကျိုးတို့ ဆက်သွယ်လျက်ရှိကြောင်း သာဓကများပေတည်း။

ကံ၏အကြောင်း အပုံအလင်ကို အဘိဓမ္မာ သင်္ဂဟကျမ်း ဝိထိမုတ်ပိုင်း၌ အကျယ်တဝင့် ပြဆိုသည်၊ ဤကျမ်းချုပ်မည်ဖုံး၍ မရည်တော့ပါ။ အကျဉ်းမှတ်ရန်မှာ ကံ၏ သတ္တိသည် ယခုဘဝမှာဖြစ်စေ၊ နောက်ဘဝများမှာဖြစ်စေ၊ အကျိုးအပြစ် ပေးခွင့် ကြုံလာမှသာ အကျိုးပေးနိုင်၏။ အလွန်ထက်သန်အားကောင်းသော ကံအချို့သည်၊ ယခုဘဝမှာပင် အကျိုးအပြစ်ပေး၏၊ အချို့ ကံများကား နောက်ဘဝမှပင် အကျိုးပေးနိုင်သည်။ ထိုရှေးဘဝက ကြွင်းကျန်လာသော ကံသတ္တိသည် ယခုဘဝမှ ပေးနေသည်။ အချို့ကံမှာ ဥပဇ္ဇဝေဒနီယတို့ ရိုက်ထုတ် လုပ်ကိုင် မှသာ ငွေချောက် ဖူးတွဲပြီး အကျိုးပေး

လေသည်။ ယခုခေတ် အနျို့ လူများ ကံနှင့် ဝိရိယ, ကံ၏သတ္တိနှင့် ဘုရားတန်ခိုးတော်၊ သို့မဟုတ်-သဘာဝ ဖြစ်ရပ်များ၏ ကွဲပြားပုံကို ဟုတ်တိုင်းမှန်စွာမဝေခွဲနိုင်ကြခြင်းမှာ၊ အဘိဓမ္မာ ဉာဏ် နုလှန်းသောကြောင့် ဖြစ်လေသည်။

ဤသို့သော် တဖုံတယောက်၏ ကောင်းကျိုးစံချိန်း ဆိုး ဖြစ်ခံရခြင်း ဆင်းရဲခြင်း ချမ်းသာခြင်းစသော လောကဓံတရားများသည် အခြားဖြင့်ဖန် ဘုရား, နတ်, ဗြဟ္မာ သဘာဝစသော တဦးတယောက်က ဖန်ဆင်းဖြစ်ပေးသည် မဟုတ် "ဘယ်သူမပြု မိမိမှု" ဆိုသည့် မိမိ၏ ကံ ထိုကံ၏ အကျိုး သက်ကြောင့်ဖြစ်ရချေသည်ဟု သိမြင်နားလည် သာခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိခေါ် အသင်ကောင် အမြင်မှန်တ ချဉ်ဟု ခေါ်ဆိုလေသည်။

၂။ ဝိပဿနာဉာဏ် ဒိဋ္ဌိမှန် ...ည်း ဥစ္စာ ရေဘနာ ...ဝေ ...သင်ခြေသား

...ဟိုသည်၊ ...ရောက်လေရာရာ ဘ...တိုင်းသို့ ...ပိုက်ပါနိုင် ကြောင်း။ ...သာလျှင် ဘဝတိုင်း နိဗ္ဗာန် မ...သား ကာလ ပါပ်လုံး ပိုက်ပါနိုင်သဖြင့်၊ မိမိ၏ ကိုယ်ပိုင်ဥစ္စာ အစစ်ဖြစ် ကြောင်း ...သော အသိမှန် အမြင်မှန်တရ ဉာဏ်အမှိုသည် ...နာသမ္မာဒိဋ္ဌိမည်၏။ ...ကံ၏ အကျိုးကို ယုကြည်သင် ...ရှိသာလေကာဘဲ ဒုက္ခသစ္စာ... တည်းဟူသော လက္ခဏာရေးသုံးပါးဖြင့်တင်၍ ...တ်တိုင်း မှန်စွာ ...ား သိ မြင်လာနိုင်ပေသည်။ ချမြင်-ချ...က်၊ နေ့မြင် ညပျောက်စသော ...တည် မမြဲသော အနိစ္စတရားသည် ဆင်းရဲ...အမှန်...

တည်း။ မိမိသည်ပင်၊ မွေးလာရ ကြီးလာရ၊ အိုလာရ များ နာရ၍ မကြာမီပင် သေရဦးမည်။ ဤသို့ မတည်-မမြဲ ပေါက်လဲ့ ပေါက်ပြန်နှင့် ဖြစ်နေရခြင်း သည်။ ဒုက္ခဆင်းရဲကြီးပါတဲ့။ ဘဝခရီး တရလုံးဟာ မည်း မည်းတွတ် ့ဖြောင့်ဖြောင့် ဖြူးဖြူးမှန် နှမ့်တို့ မြိုင့်တို့နှင့် " ဆင်းရဲချမ်းသာ, ဥစ္စာနည်း,များ ဆေး သားမြီး ကင်းပြန်တချီး၊ တိုးပြန်တဖုံ၊ ဖြူးမြှောက်တုံ့နှင့်၊ နှိပ်ချုံ့ကွဲမှု ခံ းမတဲ့မှန် လောကဓံဘည့် " ဟူသော မြေ တွေကြောင့်၊ ဒုက္ခတွေ စိုးနင်းမလပ်၊ နာရီမလပ် ခံစား နေရ သည်တို့၊ ဟုတ်တိုင်းမှန်စွာ ဉ်မြင်လာလေသည်။

ဇာတ်ရူးသမြင်း၊ ခြွေဘက်ပိုင် အပုဒ်ကောင်ကြီးဟာ သရုပ် ဘော်နေတာ ပါကလာပေါ့၊ ဉ်နား လည်လာသော ဥာဏ်သည်၊ ဒိပသာ သမ္မာဒိဋ္ဌိခေါ်၊ အသင်မှန်- အမြင်မှန် တခုပ်ဖြစ်လေသည်။

၃။ မဂ္ဂသမ္မာဒိဋ္ဌိ၊ ခန္ဓာငါးပါး ရုပ်နာမ်ဘရား ...။ အနိစ္စ-မမြဲဘူး, ... မမြဲ ခြင်းကြောင့် ဒုက္ခ- ဆင်းရဲ ဖြစ်ပေသည်။ ထိုကြောင့် အနတ္တ အတ္တ မ... ကိုယ်ကို အ...ရသည်ဟု ဆိုအပ် သော ... သော အသောတနိုးသည့် အ... ဒိပသာ သမ္မာ ဒိဋ္ဌိဖြင့်၊ ...။ ကိလေသာ ... အညာဏ် ... တို့သည်။ ... ကျွတ်ပျောက် သွားရလေသည်။ ထိုအခါ တဆင့်တိုးတက် ... သော မဂ္ဂ သမ္မာဒိဋ္ဌိခေါ် သမ်းကြောင်း အမြင်မှန်ကို ရလာ

လေသည်။ နိဗ္ဗာန် ရောက် ကြောင်း လမ်းကောင်းကြီးကို၊ ဖြောင့်ဖြောင့် ဖြူးဖြူး ထင်ထင် ရှားရှားကြီး မြင်သာသော အသင်မှန် အမြင်မှန်ပေတည်း။

ဤသို့လျှင် အင်္ဂါသုံးချပ်ရှိသော သမ္မာဒိဋ္ဌိခေါ် အသင်မှန် အမြင်ကောင်း ဟူသည်၏။ အဓိပ္ပါယ်သဘောကို ထင်ရှားအောင် ဆင်ခြင်နားလည် အပ်ပေသည်၊

**စိတ်ကူးကောင်း ကြံစည်မှန်၊** ကာမဂုဏ်ဘေးမှ ထွက်မြောက် ကျွတ်လွှတ် လိုသော ကြံစည်စိတ်ကူးမှုဖြစ်သည့် နေက္ခမ္မသက်ပွ တသီးပုဂ္ဂလ အပေါ်၌ဖြစ်စေ၊ အများ [illegible]ပေါ်၌ဖြစ်စေ၊ တရားသော နည်းလမ်းဖြင့်၊ မေတ္တာ ထပ်ပွားကာ၊ အကျိုးဆိုးပွားစေလိုသော ကြံစည်စိတ်ကူးမှုဖြစ်သည့် အဗျာပါဒသက်ပွ ဆင်းရဲသူ-ဆင်းရဲသား အောက်တန်းစား ပုဂ္ဂိုလ်များအား သနားကရုဏာကြီးစွာဖြင့်၊ ဘယ်ဘင်လိုသော ကရုဏာ-စိတ်နှင့် အကြံ အစည်မျိုးဖြစ်သည့်, **အဝိဟိံသာ သက်ပွ** ဟူ၍။ သုံးပါးသော အင်္ဂါရှိသည့် သမ္မာ သက်ပွခေါ် စိတ်ကူးကောင်း ကြံစည်မှန် ခြင်းသည်ရှိ၏။

၁။ **နေက္ခမ္မသက်ပွ** လောကလူ့ချ[illegible] ယာ အခါ၌ ချောမော လှတာတွေ, အသံချိုအေး၊ ရနံ့,မွှေးတာတွေ, ချသာသို့ပျော့၊ အတွေ့ကောင်းတာတွေစသော ကာမဂုဏ် အာရုံများကို ခံစား စံစား လိုကြသောအခါဖြင့်။ အမျိုးမျိုးပေါ့တော ကြံစည်ကာ၊ လေလဲဘိုက်ဆောက်ကြလေသည်။ "ထိုများပေါက်ရင်တော့လား-

ဘာသွားနှယ်ကြီး ဖိပ်ယူပြလိုက်မယ် ”စသည်ဖြင့်၊ ကာမဂုဏ် ဘိုင်ရာတွေကိုသာ ကြံစည်နေကြခြင်းသည် **ကာမ သက်ပ္ပ အကြံစည် မှားကြီး**ဖြစ်လေသည်၊

ကိလေသာ ကာမဂုဏ်, အာရုံတွေကို စွန့်ပယ်၍၊ ရဟန်း ဘောင်း-ရဟန်းမြတ် လောကနှင့် ကင်းပြတ်အောင် ပြုလုပ် မှုည်။ တောထွက်ပြီး ဟရားကောင်း ကျင့်မည်၊ ပျာနှင့် အောင် အားထုတ်မည်။ ကမ္မဋ္ဌာန်းထိုင်ရ အားထုတ်ရလျှင် ကောင်းမှာဘဲ။ ကုသိုလ်ရေးအတွက် ဘယ်ဟော့များ ဒါနပြု ပေါ့မလဲ၊ သီတင် နေ့ကြခုင်၊ ဥပုသ်စောင့်ဦးမည် စသည်ဖြင့် လောကုတ္တရာ ကိုးပွားရေးကို ရှေ့ရှု၍သာ၊ ကြံစည်စိတ်ကူး ခြင်းဟူသမျှသည်။ ကာမသက်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့် ကျင်သော **နေက္ခမ္မသက်ပ္ပ** ခေါ် အကြံကောင်း စိတ်ကူးမှန် ဖြစ်လေသည်၊

၂။ **အဗျာပါဒသက်ပ္ပ**၊ ပင်ကိုယ်ခေ နေကျ၊ စိတ် ထားမျိုးမဟုတ်ဘဲ။ ဖေါက်

ပြန်နေသော ဒေါသကို ဗျာပါဒဟုခေါ်၏၊ ဒေါသတွေ တ ချောင်းချောင်း။ အမုန်တွေ တကောင်းကောင်းနှင့် ဒီသတ္တဝါ ကြီးကို ငါသတ်ပိုက်မှ ဖိုင်နဲ့ကြီး သေအောင် ငါမှ မ ဟုတ်လျှင် တသက်လုံး မလုပ်စား မကိုင်စား နိုင် အောင် ဘယ်လို လုပ်ရပါ့မလဲ၊ သတ်ပစ်တာ ကောင်းပါတယ်လေ စသည်ဖြင့်။ မိမိနှင့် ရန်သူဖြစ်ဘူး-သူတွေကို တွေးတောကာ ဒေါသဖြင့်ကြံစည်စိတ်ကူးမှုသည် **ဗျာပါဒသက်ပ္ပ** ခေါ်အကြံ စည်မှားကြီးဖြစ်လေသည်၊

ဒေါသတရား အလျှင်းမထားဘဲ၊ မေတ္တာ ထပ်ပွားသည့် ကိုပင် အဗျာပါဒဟုခေါ်၏။ တရားဓမ္မကို အကျ-ရိုးသား ဖြူ စင်သော မေတ္တာ စိတ်ဓါတ်ဖြင့်၊ ရပ်သူရွာသား လူအများနှင့် တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံး၊ ပုပ္ပုဂ္ဂလ ဟူသမျှတွေကို ကျန်းမာခ်စ-ချမ်းသာစေရန်၊ အန္တရာယ်ကင်း ဘေးရှင်းစေ ရန်၊ အကျိုးများ၍ တိုးပွားစေရန် ရည်သန်၍ မေတ္တာ ထပ် လောင်း ဆုတောင်း ကြံစည် စိတ်ကူးမှုသည် အဗျာပါဒ သက်ပ္ပ ခေါ် အကြံကောင်း စိတ်ကူးမှန်မည်၏။ ဥပမာ-ဆေး သမား တယောက်က "ထိုလူနာသည် သနား စရာ ကောင်း လှ၏။ သေတော့မှာ အမှန်ပင်၊ သတ္တဝါများသည် သေရမှာကို ကြောက်ရှာတာဘဲ၊ သူမသေအောင် ငါဘယ်ဆေးဝါးနှင့် အခမဲ့ ကိုက်ကျွေးပြီး ကုရပါ့မလဲ-ဖိုဒိတဒါနပြုရရင် ကောင်း သလဲ့" ဟု ကြံစည်တွေးတောနေခြင်းမျိုးသည်၊ ဤအဗျာပါဒ သက်ပ္ပ ခေါ် ကြံစည် ကောင်း စိတ် ကူးမှန် စာရင်း ဝင် ပေတည်း။

၃။ **အဝိဟိံသာ သက်ပ္ပ** သူတပါးကို ဖြစ်စေ၊ ခွေး ကိုဖြစ်စေ မသေမကြေ ဘဲ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ စိတ်ပူကိုယ်ပန်း ဖြစ်ရုံလောက် သာ နှိပ်စက်ညှဉ်းပန်းလျှင် ကောင်းမှာဘဲ-ဟု ကြံစည်တွေး တောမှုသည်၊ ဝိဟိံသာ သက်ပ္ပ ခေါ် အကြံအစည်မှားကြီး ဖြစ်လေသည်။

သူတပါးအား သနားခြင်း ကရုဏာသည်၊ နှိပ်စက်ညှဉ်း ပန်း ဘရမ်းဘတာ၊ မညှာမတာလုပ်ခြင်းမရှိသောကြောင့်ပင်၊

အဝိဟိံသာ ညည့်၏။ ထိုကရုဏာတရားဖြင့်ဆင်းရဲသူအများ အောက်တန်းစား တွေကို၊ မထိခိုက် မနစ်နာလေအောင်၊ ဆင်းရဲဒုက္ခ မဖြစ်ကြရလေအောင်၊ အောက်ကျ နောက်ကျ ဘဝစဉ် မရှိသော အခြေအနေမှ၊ သူများနည်းတူ တိုးတက် ကြီးပွား၍၊ တရားလမ်းမှန် အတိုင်း အခွင့်အရေး ရကြလေ အောင်၊ဘယ်ပုံဘယ်နည်း ကယ်တင်အားပေးရပါမည်နည်း၊ ဘယ်လိုနည်းလမ်းမျိုးဖြင့် ကူညီရပါမည်နည်း။ ဘယ်သို့တရား ဟော၍ ဘယ်လိုချွေဆောင်ရမည်နည်း။ တဦးနှင့်တဦး နှိပ်စက် မညှင်းပန်းကြပါစေနှင့်။ စိတ်အေး ကိုယ်ချမ်း တဲ့တဲ့ သင့်သင့်ရှိကြပါစေ-စသည့် သနားသက်ညှာ ကရုဏာ စိတ် ထားဖြင့် ကြံစည် စိတ်ကူး ပေါ်ခြင်းသည် သာ၍ အဝိ ဟိံသာ သင်္ကပ္ပ ခေါ် အကြံစည်မှန် စိတ်ကူးကောင်း ဖြစ် လေသည်။ ဥပမာ-"အဝီစိတွင်းသို့ ပိတ်ကာဖုံးနေတဲ့ ပုထုဇဉ် သတ္တဝါတွေကို၊ ဘယ်လိုနိဗ္ဗာန်ရောက်အောင် ပို့ရပါ့လဲ-" ဟု တွေးတောကြံစည်မှုမျိုးပင်တည်း။

ဤခိုင်အင်ခဲမြိုးသော အကြံကောင်း အစည်ကောင်း သုံးမျိုး ရလုံးသည်၊ ဗဟိုလမ်းစဉ်၌ ပါဝင်သည့် သမ္မာသင်္ကပ္ပ ခေါ် မဂ္ဂင်တရားတပါး ပေတည်း။

အပြောကောင်း အဆိုမှန် သမ်ဗလည် လှည့်ဖြား ညှာဝါးဖြန်းသန်းသော

စကား၊ရန်တိုက် ပုံချော စကား၊ဆဲရေးတိုင်းထွာ မြည်တွန် တောက်တီးစကား၊အချင်းအတင်းပျက်ရယ်စကား စသော ၁ စီးဝနိုက်ခေါ် နှုတ်ဖြင့်မကောင်းပြုကျင့်မှုများမှ လွှတ်ကင်း

အောင် ပြောဆိုသော စကားသည်၊ သမ္မာဝါစာ ခေါ် အပြောကောင်းအဆိုမှန် ဖြစ်လေသည်။

ရှက်ခြင်း ကြောက်ခြင်း အားနာခြင်းတို့ကို ဂရုမစိုက်ဘဲ၊ ဟုတ်တိုင်း မှန်ရာ ကိုသာ တိတိကျကျ မကွေ့ မကောက် မဖြန်းမသမ်းဘဲ ရှင်းရှင်းမှန်မှန်ပြောရပေမည်။ လက်ခနဲချော အောင် လောကွတ်ကြွအောင်ဟု ဆင်ခြေပေးပြီး ချွတ်ချော်သော မမှန်စကားကို မသုံးအပ်ပေ၊ အချို့စကားတို့ သေိမ့် သပတ်နှင့် အဓိပ္ပါယ် နှစ်မျိုးထွက် စကားမှန်း ထင်၍ ပြော သင်၏။ သူတော်ကောင်းမှန်းမသိ၊ သူတော်ကြောင်မှန်းမသိ၊ အဟုတ်မှန်းမသိ၊ လိမ်မှန်းမသိ။ ဆင်ကြောင်ဆင်ဖြစ်အောင် ပြောတတ်၏။ ဤသည်လည်း မှုသားစကား တမျိုးပင်၊ ထို သဘောစသည်မျိုးကို လုံးဝ ကြဉ်ရှောင်ကာ၊ 'ဗုဒ္ဓ ရှိ ပဲ နှိ သခင်သည်၊ အဘိဓမ္မာ တရားတော်ကို ဟောပြသည်' အစို ခေါ်-ဟုတ်မှန်စွာ တိတိကျကျပြောဆိုမှသာ အပြောကောင်း အဆိုမှန်မည်လေသည်။

ဂိုဏ်းသား၏ မှန်အောင်ပြောရုံ ကောင်းသည် မဟုတ်၊ မိမိပြောလိုက်သော စကားသည်၊ ချစ်သူနှစ်ဦးအား ကွဲပြား ခွန်းတီး အကျိုးပျက်စီးစေမည့် ကုန်ချော ချွန်တိုက်စကား ဖြစ် နေသျှင်၊ မိစ္ဆာဝါစာ စာရင်းဝင်နေသေး၏။ ဘယောက်နှင့် ဘယောက် သင့်သင့် မြတ်မြတ် ညီညွတ် စည်းလုံးစွာ ရှိကြလေ အောင်၊ ပြောဆိုစေ စပ်ပေးနိုင်သော စကားမျိုးမှသာ အများ အကျိုး ပွါးတိုးဖြစ်စေနိုင်သဖြင့်၊ စကားကောင်းမည်ပေသည်။ ဂုံးစကား ချွန်တိုက်သွေးခွဲ ခြေလဲထိုး စကားမျိုးများကိုမှန်

ကန့်သေးသည်းမပြောဘဲ၊ သိုသိပ်သိမ်မြဲချန် ထားသင့်ပေသည်။

ရန်ညိုက်ခြေထိုး စကားမျိုးမဟုတ်သော အမှန်စကားပင် ဖြစ်သော်လည်း၊ ကြမ်းတမ်းရုန့်ရင်းစွာ၊ ယုတ်ယုတ်မာမာကြီး ပြောပြင်ကာ အပြောကောင်း အဆိုမှန် မသည်သေးပေ။ နားထောင်သူ အကျိုးများအောင်၊ သာသာချောင်စွာ ပြေပြစ်ယဉ် ကျေးစွာ ပြောဆိုရမည်။ သို့မှသာ အပြစ်ကင်းသော စကား ကောင်းဖြစ်ပေမည်။

'စကားခြောက်ခွန်း လူ့ပယ်ထွန်း လေးခွန်းကိုပယ် နှစ် ခွန်းသင်'ဟူ၍ရေးထိုးနှစ်မျိုးသော စကားသည်၊ အပြစ် ကင်း စင်မှုရှိသေးပေသည်။ ဝစီဒုစရိုက်မှအပြစ်မှ ကင်းလွတ်သော သုဘာသိတ ပါသ သောကုသိုလ်ကျိုး ခမ္မကျိုး စကားမျိုးမှ သာသွင်အပြောကောင်း အဆိုမှန် မည်ထိုက်ပေ၏။

အချုပ်အားဖြင့်၊ မိမိ၏အသက်မွေးမှု လုပ်ငန်းအတွက် မဟုတ်ပါဘဲလျက်၊ သက်သက် အပျော်အရွှင် သဘောအား ဖြင့်၊ သူတစ်ပါးပျက်စီးစေလိုသော ပါသနာစရိုက်ဆိုးဖြင့် ပင် လည်ပြောဆိုခြင်း၊ ဒုးရှောရန်တိုက်ခြင်း၊ ယုတ်မာကြမ်းတမ်း စွာ ဆဲရေးရှုတ်ချခြင်း၊ အကျိုးကျေးဇူးကင်းမဲ့သော စကား တင်း စကားဖျင်းများကို ပြောဆိုခြင်းတို့မှ ရှောင် ကြဉ်လျက် ပြောဆိုသည့် သမ္မာဝါစာဟု ဆိုရပေမည်။ ဉပဒေ ဘုရားဟောပါဠိတော်လာ လွတ်ကင်းသည့်ဒေါသယ်မှုမျိုး သည်၊ သမ္မာဝါစာ စခန်းဝင် အပြောကောင်း အဆိုမှန် ပေတည်း။

ဤသို့လျှင် သမ္မာဝါစာခေါ် စကားမှန် အဆိုကောင်းတည်း ဟူသော ဗဟိုကျင့်စဉ်၏ အင်္ဂါတပါးကို သိသင့်ပေသည်၊

**အလုပ်ကောင်း အကိုင်မှန်** မိမိ၏ အသက် မွေးမှု လုပ်ငန်း အတွက် မဟုတ်ဘဲ၊ သက်သက်အပျော်သဘောဖြင့်၊ သူ့ထူး ပျက်စီး ဆုတ်ယုတ်စေလိုသော သဘောဝသိမ်းနှင့်၊ သူတပါး အသက်ကို သတ်ဖြတ်ခြင်း ညှင်းဆဲခြင်း, သူ မပေးသည့် ဥစ္စာပစ္စည်း တို့ကို ခိုးယူခြင်း, သူတပါးသားမယားကို ဖြစ်မှားကျူးလွန်ခြင်းများ တို့သည် "မိစ္ဆာကမ္မန္တ" ခေါ်သည်၊ ထိုသို့သော မိစ္ဆာကမ္မန္တ (မှားယွင်းသော အလုပ်)မှ ရှောင်ကြဉ်ခြင်းကို **သမ္မာကမ္မန္တ**-အလုပ်ကောင်းအကိုင်မှန်ဟု ခေါ်လေသည်၊

လောကအခါ များသောအားဖြင့်၊ အပျော် သဘော ဖိုက်ကာ ပျော်လိုက် အမဲလိုက်ခြင်း, ငှက်ပစ်ခြင်း, ကြော့ကွင်းထောင် ခြင်း, ငါးမျှားခြင်း, ရန်ငြိုးဖြင့် သူတပါးအားသတ်ဖြတ်ခြင်း, ပျက်စီးဆုတ်ယုတ်စေလိုသဖြင့်၊ သူတပါး၏ ပစ္စည်းကို ခိုးယူ လုယက်ဖျက်ဆီးခြင်း, သူတပါး၏ မယား, သမီးဘားတို့ကို ဖြစ်မှား လွန်ကျူးခြင်း, ဖျက်ဆီးခြင်း, စသည်များကို ပြုလုပ် လေ့ရှိကြပေသည်။ ထိုသို့သော လုပ်ငန်းမျိုးတို့မှာ- မိမိ၏ အသက်မွေးမှု အတွက် မဟုတ်ချေ၊ ယုတ်မာ ဆိုးဝါးသော ကာယဒုစရိုက် ဆိုးဝါးသော ဝါသနာသဘောမျှသာ ဖြစ်လေ သည်၊ ထိုကာယဒုစရိုက်လုပ်ငန်းမျိုးတို့မှ ရှောင်ကြဉ်ရသည် **သမ္မာကမ္မန္တ** ဟု ကျမ်းဂန်ကြီးများ၌ ဖွင့်ဆိုလေသည်၊

ထိုသမ္မာကမ္မန္တသည် ကာယိကာ, စေတနာ, ဝိရတိအားဖြင့် သုံးမျိုးခွဲကြသေး၏။ အပြစ်မရှိသော ကာယလုပ်ငန်းကို ပြုလုပ်နေသူ၏ ကိုယ်အမူအရာသည် ကာယိကသမ္မာကမ္မန္တမည်၏။ ထိုအပြစ်မရှိသော ကာယလုပ်ငန်းကိုပြုလုပ်ကြောင်း စေ့ဆော်သော စေတနာသည် စေတနာသမ္မာကမ္မန္တမည်၏။ တစုံတခုသော ကာယဒုစရိုက်ကို ပြုဘို့အချက်ပေါ်လာသည့်အခါ-မပြုဘဲ ရှောင်ကြဉ်ခိုက်ယှဉ်၊ ဝိရတိသမ္မာကမ္မန္တ ဖြစ်၏- ဟူ၍ ဋီကာကျမ်းတို့၌ ဆိုကုန်၏။

ဤသို့ ဗုဒ္ဓကျင့်စဉ်၌ တပါးအပါအဝင်ဖြစ်သော သမ္မာကမ္မန္တခေါ် အလုပ်ကောင်း အကိုင်မှန်ကိုသာ ရွေးချယ် ဆင်ခြင်၍ လုပ်ကိုင် သင့်ပေသည်။

**အသက်မွေးဝမ်းကျောင်းမှန်** "ဃရာပါသ သမ္မာ ဝေ့ ကံအမြဲးမြဲ သူတို့တောင်၌ ပဲမ်သောင်ဘက်ရွေ့ ခြုံ့ယ်မြွေးသား" ဟူသည်နှင့်အညီ၊ အသက်မွေးဝမ်းကျောင်းမှုသည်၊ အသုံ့နှစ်ပွေနှပ် ခက်ခဲရသား များ သားအားဖြင့် မတရားမှုနှင့် ရှာကြံမွေးကျောင်းရသည်က များလေသည်။ ထိုသို့ ပစ္စည်းဥစ္စာ ရှာဖွေစားသောက်ရာ၌၊ မတရားမှုဘက် ပါက မိစ္ဆာဇီဝ ဖြစ်နေလေသည်။ အလေးကြီးငယ်တောင်းကြီးငယ်တို့ဖြင့် လိမ်လည်ခိုးယူခြင်း၊ သဒ္ဓါသောသူများပိုင် ပစ္စည်းများကို နိုင်စက်ကဲ့ လုယူခြင်း၊ စင်ကြယ်သော သူတော်ကောင်းတို့ မနှစ်မြို့သော အလုပ်ကိုင်မျိုးတို့ဖြင့် ရှာဖွေခြင်းတို့မှာ၊ မိစ္ဆာဇီဝ စစ်ရင်းဝင်များဖြစ်လေသည်။

ရဟန်းများ အမှီမှားမှု- ထိုလူများ၏ မိစ္ဆာဇီဝမှ အပြင်၊ ဘုရားရှင် ပညတ် တားမြစ်တော်မူသော၊ ဆွယ်ခြင်း, လှော်ခြင်း,ဘောတီးခြင်း,အလိမ္မာ အောင်သွယ်လွှတ်ခြင်း,မျက်နှာလို မျက်နှာရ လုပ်ခြင်း, မျက်နှာချို သွေးခြင်း, ကျေးဇူးရှာသဘောဖြင့်၊လာဘ်မြှော်သဘောဖြင့် "သစ်,ဝါး,ပုံ,ခြေ,ပန်းသည်,ခြေ,ဝမ္မော ရှစ်ဖြာ"တည်းဟူသော၊ကုလဒူသန ရှစ်ပါးကို ဆောင်ရွက်လုပ်ကိုင်ပေးခြင်းသော၊ဗြဟ္မဇာလသုတ်တော်ကြီးလာ မိစ္ဆာဇီဝ ၁၅၂-ပါး တိုက်ရိုက် အကြောင်း ပြုခြင်း အသက်မွေးဝမ်းကျောင်း ပြုပါက၊မိမိလည်း ထိုပစ္စည်းများကို မသုံးအပ်၊ အခြား ရဟန်းများလည်း မသုံးထိုက်တော့ပြီ၊ အသက်မွေးဝမ်းကြောင်းမှားကြီးပင် ဖြစ်လေသည်။

တရားဓမ္မအားလျော်စွာ၊ ကံအကျိုး- ဝိပါကအကျိုး- ဉာဏ်အကျိုး ပေးသမျှလောက် ဖြင့်သာ တင်းတိမ်၍၊ မကောင်းမှုအကုသိုလ်ဒုစရိုက်မယှဉ်သော သူတော်ကောင်းတို့ ကြိုက်နှစ်သက်သည့် အလုပ်အကိုင်မျိုးဖြင့်သာ အသက်မွေးမှုသာလျှင်-သမ္မာအာဇီဝ ခေါ် အသက်မွေး ဝမ်းကြောင်းမှန်မည်၏။ရဟန်းများ အတွက်မှာ၊ သလုံးခြင်းခေါ်ကို အကြောင်းပြု၍၊လှော်မှု ဆွယ်မှုစသော ပယောဂများ ကင်းစွာ၊ ဝိနည်းတော်လာကိုင်း ကေသဝေ မှတ်မိ [illegible] ကျင့်ကြံကာသာ အသက်မွေးမှုသာလျှင်၊သမ္မာအာဇီဝ ခေါ် အသက်မွေး ဝမ်း ကျောင်းမှန်ဖြစ်ပေသည်။

လူသာမကောများမှာ ပစ္စည်းတွေကို မိစ္ဆာဇီဝဖြင့် ရှာဖွေက အပြစ်ရှိပါသေးသည်၊ အသုံးပြုရာ၌ တရားသဖြင့် သုံးစွဲ

ပါက အပြစ်လွတ်ချေသည်။ ရဟန်းများ အတွက်မှာမူ- ရှာစဉ်ခွလည်း အပြစ်ရှိ၏၊ သုံးတိုင်းသုံးတိုင်း အပြစ်တွေ ပွားနေပေလေတော့သည်။

မှတ်မိပါသေးသည်။ ဤကျမ်း ရေးသူသည် ရဟန်းတဝါလောက်ကနိုးက၊ မိမိ၏ဆရာတော် သိန်းကို၊ ဒကာတယောက်အား သနားသဖြင့် ကျောင်းမှ မုန့်ပဲသားရေစာများထုတ်ပြီး ကျွေးမွေးလိုက်၏။ သူခမျာ သာယာနှင့် အတော်ကျွန်အောင်စားပြီး ပြန်သွား၏။ နောက် များမကြာမီ ထိုဒကာကပင် လာပြီး ဆွမ်းဘုန်းပေးပင့်၏၊ ဆရာတော်နှင့်မိမိကိုသာ ရွေးပြီး ပင့်၏။ ဆရာတော်က ဘာအတွက် ရည်မှန်းပြီး ဆွမ်း ကပ်ကြသလဲ ? ဟုမေးရာ ဒကာက "တနေ့တုန်းက, တပည့်တော် ဆာဆာနဲ့ ကျောင်းထဲဝင်လာကာ ဦးပဉ္စင်းလေးက မုန့်ပဲတွေ ကျွေးလိုက်ပါတယ် ဘုရား၊ အဲဒါ ကျေးဇူးဆပ်ချင်လို့ ဆွမ်းကျွေးပါတယ်၊ ဒါကြောင့် အမှတ် ရရ အရှင်ဘုရားတို့ကို ဆွမ်းကပ်ချင်လို့ပါ"ဟု လျှောက်ရှည်လည်းနှင့် ဖြစ်ကြောင်းကို လျှောက်လေတော့သည်။ ဆရာတော်က "အင်း-မင်း ဆွမ်းတွေဘုရား ပေးလိုက်တော့-ဆွမ်းကျွေးပါလဲမစားနဲ့ဘူး ကွ- ဝတ္ထုလဲ ပေးလိုက်နဲ့"ဟု မိန့်တော်မူပြီး ချက်ချင်းပင် မိမိကိုခေါ်၍၊ ကုလဒူသနအကြောင်းနှင့် ပါတ်သက်သောကျမ်းများကို ချပေး ညွှန်ပြ ဆုံးမတော်မူလေသည်။ ကြော် မိန့်ဆိုတာများ သူတော်ကောင်းတွေ တယ်ရှိပါကလား ဟု အမှတ်တရကြီး ဖြစ်ခဲ့ဘူးလေသည်။

အချုပ်အားဖြင့် ဘဝ ခရီးလမ်း တလျှောက် စားသောက် နေထိုင်အသက်မွေးမှု လုပ်ငန်းကို "အာဇီဝ" ဟု ခေါ်သည်။ ထိုကြောင့် လုပ်ငန်းဘက် ဆိုင်ရာ သဘောဖြင့်၊ သူတပါး အသက်,ကျွဲ နွား သား ငါးစသည်များကို သတ်ဖြတ်ရောင်းချမှု သူတပါး ပစ္စည်း ဥစ္စာ များကို ခိုးယူ တိုက်ဖျက်၍ စားသောက် အသက်မွေးမှု၊ သူများ သားမယားကို ဖျက်ဆီးကာ စီးပွါးရှာမှု၊ လိမ်လည် လှည့်ဖြား မုသား ပြောဆိုကာ ဥစ္စာရ ဆောင်းရှာဖွေမှု၊ ခိုးတိုက်ခြေထုတ် ချောပြစ်ခြင်းအမျိုးမျိုးဖြင့်၊ သူ့ရှားအမှုအပည်းကို ကွဲပြား ဖျက်စီးစေလျက်၊ မိမိ ပါတီ ခေတ်တင့်အောင် မိမိသာ ကြီးပွား ကိုးတက်ခလအောင် ကြံဆောင်မှု၊ ဆဲရေးတိုင်းထွာ မခံသားအောင် အောင်ကလ ဟစ်ကာ ချေဖျက်ကာနှိပ်စက် ကိုယ်ဘက်သား,သား၌ သူတပါးဘက်က လျော့ပါး ပျက်စီးစေမှု၊ ကြောင်းကျိုး မညီ အပေါ်အမှန် မဟုတ်သော အဖြစ်အပျက် သတင်းများကို လုပ်ကြံကာ ရေးသားပြောဆိုမှုဟူသည်တို့ကား မိစ္ဆာဇီဝ များပင် ဖြစ်ကလသည်။ ဥပဒေ်ရှိသော လုပ်ငန်းများမှ ရှောင်ကြဉ်ကာ၊ အသက်မွေး နေထိုင်မှုသည်၊ သမ္မာအာဇီဝ မည်သည်လေ၏။ ထိုကြောင့် မည်းသမ္မာအာဇီဝ ခေါ် အသက်မွေးဝမ်းကြောင်းမှုသည် ဗ ကိုကျင့်စဉ်၏ အင်္ဂါတပါးအဖြစ် ပါဝင်ရလေသည်။

**အားထုတ်ကောင်း ကြိုးစားမှုန်** ဘာဘဲ သည် ရှိပ
အားထုတ်မှု ကြိုးစားမှု

ရှိရသည်၊ ကောင်းမှုကိုပြုလုပ်ကတရားမှ အားထုတ်ကြိုးစားခြင်းဝီရိယရှိရသည့်၊ မကောင်းမှုကိုပြုလုပ်ကလည်းတရားမှ

အားထုတ်ကြိုးစားခြင်း ဝီရိယရှိရသည်။ မကောင်းမှု ဒုစရိုက်ပြုလုပ်ကျူးလွန်ရာ၌။ အားထုတ်ကြိုးစားခြင်းသည် မိစ္ဆာ ဝါယာမမည်၏။ ကုသိုလ်သုစရိုက်ပုညကရိယာတွေကိုကျင့်ကြံပြုလုပ်မှု အတွက်၌သာ လုံ့လဝီရိယ အားထုတ်ခြင်းသည်၊ သမ္မာဝါယာမခေါ်အားထုတ်ကောင်းကြိုးစားမှန်မည်၏၊

ဗုဒ္ဓကတော်ကျမ်းဂန်လာတိုင်း ထိုအားထုတ်ကြိုးစားမှန်မှုကိုလေးမျိုးခွဲခြားပြပါတယ်။

၁။ မိမိအား မဖြစ်ဘူးသေးသော အကုသိုလ်ဒုစရိုက်မှုတွေကို၊ မဖြစ်ရအောင်ကြိုးစား၍ကြိုတင်ကာရှောင်ရှားခြင်းတပါး။

၂။ ပေါ်ဖြစ်ဘူးပြီးသော အကုသိုလ်မှုကို နောက်ထပ်တကြိမ်အသားတကျမဖြစ်ရလေအောင်၊ ကြိုးစားပယ်ရှားမတိုးပွားစေခြင်းတပါး။

၃။ မိမိတခါမှမဖြစ်ဘူးသေးသော ကုသိုလ်ထူးများကို တမျိုးပြီးတမျိုးရလေအောင် ဈာန်အဘိညာဉ် မဂ်ဖိုလ်စသည့်အထိရအောင်ကြိုးစား အားထုတ်ခြင်းတပါး။

၄။ ဖြစ်ပြီးသောကုသိုလ်မှုတွေကို မပျောက်ပျက်လေအောင် ထိန်းသိမ်းထားပြီး တဆင့်တိုးတက်သော နောက်မဆုတ်တမ်း၊ ထပ်ကာကြိုးစားသဖြင့် တိုးပွားသော အားထုတ်မှန်မှုတပါး။

ပေါင်းသမ္မာဝါယာမခေါ်အားထုတ်မှန်မှုလေးပါးရှိလေသည်။

ဥပမာအားဖြင့် နိဗ္ဗာန်တည်းဟူသော သန္တိသုခကိုရလေအောင်၊ ကမ္မဋ္ဌာန်း ကြိုးစားအားထုတ်ကျင့်ကြံနေစဉ်၊ နောက်မဆုတ်တမ်း တိုး၍သာ ဖွံ့နေသော ဝီရိယမျိုးသည်၊ သမ္မာဝါယာမခေါ် လုံ့လကောင်း ကြိုးစား အားထုတ် မှုမှန်မည်၏။ ဤသည်လည်း ဗ ဘိုကျင့်စဉ်လမ်း၏ အင်္ဂါတပါးပေတည်း။

**အောက်မေ့ကောင်းသတိမှန်။** အာရုံတခုခုကို ကွယ် ပျောက် မသွားရလေအောင်အောက်မေ့ခြင်း၊ အမှတ်ရနေခြင်းသည်သတိ၏ ကိစ္စပင်တည်း၊ ယူပြီးယူဆဲအာရုံများမပျောက်ပျက်သွားရန်စောင့်ရှောက်တတ်သောတရားသည်။ သတ်မည်၏။ မိစ္ဆာအယူရှိနေသူတို့ မိမိတို့ပါဒစ္စတွေကိုအောက်မေ့မှုအာရုံပြုမှု၊ လောဘ ဒေါသ စသည့် အာရုံများကို၊ အမှတ်ရနေမှုများမှာ မိစ္ဆာသတိဖြစ်လေသည်။ မှန်ကန်ကောင်းမြတ်သော ဗုဒ္ဓ၊ဓမ္မ၊သံဃ၊စသော အာရုံကောင်းကို အောက်မေ့တတ် အမှတ်ရတတ်သောတရားမှသာလျှင်၊ သတိမှန် အောက်မေ့ကောင်းမည်လေသည်။

ခန္ဓာကိုယ်၌၊ ဆံပင်တွေ အမွေးတွေ စသော၊ သုံးဆယ့်နှစ်ပါးသော အစုအဝေးတွေရှိရာ၊ ထိုကောဋ္ဌာသတွင်၊ အစဉ်မပြတ် သတိမလစ်စေဘဲ၊ စွဲစွဲမြဲမြဲကြီး သက်ဝင်အောက်မေ့နေခြင်းတရားသည်၊ အောက်မေ့ကောင်း သတိမှန်တပါးပေတည်း၊ အဘယ်ကြောင့်နည်းဟူမူ၊ ထိုသို့ သတိမလစ် အသပ်ထပ် ရှုမြင်သက်ဝင် အောင်းမေ့နေပါက၊ ကိုယ်ခန္ဓာ

ကြီးသည်။ ခင်မင်တွယ်တာစရာ၊ တရွေးသားခန့်မျှပင်မရှိ၊ စက်ဆုပ်ရွံရှာဘွယ်ရာ အဘိသာတည်းဟူသော အသုဘ-မဘာင့်ဘာသိ ရွံ့စဘွယ်ဟူသော အခြင်း အရာထင်လာ လေသည်၊ ဤကားလောကမှ ထွက်မြောက်ကြောင်း ကောင်းသော လမ်းစပေတည်း။

ချမ်းသာခြင်း သုခ၊ ဆင်းရဲခြင်းဒုက္ခနှင့် သင့်ရုံ တော်ရုံခံစား၊ စံစားခြင်း ဥပေက္ခာတည်း ဟူသော ဝေဒနာခံစား-စံစားခြင်းတို့ကို။ အဆက်မပြတ် ဒလစပ် ပုံးဗိုက်ရှုမြင် ပေဖန်ဆင်ခြင်သောအခါ၊ အားလုံးသော ဝေဒနာခံစားမှုတို့သည်။ ဒုက္ခချည်းသာဘာကားဟု ထင်မြင်လာပေသသည်။ထိုသို့အစဉ်မပြတ်အောက်မေ့သတိရခြင်းသည်၊ အောက်မေ့ကောင်းသတိမှုနှုံမည်၏။

စိတ်အစဉ်ကို အာရုံပြု၍ ဤစိတ်ကား လောဘမှုတည်း ဤစိတ်ကားရာဂမကင်းသောစိတ်တည်း၊ ဤစိတ်ကားရာဂကင်းသောကုသိုလ်စိတ်တည်း၊စသည်ဖြင့်သတိမလွှတ် ဆင်ခြင်အောက်မေ့အပ်သည့်ရှိသော်။ စိတ်အမျိုးမျိုး ပြောင်းလွဲပေါက်ဖွားနေပုံကိုသေချာစွာသိမြင်လာရကား သြော်အနိစ္စမတည်မမြဲ ပေါက်လွဲ ပေါက်ပြန် ဖြစ်သည်။ "ဖြစ်ပြီးခဏတည်၍ပျက်သည်"ဆိုတာ ပေသည်မှန်ပါကလားဟု ထင်မြင်လာလေသည်။ ထိုသို့သော အောက်မေ့ သတိရခြင်း မျိုးကို အောက်မေ့ကောင်းသတိမှုနှုံဟုခေါ်ရပေသည်။

သညာအစုသင်္ခါရအစုစသော တရားသဘော များကို အောက်မေ့ဆင်ခြင်လတ်သော်၊ အရာရာသောကိစ္စ၌၊ဘိုပ

မဂ္ဂတရားများသာ ရွက်ဆောင်နေ၍ ထင်ရှားရှိကြောင်း စသည်ဖြင့်။ အနုဿတိ၏အခြင်းအရာကိုထင်လာမြင်လာလေသည့် ထိုသို့သောအာရုံကို အဖန်ဖန်အထပ်ထပ်သတိမလွတ်အောင် ဆင်ခြင်အောက်မေ့ခြင်းမျိုးသည်၊ အောက်မေ့ကောင်း သတိမှန်ပေတည်း။

နိဗ္ဗာန်ဆိုတာ တယ်ချမ်းသာပါကလား၊ တယ်မြေပါကလား ဒို့နာ သေရေးဒုက္ခတောဘာကာမှ ကင်းလွတ်ရာ သန္တိသုခကြီးပါကလားစသည်ဖြင့်၊ အဖန်ဖန်အထပ်ထပ် မပြတ် မယပ် အောက်မေ့ဆင်ခြင်ခြင်းသည်၊ အမွန်မြတ်ဆုံး သတိမှန်ပေတည်း။

ဤသို့လောကီသတိမှန် လောကုတ္တရာသတိမှန် အပေါင်းတို့ကို **သမ္မာသတိ** ခေါ် အောက်မေ့ကောင်း သတိမှန် ဟူ၍ မှတ်ယူသင့်ပေသည်။

**ကောင်းသောတည်ကြည်ခြင်း** ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရာ၌ သမာဓိနေခြင်း၊ စာပေကျမ်းဂန်များကိုဝေဖန်ရေးသား ဖတ်ရှုနေရာ၌ အပြင်သို့စိတ်မလွင့်ဘဲ တည်ကြည်နေခြင်း၊ ဒါနကောင်း သီလကောင်းစသော ကုသိုလ်ကိစ္စများကိုစဉ်းစား စိတ်ကူးနေရာ၌ သမာဓိတည်ကြည်နေခြင်းများသည် **သမ္မာသမာဓိ** ခေါ် ကောင်းသော တည်ကြည်ခြင်းဟု ခေါ်ရပေမည်၊

သမာဓိကို အဓိစိတ္တ သိက္ခာဟုသည်း ရည်ညွှန်း အသုံးပြုလေ့ရှိသည်၊ အဘိဓမ္မာကျမ်းဂန်၌၊ ဧကဂ္ဂတာဟု ခေါ်ဝေါ်

သုံးစွဲလေသည်၊ အာရုံတရတည်းသာရှိမှုကို သမာဓိ သို့မဟုတ် ဧကဂ္ဂတာဟုခေါ်သည်။ ငြိမ်သက်တည်ကြည်ခြင်းလက္ခဏာရှိသည်။ ဖရိုဖရဲမကြဲမပြန့်ရအောင် သမ္ပယုတ်တရားတွေကိုပေါင်းရုံခြင်းကိစ္စရှိ၏။ ဤသမာဓိကောင်းမျိုးသည် **သမ္မာသမာဓိ**ခေါ် ကောင်းသောတည်ကြည်ခြင်းမည်၏။ ဗဟိုကျင့်စဉ်တွင်ပါဝင်သော အင်္ဂါတပါးပေတည်း။

**သတိပဋ္ဌာန်၌** ထိုမဂ္ဂင်ရှစ်ပါးအင်္ဂါများ၏ လက္ခဏာအသီးသီး တို့ကိုခွဲခြား၍ သတိပဋ္ဌာန် ပါဠိတော်၌ ဖွင့်ဆိုဟောကြားတော်မူသည်ကို အခါကာလအား လျော်စွာ ဤနေရာ၌ မြန်မာဘာသာပြန်ဆို၍ပြအပ်၏။

**သမ္မာဒိဋ္ဌိ** သံသရာဘေး ဖန်လာရေးကို တွေးမျှော်ရှုမြင် ငါ့ချစ်ရှင်တို့။

(က) ဒုက္ခသစ္စာ၌ ပိုင်းခြား ထင်ထင် အကြောင်း သိမြင်ခြင်းသည့်ရင်း။

(ခ) သမုဒယသစ္စာ၌ ပိုင်းခြား ထင်ထင် အကြောင်းသိမြင်ခြင်းသည့်ရင်း။

(ဂ) နိရောဓသစ္စာ၌ ပိုင်းခြားထင်ထင် အကြောင်းသိမြင်ခြင်းသည့်ရင်း။

(ဃ) မဂ္ဂသစ္စာ၌ ပိုင်းခြားထင်ထင်အကြောင်းသိမြင်ခြင်းသည့်ရင်း။

မှုထင်ရှားစင်စစ်ဖြစ်ပေါ်လာ၏။ ဤသို့ သစ္စာလေးပါး တရားအစဉ်ကို ပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ကို

"သမ္မာဒိဋ္ဌိ" ကောင်းသောဉာဏ်အမြင် (ဝါ) အမြင်ကောင်း အသိမှန်မည်၏ဟူ၍ဖြေဆိုအပ်၏၊

၂၊ **သမ္မာသင်္ကပ္ပ** ငါ၏ချစ်သားရဟန်းများတို့။

(က) အကြင် ကာမဝိတက္ကနှင့်မှ ထွက်မြောက်သော ဝိတက်သည်၎င်း။

(ခ) အကြင်ဒေါသမှကင်းသောဝိတက်သည်၎င်း၊

(ဂ) အကြင် ဝိဟိံသ၏ ဆန့်ကြင်ဘက်ဖြစ်သော ဝိတက်သည်၎င်း ထင်ရှားစင်စစ်ဖြစ်ပေါ်လာ၏၊ ဤသို့ကြံစည်ခြင်းသုံးပါးကို "သမ္မာသင်္ကပ္ပ" ကောင်းသောကြံစည်ခြင်း(ဝါ) စိတ်ဘူးကောင်း ကြံစည်မှန်မည်၏ဟုဖြေဆိုအပ်၏။

၃၊ **သမ္မာဝါစါ** ဘိက္ခုမည်သော ငါ့ချစ်သားတို့၊

(က) မဟုတ်မမှန်ဖေါက်ပြန်ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းမှ အကြဉ်ရှောင်ကြဉ်ခြင်းသည်၎င်း၊

(ခ) ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်း မှ အကြဉ်ရှောင်ကြဉ်ခြင်းသည်၎င်း၊

(ဂ) ရုန့်ရင်းကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှ အကြဉ်ရှောင်ကြဉ်ခြင်းသည်၎င်း။

(ဃ) အနက်ဖြုပ်မှကင်းသော ပြိန်ဖျင်းသော စကား ကိုပြောဆိုခြင်းမှ အကြဉ် ရှောင်ကြဉ် ခြင်းသည်၎င်း တင်ရှား စင်စစ်ဖြစ်ပေါ်လာ၏၊ ဤသို့အသက်မွေးခြင်းလျှင် အကြောင်း မရှိမူ၍ ပြောဆို အင်သော ဝစီ ဒုစရိုက် ထရား ၄ ပါးပါးမှ

ရှောင်ကြဉ်ခြင်းကို သမ္မာဝါစာ-ကောင်းသော ပြောဆိုခြင်း (ဝါ) အပြောကောင်းအဆိုမှန်မည်၏ဟူ၍ ဖြေဆိုအပ်၏။

၄။ သမ္မာကမ္မန္တ ငါ၏ချစ်သားရဟန်းများတို့

(က) သူ၏အသက်ကိုသတ်ခြင်းမှ အကြွင်းရှောင်ကြဉ်ခြင်းသည့်ရင်း။

(ခ) သူ၏ဥစ္စာကို ပိုင်ရှင်မပေးပါဘဲလျက် ခိုးယူခြင်းမှ အကြွင်းရှောင်ကြဉ်ခြင်းသည့်ရင်း၊

(ဂ) အမြတ်ဂုဏ်ကျိုး မွေးယွင်းလွန်ကျူးသောအကျင့်ကိုပြုကျင့်ခြင်းမှ အကြွင်း ရှောင်ကြဉ်ခြင်းသည့်ရင်း။ထင်ရှားစင်စစ်ဖြစ်ပေါ်လာ၏။ဤသို့သွင်အသက်မွေးခြင်း၏အကြောင်း မရှိမူ၍ ပြုအပ်သော ကာယ ဒုစရိုက်တရား သုံးပါးမှ ရှောင်ကြဉ်ခြင်းကိုပင် (သမ္မာကမ္မန္တ) ကောင်းသော အမှုအလုပ် မည်၏။ (ဝါ) အလုပ်ကောင်း အကိုင်မှန်မည်၏ဟူ၍ ဖြေဆို အပ်၏။

၅။ သမ္မာအာဇီဝ ငါ၏ချစ်သားတို့ ဤ ငါ၏တရားရှင်၏ သာသနာ တော်၌ မြတ်သော တပည့်သည်၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးသော, ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်တရား လေးပါးအားဖြင့် ဒုစရိုက်တရား ခုနစ်ပါးတို့ကိုပယ်ဖျောက်၍ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးမြူပြု၏။ ဤသို့ အသက်မွေးမြူမှု ကိုငဲ့၍ ပြုအပ်သော ဒုစရိုက်တရား (၇) ပါးတို့မှ ရှောင်ကြဉ်၍ အသက်မွေးမြူမှု ပြုခြင်းကို (သမ္မာအာဇီဝ) ကောင်းသောအသက်မွေးမြူ

ခြင်းမည်၏ (ပ) အသက်မွေးဝမ်းကျောင်း မှန်မည့်၏ဟု ဖြေဆိုအပ်၏။

**၆။ သမ္မာဝါယာမ** ငါ၏ချစ်သား ရဟန်းများတို့၊ ဤငါဘုရားရှင်၏ သာသနာတော်၌ ရဟန်းပုဂ္ဂိုလ်သည် (ဝါ) သံသရာဘေးမှန်လာခြင်းကိုကြုံပြီး ကြောက်လန့်တတ်သူမှန်သမျှတို့သည်၊ မဖြစ်ကုန်သေးသော, ယုတ်မာကုန်သော, အကုသိုလ်ဖြစ်ကုန်သည့် တရားတို့ကို မဖြစ်စေခြင်းငှါ အလိုဆန္ဒကိုဖြစ်စေတတ်၏၊ လုံ့လပြုတတ်၏၊ လုံ့လအားထုတ်တတ်၏၊ စိတ်ကိုချီးမြှောက်တတ်၏။ စိတ်ကိုဆောက်တည်တတ်၏။

ဤမှုမည်သည့်ရဟန်းစစ်သည် ဖြစ်ကုန်ပြီးသော, ယုတ်မာကုန်၍ အကုသိုလ်ဖြစ်ကုန်သည့်တရားတို့ကို ပယ်ဖျောက်ခြင်းငှါ အလိုဆန္ဒကို ဖြစ်စေတတ်၏၊ လုံ့လပြုတတ်၏၊ လုံ့လအားထုတ်တတ်၏၊ စိတ်ကို ချီးမြှောက်တတ်၏၊ စိတ်ကိုဆောက်တည်တတ်၏။

ရဟန်းပုဂ္ဂိုလ်သည် မဖြစ်ကုန်သေးသော ကုသိုလ် ဖြစ်ကုန်သည့် တရားတို့ကို ဖြစ်စေခြင်းငှါ အလိုဆန္ဒကို ဖြစ်စေတတ်၏၊ လုံ့လပြုကုန်၏၊ လုံ့လအားထုတ်တတ်၏။ စိတ်ကို ချီးမြှောက်တတ်၏။ စိတ်ကိုဆောက်တည်တတ်၏။

ရဟန်းသည်ဖြစ်ကုန်ပြီးသောကုသိုလ်တရားတို့၏ အရှည်တည်ခြင်းငှါ၊ မပျောက်မပျက်စေခြင်းငှါ၊ အတိုင်းထက်အလွန်ပွားခြင်းငှါ၊ ပြန့်ပြောခြင်းငှါ၊ ဘာဝနာ၏ပြည့်စုံစေခြင်းငှါ အလိုဆန္ဒကို ဖြစ်စေတတ်၏၊ လုံ့လပြုတတ်၏၊ လုံ့လအားထုတ်တတ်၏၊ စိတ်ကို ချီးမြှောက်တတ်၏၊ စိတ်ကို

ဆောက်တည်တတ်၏၊ဤသို့ဝိရိယထရားလေးပါးကို “သမ္မာဝါယာမ” ကောင်းသောလုံ့လ အားထုတ်ခြင်းမည်၏။ (၀) အားထုတ်ကောင်း-ကျိုးစားမှန်မည်၏ဟူ၍ဖြေဆိုအပ်၏၊

၇။ **သမ္မာသတိ** ရဟန်းတို့ငါဘုရားရှင်၏ သာသနာတော်၌ ရဟန်းပုဂ္ဂိုလ်သည် ပြင်းစွာသောလုံ့လရှိသည်ဖြစ်၍။ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိနှင့်ပြည့်စုံသည် ဖြစ်၍။ ဥပါဒါနက္ခန္ဓာဟူသော လောက၌အလိုကြီးခြင်း နှလုံးသာယာခြင်းကို ပယ်ဖျောက်၍၊ မိမိ၏ ဥပါဒါနက္ခန္ဓာ ဟူသော ကိုယ်၌ ဆံပင် မွေးညှင်းအစရှိသော (၃၂) ပါးသော ဒွတ္တိံသ ကာယဟူ၍ အဖန်တလဲလဲရှုသည်ဖြစ်၍နေ၏။

ဝေဒနာက္ခန္ဓာတို့၌ဝေဒနာဟူ၍ အဖန်တလဲလဲ ရှုသည်ဖြစ်၍နေ၏၊

စိတ်ဟူသောဝိညာဏက္ခန္ဓာ၌ စိတ်ဟူ၍ အဖန်တလဲလဲ ရှုသည်ဖြစ်၍နေ၏၊

သညာ,သင်္ခါရတရားတို့၌ သညာ သင်္ခါရတို့ဟူ၍ အဖန်တလဲလဲရှုသည်ဖြစ်၍နေ၏။

ဤသို့ ရုပ်,ဝေဒနာ, စိတ်, သညာ သင်္ခါရ တရားတို့ကို၊ အဖန်တလဲလဲရှု၍နေခြင်းကို “သမ္မာသတိ” ကောင်းသောအောက်မေ့ခြင်းမည်၏၊ (၁၁) အောက်မေ့ကောင်းသတိမှန်မည်၏ဟူ၍ဖြေဆိုအပ်၏။

## ၈ သမ္မာသမာဓိ

ငါ၏ချစ်သား ရဟန်းများတို့ ဤငါဘုရားရှင်သာသနာတော်၌၊ ရဟန်းပုဂ္ဂိုလ်သည် ဝတ္ထုကာမ ကိလေသာကာမ တရားနှစ်ပါးတို့မှ ကင်းဆိတ်သည်ဖြစ်၍သာလျှင် အကုသိုလ်ဖြစ်ကုန်သောတရားတို့မှ ကင်းဆိတ်သည် ဖြစ်၍သာလျှင် ဝိတက်, ဝိစာရနှင့်တကွဖြစ်သော, နီဝရဏတရားတို့မှကင်းခြင်းကြောင့်ဖြစ်သော, ပီတိသုခကြောင့်ဖြစ်သော, ပဌမဈာန်သို့ရောက်ကည့်, ရသည်ဖြစ်၍နေ၏။

ဝိတက် ဝိစာရ တရားနှစ်ပါးတို့၏ ငြိမ်းခြင်းကြောင့်။ မိမိ၏သန္တာန်၌ဖြစ်ထသော စိတ်၏ကောင်းစွာတည်စေတတ်ထသော။ မြတ်သော တည်ကြည်ခြင်းကို ပွားစေ တတ်ထသော၊ ဝိတက်ဝိစာရမရှိသော ပဌမဈာန် သမာဓိ ကြောင့်ဖြစ်သော။ ပီတိသုခကြောင့် ဖြစ်ထသော။ ဒုတိယဈာန်သို့ ရောက်သည်ရသည်ဖြစ်၍နေ၏။

ပီတိ၏ ကင်းခြင်းကြောင့် လျစ်လျူရှုသည်ဖြစ်၍သာနေ၏၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍၎င်း၊ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍၎င်း၊ သုခဝေဒနာကိုလည်း ရူပကာယဖြင့်ခံစား၏၊ အကြင်တတိယဈာန်ကြောင့် ထိုတတိယဈာန် ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့သည် လစ်လျူရှုသည်ဖြစ်၍ သတိနှင့်ပြည့်စုံသည်ဖြစ်၍ ချမ်းသာသော နေခြင်းဟူ၍၊ ချီးမွမ်းကြကုန်၏၊ ထိုတတိယဈာန်သို့ ရောက်သည် ရသည်ဖြစ်၍နေ၏။

ကာယိက သုခဝေဒနာကို ပယ်ခြင်းကြောင့်၎င်း၊ ကာယိ

ကနေ့ကွန်ဒနာကို ပယ်ခြင်းကြောင့်ရ၏ ရှေးဥပစာချောနန္ဒ သာလျှင်ဖြစ်သောနေသဉ၀ဒနာ, ဒေါမနဿဝေဒနာနှစ်ပါးတို့၏ ချုပ်ခြင်းကြောင့်၎င်း ဥပေက္ခာဝေဒနာနှင့် ယှဉ်ထသော ဥပေက္ခာ၏သည့်ဖြစ်စေအပ်သော သတိ၏စင်ကြယ် ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်သည့် ရသည်ဖြစ်၍ နေ၏။

ဤသို့ လေးပါးသော ဈာန်သို့ရောက်သော တည့်ကြည်ခြင်း ကို "သမ္မာသမာဓိ" ဟောပါသော တည့်ကြည်ခြင်း ဟု၍ ခေါ်ဆိုအပ်၏။

ဤသို့ မဂ္ဂင်ရှစ်ပါး သရုပ်များကို ထင်ရှားစွာသိ ရှိပြီး နောက်၊ ကျင့်ကြံ အားထုတ်သင့်ကြပေသည့် အပြောသမား မျှသာ မဟုတ်မူ၍ အလုပ်သမားဖြစ်သင့်ပေသည်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းလွန်မြဲ နည်း-နယ များသည် ကားဤခေါ်ပြခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးဟု ခေါ်ပေါ်အပ်သည့် ဗုဒ္ဓဘာသာ့ ဥဒ်လမ်းမှာပေါ်း အခြားမရှိတော့ပြီ။

ဝေါ်ဟာရ ဂူထု မှိန်သည်။ သစ္စာ လေးချက်ကို ဟောပြ တော်မူပြီးနောက်၊ တဖန် စက်လှည့်ကား၊ အချို့ ကြေမွမ်းစွာ သိစေတော် မူလိုပြန်သေးရကား၊ သစ္စာလေးပါးစိ၌၊ သစ္စ ဥာဏ်, ကိစ္စဥာဏ်, ကတဥာဏ်,ဟု သုံးပါးစီ ခွဲဖြောက် ထုတ်သဖြင့်၊ သစ္စာဥာဏ် တဆယ့်နှစ်ပါး ရှိကြောင်းကို ဟောကြားတော်မူပြန်သတည်း။ ။

သစ္စဥာဏ်-ဟူသည်မှာ၊ ဟုတ်တိုင်းမှန်စွာသိသောဥာဏ်၊ ကိစ္စဥာဏ်-ဟူသည်မှာ၊ ဤကား ဤမျှသာဘည်းဟု ထက်

ငန်းကျင်မှ ဝေဖန်ပိုင်းခြား၍ သိအပ်ခြင်း၊ ပယ်အပ်ခြင်း, မျက်မှောက်ပြုအပ်ခြင်း, ပွားများအပ်ခြင်းတည်းဟူသော ကိစ္စများတို့ကို၊ အသီးသီးခွဲခြား သိသောဉာဏ်၊

ကတဉာဏ် ဟူသည်မှာ၊ ကိုလေးပါးသော ပြုဖွယ်ကိစ္စ များ အသီးသီးပြီးဆုံးလေပြီဟု သိသော-ဉာဏ် ပင်တည်း၊

ထိုကြောင့် သစ္စာလေးပါးစလုံးတို့၊ ဉာဏ်အပြား သုံးပါး ဖြင့် မြှောက်သော်၊ အခြင်းအရာ သစ္စာ (၁၂)ပါး ဖြစ်သ ရ ပေသည်။ ထို (၁၂) ပါးကို သစ္စာလေးပါး အစဉ် အတိုင်း ရှင်းလင်းဖော်ပြပေဦးအံ့။

၁။ **ဒုက္ခသစ္စာ-သစ္စဉာဏ်** ခေါ်တာ နှင့်သိခြင်းကို ဘုရားသည်။ ဤကမ္ဘာ မှ တပါးကုန်သော ဘဝ ဘုံခဏ ဟုရားခေါ်-ကာလတို့၊ ရူပဘုံ အရူပဘုံ တည်းဟူသော ဘုံသုံးပါး၌ ဖြစ်လေ့ ဖြစ်ထရှိသော တရားဟူသမျှသည်၊ ဆင်းရဲခြင်းမှန်စွာ တကားဟူ၍ ရှေးအခါ ဘုရား ဗုဒ္ဓ အဖြစ်သို့ မရောက်မီက မကြားခဲ့ဘူးသော၊ သမ္မာသမ္ဗုဒ္ဓ လောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်မှ သောလျှင်။ ထိုသစ္စာတရားတို့၌၊ ဒုက္ခသစ္စာ ဆင်းရဲတာအမှန် ဆိုတာကို မြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားဖြစ်ခဲ့ လေပြီ။ ဒုက္ခသစ္စာကို သင်ထင်မြင်မြင်ကြီး သိခဲ့လေပြီ၊ ဇာတိ ဒုက္ခစသည်ကို အပြားအားဖြင့် ပိုင်းခြား ဝေဖန်၍ သိ တော်မူပြီ၊ ဒုက္ခသစ္စာကို တိုးထွင်း၍ သိသည်အဖြစ်၊ ဒုက္ခ သစ္စာ ဆင်းရဲတာ အမှန်ဖြစ်ကြောင်းကို မသိနိုင်အောင် ဖုံး သွမ်း ထားသည့် မောဟ အဝိဇ္ဇာ တည်းဟူသော အမိုက်

တိုက်၊ အမှောင်ထုကြီးကို ပယ်ဖျက် ရှင်းလင်း တတ်သော ပညာအလင်းရောင်သည်လည်း ထင်ရှားစွာ ဖြစ်ပေါ်တော်မူလေပြီ။ ထိုသို့သော ဉာဏ်မျိုးသည်၊ ဒုက္ခသစ္စာ သစ္စဉာဏ် ဟူ၍ ခေါ်ဆိုအပ်လေသည်။

၂။ ဒုက္ခသစ္စာ ကိစ္စဉာဏ်။ ထိုနောက် မြတ်စွာဘုရား သခင်အား " ဒုက္ခ ဆင်းရဲခြင်းဖြစ်သော အရိယာ သူတော်စင်မှသာ သိအပ်သည့်။ သစ္စာတရားမှန်ကို၊ ဤတရားသဘောကား ဒုက္ခပင်တည်း။ သည် ဒုက္ခကား ဤမျှသာတည်း။ သည်ထက်ပို၍ရင်း၊ လျော့၍ရင်း။ မရှိတော့ချေဟု ထက် ပန်းကျင်နှံ့စပ်စွာ ပိုင်းခြား ဝေဖန်၍ သိအပ်-သိသင့်သော-ပရိညေယျကိစ္စကို ရှေးအခါ ဘုရား ဗုဒ္ဓအဖြစ်သို့ မရောက်မီက မကြားခဲ့ဘူးကုန်သော သစ္စာတရားတို့၌၊ သစ္စာတရားမှန်ကို မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်တော်မူလာလေသည်။ သစ္စာတရား သိခြင်းသည်ရင်း။ အပြားအားဖြင့် ခွဲခြား၍ သိခြင်းသည်ရင်း ထိုးထွင်း၍ နားလည် ခြင်းသည်ရင်း၊ ပညာ အလင်းရောင်သည်ရင်း၊ ထင်ရှားဖြစ်တော်မူလေသည်၊ ဤသို့သော ဉာဏ်မျိုးကို ဒုက္ခသစ္စာ ကိစ္စဉာဏ်ဟု ခေါ်ဆိုရလေသည်။

၃။ ဒုက္ခ သစ္စာကတဉာဏ်။ တဖန် ဗုဒ္ဓသခင်-စောထွတ်ရှင်အား " ငါ့ ကား ဒုက္ခအရိယာသစ္စာကို။ ဤကားဒုက္ခတည်း။ ဤဒုက္ခကား သဘော တရားအားဖြင့်၊ ဤမျှသာတည်း၊ ဤထက်ပို၍ရင်း၊

လျော့၍ငင်း မရှိပြီဟုထက်ဝန်းကျင်နှံ့ စပ်စွာ ပိုင်းခြား၍သိခဲ့ရလေပြီ"ဟူ၍ ရှေးအခါက မကြားခဲ့ဘူးသေးသော သစ္စာတရားတို့၌၊သစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ထင်ရှားဖြစ်တော်မူလေ၏။ သစ္စာတရားတို့ကို သိခြင်း အပြားအားဖြင့် နားလည်ခြင်း၊ ထိုးထွင်း၍ သိတတ်ခြင်းနှင့် ပညာအလင်းရောင်တို့သည်၊ ထင်ရှား ဖြစ်ပေါ်တော် မူလေသည်။ ဤသို့သော ဥာဏ်မျိုးကို ဒုက္ခသစ္စာကတ ဥာဏ်ဟု ခေါ်ဆိုရလေသည်။

၄။ **သမုဒယသစ္စာ-သစ္စဉာဏ်။** ထိုအခါ မြတ်စွာဘုရားအား၊ ဤတဏှာ ဟူသော လောဘသည်။ ဒုက္ခဆင်းရဲကို ဖြစ်စေတတ်သော အကြောင်းပေသည်း။ ဤအကြောင်းသဘောတရားကို အရိယာဝင် သူတော်စင်တို့သည်၊ မှန်စွာသိအပ်၏။ "ဤသို့ ရှေးဘုရား မဖြစ်မီကာလ၌ တခါတရံမျှ မကြားဘူးကုန်သော သစ္စာတရားတို့တွင်၊ ဒုက္ခကို ဖြစ်စေတတ်သော အကြောင်း တရားကို မြင်တတ်သည့် ပညာမျက်စိသည်ရင်း၊ သိခြင်းသည်ရင်း၊ ထင်ထင် လင်းလင်း၊ ကွင်းကွင်း ကွက်ကွက်ကြီး ဖြစ်တော်မူလေ၏၊ တဏှာသည်။ တရားကိုယ်အားဖြင့်တပါး ဖြစ်သောအခြင်းအရာအားဖြင့်ကား- ကာမတဏှာ- ကာမရာဂ၌ တပ်မက်ဘွယ်တာမှု၊ ဘဝတဏှာ-ဘဝ၏ အဖြစ်မြဲမှု၌ တပ်မက်ခင်တွယ်မှု။ ဝိဘဝတဏှာ-ဘဝ၏ပြတ်စဲခြင်း၌၊ တပ်မက်စွဲလမ်းမှု ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးကို ရုပ် အဆင်း

သညာခန္ဓာကိုရင်း၊ အနံ့ကိုရင်း၊ အရသာကိုရင်း၊ အတွေ့ အာရုံ ကိုရင်း၊ တရားသဘောကိုရင်း၊ တင်မက် တွယ်တာမှု ပေါင်းအား ရုံခြောက်ပါးဖြင့် မြှောက်ပွားလတ်သော် (၁၈) ပါးရ၏။ ထို (၁၈) ပါးတွင် တပါးစီ၌ အတွင်း၌ထင်ရှားဖြစ်ခြင်း အပ၌ထင်ရှားဖြစ်ခြင်းအားဖြင့် နှစ်ပါးစီခွဲထုတ် လိုက်သော် သုံးဆယ့်ခြောက်ပါးဖြစ်ပြန်၏။ ထို (၃၆) ပါးကို ဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ္တံ့ ဟူသော ကာလသုံးပါးနှင့် မြှောက်ပွား ပြန်သော် တဏှာပေါင်း (၁၀၈) ပါးရ၏ ဟူ၍ သိခြင်းရင်း။ ထိုးထွင်းမှ နားလည်ခြင်းသည်ရင်း ပညာအလင်းရောင် တို့သည် ထင်ရှားဖြစ်တော်မူလေ၏။ ထိုသို့သော ဉာဏ်မျိုးကို သမုဒယသစ္စာဘူ ဉာဏ်ဟုခေါ်သည်။

## ၅ သမုဒယသစ္စာကိစ္စဉာဏ်

ထိုနောက် သုံးလု့ ရှိပင်၊ ကျွန်းဆိုင်တင် သခင်မြတ်ကြီးသည် တရားမဖြစ်မီ ရှေ့အဘို့ဖြစ်သော အနမတဂ္ဂသံသရာ ကြာ၌ တင်မက်တွယ်ခဲ့ခြင်းရဘူး မကြားမသွားလှူးသန့်နက်ခဲ့ခက်ခဲ သိမ်မွေ့သောသဘောရှိသည့် ဤတဏှာဟူ၍ရင်း၊ လောဘဟူ၍ရင်း၊ ရာဂဟူ၍ရင်း စသည့်ဖြင့် ခေါ်အပ်သည့် ဆင်းရဲကြောင်းဖြစ်သော လောဘနှင့်ယှဉ်ဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် (၄)ခု ဝိစိကိစ္ဆာ သဟဂုတ်စိတ်(၁)ခု ပေါင်း ငါးခုသော စိတ်တို့ကိုရင်း ထိုစိတ်တို့နှင့် ယှဉ်ဖက် စေတသိက်တို့ကိုရင်း သောတာပတ္တိ မဂ်ဖြင့် ပယ်အပ်၏။

ရှုံ့ရင်းသော ရာဂ၊ ဒေါသ၊ မောဟတို့ကို သကဒါဂါမိမဂ်ဖြင့်နည်းပါးစေ၍၊ ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခု ဒေါသမူစိတ်နှစ်ခုအားဖြင့် ခြောက်ခုသောစိတ်တို့ကိုရင်း ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့ကိုရင်း အနာဂါမိမဂ်ဖြင့်အကြွင်းမဲ့ပယ်အပ်၏။

ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်(၄)ခု ဥဒ္ဓစ္စသဟဂုတ် စိတ်တစ်ခုအားဖြင့် ငါးခုသော စိတ်တို့ကိုရင်း ထိုစိတ်တို့နှင့် ယှဉ်သော စေတသိက်တို့ကိုရင်း အရဟတ္တမဂ်ဖြင့်အကြွင်းမဲ့ပယ်အပ်၏။ ဟူ၍ခွဲခြမ်းမြင်တတ်သောဉာဏ်သည် သုံးလူ့ထွဋ်တင် ဗုဒ္ဓရှင် အဖို့ထို ပါရမီဇကန် အမှန်ရောက်သောအခါ၌ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ သမုဒယဟူသော ဒုက္ခဆင်းရဲခြင်းကို ဖြစ်စေတတ်သော အကြောင်းတရားမှန်ကို မြင်တတ်သော ပညာမျက်စိ သိခြင်းဉာဏ် အမြော်အားဖြင့် သိခြင်းပညာ ထိုးထွင်း၍ နားလည်သော ဝိဇ္ဇာ ပညာအလင်းရောင်တို့သည် ကင်းဆော်ကြူး ရှားရှားကြီးဖြစ်ပေါ်တော်မူလေ၏၊ ထိုကဲ့သို့သောဉာဏ်မျိုးကို သမုဒယသစ္စာကိစ္စဉာဏ်ဟု ခေါ်လေသည်။

## ၆ သမုဒယသစ္စာကတဉာဏ်

ထိုမှတစ်ဖန် ကတဉာဏ်ဟု ဆိုအပ်သော ထိုဒုက္ခဖြစ်ကြောင်း တရားမှန်ကို သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် တို့ဖြင့် အသီးသီးအကြွင်းမဲ့ပယ်ဖျက်ခဲ့လေပြီ ဟူ၍ ဖြတ်သွားတော်

ရားအား ရှေးအခါကမကြားခဲ့ဘူးသောသစ္စာတရားတို့၌ သမုဒယသစ္စာကို ကြောင်းရင်းကုန်စင်သိမြင်တတ်သော ပညာမျက်စိ ဟုတ်တိုင်းမှန်စွာ သိတတ်သောဉာဏ် အပြားအားဖြင့်ဝေဖန် ပိုင်းခြား၍ သိအပ်သောပညာ၊ ထိုးထွင်း၍ သိတတ်သော ဝိဇ္ဇာ။ ပညာအသင်းရောင်တို့သည် ထင်ရှားဖြစ်တော်မူလာလေသည်။ ဤကဲ့သို့သောဉာဏ်မျိုးသည် သမုဒယသစ္စာ၌ ကိစ္စဉာဏ်မည်၏။

၇ နိရောဓသစ္စာသစ္စဉာဏ် သာကီနွယ်ဘွား မြတ်

ဘုရားအား "ဤနိဗ္ဗာန်ကားဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကုန်ခမ်းရာဖြစ်၍ ကဏ္ဍာပဋိသမ္ဘိ အကြွင်းမဲ့ကုန်စင် ပြတ်စဲရာဖြစ်သော အရိယာဝင်သူတော်စင်တို့သည် သိအပ်သည့်တရားမှန် ကြီးပေတည်း" ဟူ၍ရှေးအခါသမယက မကြားခဲ့ဘူးသေးသော သစ္စာတရားမှန်တို့၌ နိရောဓသစ္စာ နိဗ္ဗာန် ဆိုသည်ကိုမြင်တတ်သော ပညာမျက်စေ့သည် ထင်ထင်လင်းလင်းကြီး ပေါ်လာလေသည်။ နောက်အသိဉာဏ်သည်ငှင်း။ နိရောဓသစ္စာခေါ်နိဗ္ဗာန်သည်တရားကိုယ်အားဖြင့်တပါးရှိ၏၊ တနည်းအားဖြင့် ခန္ဓာကြွင်းရှိလျှက်ခံစံရသော သဉပါဒိသေသနိဗ္ဗာန်, ခန္ဓာကြွင်းမရှိဘဲ အဆုံးစွန်ပရိနိဗ္ဗာန်စံမှု အနုပါဒိသေသနိဗ္ဗာန်ဟူ၍နှစ်ပါးရှိ၏။ တနည်းကား ကြောင့်ကြ အမျိုးမျိုး ကင်းငြိမ်းသော သုညတနိဗ္ဗာန်, ဘေးရန် အပေါင်းနှင့်ဆက်ဆံတော့သော၊ အနိမိတ္တနိဗ္ဗာန်, တောင့်တပူပင်မှု မ

ဆက်ဆံတော်သော အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ သုံးပါးရှိ၏ဟူ
၍အပြားအားဖြင့်သိခြင်းရှင်း ထိုးထွင်း၍နားလည်ခြင်းသည်
ရှင်း။နိရောဓသစ္စာကိုမသိနိုင်အောင်ဖုံးလွှမ်းထားတတ်သော
မောဟ အဝိဇ္ဇာမိုက်မှောင်ထုကြီးကို ဖျက်ဆီးတတ်သော
ပညာအလင်းရောင်သည်ရှင်း ထင်ရှားဖြစ်လာတော်မူရလေ
သည်၊ ဤသို့သောဉာဏ်မျိုးကား နိရောဓသစ္စာသစ္စဉာဏ်
မည်၏။

၈ **နိရောဓသစ္စာကိစ္စဉာဏ်** ပြီးလျှင် "ဒုက္ခဆင်းရဲ
အပေါင်း၏ချုပ်ငြိမ်း
ရာ ကုန်ခမ်းရာဖြစ်သောသူတော်ကောင်းတို့ သိအပ်သည့်တ
ရားမှန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊မျက်
မှောက်ပြုအပ်ပြုသင့်၏" ဟူ၍ ဂေါတမရှင်ပင် ဗုဒ္ဓသခင်သည်
ဘုရားမဖြစ်မီက **မကြားဘူး**သောသစ္စာတရားတို့ဝယ် နိရော
ဓသစ္စာဟုဆိုအပ်သော ဒုက္ခချုပ်ရာ တရားမှန်ကို မြင်တတ်
သည့် ပညာမျက်စိ၊ အသိဉာဏ် ခွဲခြား ဝေဖန်တတ်သည့်
ပညာ ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာနှင့်တကွ မောဟမှောင်
ကိုဖျက်ဆီးနိုင်သော ပညာအလင်းရောင်တို့ကို ထင်ထင် ရှား
ရှားကြီး ရတော်မူလေ၏၊ ဤကား နိရောဓသစ္စာကိစ္စဉာဏ်
ပေတည်း။

၉ **နိရောဓသစ္စာကတဉာဏ်** ထိုမှတဖန် "ဒုက္ခ
ဆင်းရဲမှုအပေါင်း
၏ ချုပ်ရာကုန်ရာဖြစ်သော အရိယသစ္စာကို မဂ်ဉာဏ် ဖိုလ်
ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့်မျက်မှောက်ပြုအပ်ခဲ့လေပြီ၊"

ဟူ၍ ဂေါတမထွတ်တင် မြတ်ရှင်ပင်သည် ရှေးယခင်က မကြားခဲ့ဘူးသေးသော တရားသစ္စာတို့တွင် နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိ၊ သိတတ်သော ဉာဏ်အပြားအားဖြင့် ဝေဖန်ပိုင်းခြား၍ သိတတ်သောပညာ ထိုးထွင်းနားလည်သော ဝိဇ္ဇာ နှင့် ပညာ အလင်းရောင် တို့ကို ထင်ရှားဖြစ်သားစွာ ရတော်မူလေ၏၊ ဤကား နိရောဓ သစ္စာ ကတ ဉာဏ်ပေတည်း။

၁၁ မဂ္ဂသစ္စာ သစ္စဉာဏ် ပြီးသည်နောက် ''ဤအင်္ဂါရှစ်ပါးရှိသော အကျင့်လမ်းကြောင်းသည်။ ဆင်းရဲဒုက္ခဟူသမျှတို့၏ ကင်းငြိမ်းချုပ်ဖြတ်ရာအမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းကောင်း အကျင့်ဖြစ်သော သူတော်စင်တို့၏ သိအပ်သည့်တရားမှန်ပေတည်း'' ဟူ၍ မြတ်စွာဘုရားသည် ရှေးအခါက မကြားခဲ့ဘူးသော သစ္စာတရားတို့၌ မဂ္ဂသစ္စာကိုမြင်တတ်သော ပညာမျက်စိကို ရတော်မူလေ၏။ မဂ္ဂသစ္စာကိုသိတတ်သော ဉာဏ်သည်ရင်း၊ မဂ္ဂသစ္စာဟူသည်မှာ ကောင်းစွာသိမြင်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်း၊ ကောင်းစွာ ပြုလုပ်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း ဟူ၍၊ အပြားအားဖြင့် သိခြင်း ပညာသည့်ရင်း။ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည့်ရင်း ပညာအလင်းရောင်သည့်ရင်း ထင်ရှားဖြစ်တော်မူလာပြန်လေသည်၊ ဤကား မဂ္ဂသစ္စာသစ္စဉာဏ်ပေတည်း။

၁၁ **မင်္ဂလသစ္စာကိစ္စဉာဏ်** ထိုနောက် ဂေါတမ မြတ်စွာဘုရား—

အား "ထိုဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာ အမှန် ပြည့် နိဗ္ဗာန်သို့ရောက်ကြောင်း၊ ကောင်းသောအကျင့်ဖြစ်သည့် သူတော်စင်တို့ သိအပ်သောတရားမှန်ကို ပွားများသုံးသပ် တိုး ပေးအပ်၏ ပွားများစေသင့်၏" ဟူ၍၊ ရှေးဘုရားမဖြစ်မီအခါက မကြားခဲ့ဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိ သည့်ရင်း၊ အသိဉာဏ်သည့်ရင်း၊ ထင်ရှားစွာဖြစ်တော်မူလေ၏ အပြားအားဖြင့်သိတတ်သောပညာသည်ရင်း။ ထိုးထွင်း၍နားလည်သောဝိဇ္ဇာသည့်ရင်း၊ အဝိဇ္ဇာမှောင်ကိုခွင်း ပယ်ချောက်ဖျက်နိုင်သည့်ပညာအလင်းရောင်သည်ရင်း၊ ထင်ရှား ဖြစ်တော်မူလာပြန်လေ၏၊ ဤဉာဏ်မျိုးကား မင်္ဂလသစ္စာ ကိစ္စဉာဏ်ပေတည်း။

၁၂ **မင်္ဂလသစ္စာကတဉာဏ်** "ထိုကဲ့သို့ပြုအပ် ပြုသင့်သမျှသော ဆင်းရဲအပေါင်းချုပ်ရာပြတ်ရာကင်းဆိတ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်းဖြစ်သည့် အရိယာသစ္စာကို ပွားများ တိုးချဲ့၍ပြုခဲ့လေပြီ" ဟူ၍ ဗုဒ္ဓသခင် နို့အရှင်သည်ရှေးဘုရား မဖြစ်မီက မကြားသိခဲ့ဘူးသော သစ္စာလေးပါး မြတ်တရား တို့၌ မင်္ဂလသစ္စာကိုမြင်တတ်သော ပညာမျက်စိ၊ အသိဉာဏ် အပြားအားဖြင့် ခွဲခြားဝေဖန်တတ်သောပညာ။ ထိုးထွင်းစွာ နားလည်တတ်သောဝိဇ္ဇာပညာအလင်းရောင်တို့ကို ထင်ထင် ရှားရှားပြတ်ပြတ်သားသားကြီး ရတော်မူလာလေသတည်း။

၍ဉာဏ်မျိုးကို မဂ္ဂသစ္စာကတဉာဏ်ဟုခေါ်ဆိုရလေသည်၊
အကျဉ်းအားဖြင့်၊ ဉာဏ်ဆယ့်နှစ်ပါးသရုပ်ကိုပြပါဦးအံ့၊

ဒုက္ခသစ္စာ၌၊ (၁) ဒုက္ခသစ္စာဟူသည်၊ တဏှာကြဉ်သော တေဘုမက တရားတို့ပါ တကားဟု သိခြင်းသည်၊ ဒုက္ခသစ္စာ သစ္စဉာဏ်။

(၂) ၎င်း ဒုက္ခသစ္စာကို ထက်ဝန်းကျင် ရံလင် ပြတ်သားစွာ ပိုင်းခြား၍ သိအပ် သင့်ပေသည်တကားဟု သိခြင်းသည် ဒုက္ခသစ္စာ ကိစ္စဉာဏ်၊

(၃) ၎င်း သိသင့် သိအပ်သော ဒုက္ခ ကိစ္စဉာဏ်ကို သိခဲ့ရပေပြီဟု သိခြင်းသည်၊ ဒုက္ခသစ္စာကတ ဉာဏ်ပင်တည်း။

သမုဒယသစ္စာ၌၊(၁) သမုဒယတဏှာလောဘသည်၊ ဒုက္ခသစ္စာကို ဖြစ်စေတတ်သောအကြောင်း တရားပါကသားဟု သိခြင်းသည်၊ သမုဒယသစ္စာ သစ္စဉာဏ်။

(၂) ၎င်း သမုဒယသစ္စာကို မဂ်လေးပါး ဖြင့် ပယ်အပ် ပယ်သင့်၏ဟု သိလာခြင်းသည် သမုဒယ သစ္စာ ကိစ္စဉာဏ်၊

(၃) ၎င်းပယ်သင့် ပယ်ထိုက်သော သမုဒယသစ္စာကိစ္စကို အကြွင်းမဲ့ ငါပယ်ခဲ့

လေပြီဟုသိခြင်းသည်၊ သမုဒယသစ္စာ
ကတဉာဏ်တည်း။

နိရောဓသစ္စာ၌၊ (၁) နိဗ္ဗာန်ဟူသည်။ ဒုက္ခသမုဒယနှင့် လော
ဘ တဏှာ၏ ချုပ်ရာ အရိယသစ္စာ
သဘော သုခဖြစ်၏ ဟူ၍ သိခြင်းကား
နိရောဓ သစ္စာ သစ္စဉာဏ်၊
(၂) ၎င်းနိရောဓ သစ္စာခေါ် နိဗ္ဗာန်ကို မဂ်
ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စ ဝေက္ခဏာ
ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်-ပြုသင့်
၏ဟု သိလာဖြင့်ကား နိရောဓသစ္စာ
ကိစ္စဉာဏ်၊
(၃) ၎င်းနိရောဓသစ္စာကို မျက်မှောက် ပြု
သင့်သည် အတိုင်း ငါမျက်မှောက်ပြု
ခဲ့လေပြီဟု သိခြင်းကား နိရောဓသစ္စာ
ကတဉာဏ်ပေတည်း။

မဂ္ဂသစ္စာ၌ (၁) မဂ္ဂသစ္စာသည်။ အင်္ဂါရှစ်ပါးရှိ၍၊ ဒုက္ခ
အပေါင်း ချုပ်ရာ နိဗ္ဗာန်သို့ ရောက်
ကြောင်းအကျင့်လမ်းကောင်းဖြစ်၏ဟု
သိခြင်းသည် မဂ္ဂသစ္စာသစ္စဉာဏ်၊
(၂) ၎င်းနိရောဓ သစ္စာကို ရခြင်းငှာဖြစ်စေ
တတ်သော အကြောင်းတရားဖြစ်သည်
မဂ္ဂသစ္စာကို ပွားများစေအပ် ပွားများ

စေသင့်၏ဟု သိလာခြင်းကား မဂ္ဂသစ္စာ ကိစ္စဉာဏ်။

(၃) ၎င်းမဂ္ဂသစ္စာကို ပွားများထိုက်သည့် အတိုင်း ငါသည် ပွားများ ခဲ့လေပြီဟု သိလာခြင်းကား မဂ္ဂသစ္စာကတဉာဏ် ပေတည်း။

ဤသို့ သစ္စာ လေးပါးကို ဉာဏ်တဆယ့်နှစ်ပါး ပွားပုံ အကျဉ်းချုပ် သိသင့်ပေသည်။

**ဗုဒ္ဓဖြစ်ကြောင်း ဝန်ခံပြီ** ဂေါတမနွယ်ဖွား သာကီဝင် မင်းသားကြီး ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည်၊ "ဤဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါးတို့၌၊ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသည့် ဟုတ်တိုင်းမှန်စွာဖြစ်သော အသိဉာဏ်အမြော်အမြင်သည် အလွန်သန့်ရှင်း ကြည်လင်စင်ကြယ်ခြင်း မဖြစ်သေးမီက၊ ငါသည် သဗ္ဗညုတဉာဏ်ကို ရပြီ သိပြီဟူ၍ ဝန်ခံတော် မမူသေးပါ။

ထိုသစ္စာလေးပါး တရားတို့တွင်၊ သစ္စ, ကိစ္စ, ကတ တည်းဟူသော ဉာဏ်သုံးပါးစီ ခွဲထွက်၍၊ ဆယ့်နှစ်ပါး ဖြစ်လာပုံ အခြင်းအရာ အားလုံးတို့ကို ဟုတ်တိုင်း မှန်စွာ သိမြင်ကာ၊ ဉာဏ်တွေ အလွန်သန့်ရှင်း စင်ကြယ်လာမှသာလျှင်၊ ငါတမူ ကား နတ်ပြည်ငါးထပ်၊ ဝသဝတ္တီ၊ ဗြဟ္မာ တည်းဟူသော ဩကာသလောကနှင့်၊ ရဟန်း ပုဏ္ဏား မင်းမိဖုရားမှသည် အခြားကြွင်းကျန်ကုန်သော သတ္တဝါတို့ဟုဆိုအပ်သော သတ္တ

လောကဉ္ဇရင်း၊ ဘယ်သူတစုံတယောက်မှ အနုတ္တရဘက်ပြိုင် နှိုင်းယှဉ်နိုင်ခြင်း မရှိသော အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်း၍ ငါသိလေပြီ။ ဗုဒ္ဓ ဖြစ်လေပြီဟု ငါဝန်ခံတော် မူပါ၏” ဟူ၍ ငါးပွင့်ဆိုင် ရဟန်းရ တို့အား ဟောကြားတော်မူလေသည်။

ထိုနောက် တဖန် ဆက်လက်၍ ငါးပွင့်ဆိုင် ရဟန်းစုတို့ အား အဆုံးသတ် နိဂုံးချုပ် အားဖြင့် “ရဟန်းတို့- ငါ့အား ပစ္စဝေက္ခဏာဆင်ခြင်ခြင်းဉာဏ်အမြင်သည်၊ ထင်ရှား ဖြစ်ခဲ့ လေပြီ၊ အဘယ်သို့နည်း ? ငါ၏ အရဟတ္တဖိုလ်ဉာဏ်ဟု ဆို အပ်သော အကျိုးတရားတော်မြတ်ကြီးကို အခြားဆန့်ကျင် ဘက် ဖြစ်သော ကရားတွေက မဖျက်ဆီးအပ်တော့ပြီ၊ ငါ၏ ကိုယ်သည် ဤအဖြစ် ဤဘဝ သာလျှင် နောက်ဆုံး ပေတည်း၊ ကိုယ်အသစ် ထပ်မဖြစ်ရတော့ပါ၊ ယခုအခါ၌ တဖန် ဘဝသစ် မရှိတော့ပြီ၊ မဖြစ်တော့ပြီ”ဟူ၍ ပစ္စဝေက္ခဏာ ဉာဏ်အမြင် သည် ထင်ရှားဖြစ်ခဲ့ရလေပြီ-ဟူသော အနက်အဓိပ္ပါယ် ရရှိ သည့် ဓမ္မစကြာတရားတော် မြတ်ကြီးကို၊ ဒွေမေဘိက္ခဝေ စသော စကားတော်မြတ်အစဉ်ဖြင့် ဟောကြားညွှန်ပြ ဆုံးမ တော်မူလေတော့သည်၊

မှန်ပါ၏၊ သစ္စာလေးပါး၏ သဘောတရားကို ဟုတ်တိုင်း မှန်စွာ မသိသေးသမျှ၊ ဘုရားဗုဒ္ဓအဖြစ်သို့ ဘယ်နည်းနှင့်မျှ မရောက်နိုင်သေး၊ သဗ္ဗညုတဆိုတဲ့ ဉာဏ်တော်ကိုလည်း မရ နိုင်သေးပါ။ ထိုသစ္စာလေးပါး အမှန်တရားတွေကို၊ နက်နက် နဲနဲ ထိထိမိမိ ဟုတ်တိုင်းမှန်စွာ သဘောတရားအရ ထိုးထွင်း

သိမြင်နိုင်မှသာလျှင်၊ ဗုဒ္ဓဘုရားအဖြစ်သို့ရောက်၍ သဗ္ဗညုတဉာဏ်တော်ကြီးကိုရပေမည်။ ထိုသို့သစ္စာလေးပါး အမှန်တရားကိုသိရှိကျင့်ကြံပြီး၍၊ ရအပ်သော အရဟတ္တဖိုလ်ချမ်းသာဟည်းဟူသောအကျိုးကြောင့်၊ အခြားမကောင်းမှု ဆန့်ကျင်ဘက်တရားတို့သည်။ နောက်နောင်နောက်ရှက်ဖျက်ဆီးခြင်း မပြုနိုင်တော့ပါ၊ တဖန် ဘဝအသစ် ဖြစ်မဖြစ် ရတော့ဘဲ၊ နိဗ္ဗာန်ဆိုတဲ့ သန္တိသုခကြီးကို ရပြီရောက်ပြီဟူ၍ မှတ်ယူကြရာသတည်း။

## တရားတော်၏အာနိသင်အကျိုး

ဂေါတမရှင်တော်ဘုရားကြီးသည် ညိမ့်ညောင်းသာယာအင်္ဂါရှစ်တန်အသံတော်ဖြင့်ဟောဖေါ်မြွက်ကြားတော်မူခဲ့လေသော်။ ရဟန်းငါးပါးစလုံးပင် အလွန်သဘောကျနှစ်လိုဝမ်းမြောက်ကုန်ရကား "ကောင်းလေစွ ကောင်းလေစွ" ဟု မှိုသေစွာဦးခေါင်းညွတ်၍ နာခံမှတ်သားကြလေ၏။

ဤသို့လျှင်ဂါထာမဖက် သက်သက် အမေးအဖြေ စကားပြေမျှ ဖြစ်သော ဗျာကရိုဏ်း များကို ဟောတော်မူသည် ရှိသော်သက်တော် ရှည်တော်မူလှသောအသျှင်ကောဏ္ဍညမထေရ်သည်၊ အပယ် လေးဘုံသို့ လားစေ ကျရောက် စေတတ်သော ရာဂအစရှိသည့် မြူမှုံတို့မှ ကင်းစင်လေ၏၊ ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ချက်ပြီးရကား၊ အညစ်အကြေးဟူသ၍လုံးဝမကြွင်း ကျန်တော့ပေ။ သစ္စာလေးပါး အမှန်တရားကို မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော မျက်စိအမြင်သည်လည်းထင်ရှားဖြစ်တော်မူလေ၏။

"အလုံးစုံသောဖြစ်ဖြစ်သမျှ တရားသဘောတို့သည်ပျက်စီးချုပ်ငြိမ်းခြင်းသဘောရှိ၏" ဟူ၍ ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်လာလေသတည်း၊ သောတာပန် ပုဂ္ဂိုလ်ဖြစ်ပြီ ဟူလို။ ဤနေရာ၌၊ တရားဦးကျမ်းကိုရပ်တန့်ပြီး၍—

**တတြိဒံ ဝေဒါမိ**

ယံပတ္တံ ကုသလံ တဿ အာနုဘာဝေန ပါဏိနော၊ သဗ္ဗေ သဒ္ဓမ္မရာဇဿ ဉတွာ ဓမ္မံ သုခါဝဟံ။ ပါပုဏန္တု ဝိသုဒ္ဓါယ သုခါယ ပဋိပတ္တိယာ၊ အသောက မနုပါယာသံ နိဗ္ဗာနသုခမုတ္တမံ။ စိရံ တိဋ္ဌတု သဒ္ဓမ္မော ဓမ္မေ ဟောန္တု သဂါရဝါ၊ သဗ္ဗေပိ သတ္တာ ကာလေန သမ္မာဒေဝေါ ပဝဿတု။ ယထာ ရက္ခိံသု ပေါရာဏာ သုရာဇာနော တထေဝိမံ၊ ရာဇာ ရက္ခတု ဓမ္မေန အတ္တနောဝ ပဇံ ပဇံ။

"ယံပုည" ဓမ္မစကြာ မည်သာတင့်လျှမ်း ကျမ်းဂန်ပြုရ ကုသလဟု အကြင်ကောင်းသမျှ အမှုကို "မယံ" ဝဏ္ဏဓဇာ မည်ရထင်ရှား တပည့်တော်များတို့သည် "ပတ္တံ" ရအပ်ရောက်အပ်ပေပြီ၊ "တဿပုညဿ" ရှေးဦးစံပြ ကျမ်းပြုရသော ထိုမျှကောင်းမှု ပုဒ်အရ၏ "အာနုဘာဝေန" တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် "သဗ္ဗေ" ဇာတိ၊ အာဏာ၊ ဝိသယာဟု၊ စကြာနယ်လုံး၊ ဘုံသုံးဆယ့်တစ်၊ မလစ်ဉဿုံ၊ အလုံးစုံကုန်သော ပါဏိနော" ခန္ဓာငါးပါး ရုပ်နာမ်များဖြင့် တွဲလျားသံသာ ကြင်လည်ကာ နေရသည့် များစွာ သောင်သောင်း သတ္တဝါအပေါင်းတို့သည် "သဒ္ဓမ္မရာဇဿ" အသွားမထောင့် အလားဖြောင့်၍ တရားကြောင့် မင်းဖြစ်တော်မူ

သော မြတ်စွာဘုရား၏ "သုခါဝဟံ" ကောင်းကျိုးချမ်းသာ မဂ်သာကိုဆောင်တတ်သော "ဝမ္မ" မဂ်ဖိုလ်လေးတန် နိဗ္ဗာန် ပရိယာယ် အမြတ်လေးပါး တရားစကြာ ထောင်ချောင်ဝါကို "ဥတ္တာ" ထိစွာ မိစွာ သိမြင်ကြကုန်၍ "ဝိသုဒ္ဓါယ" မြူမင် မချယ်လွှန်စင်ကြယ်ထသော "သုခါယပတိပတ္တိယာ" ချမ်း မြသာလွှန် ပတိပတ်အကျင့်မှန်ဖြင့် "အသောကံ" ကြောင့် ကြတောင့်တ မနှောင့်ရသော "အနုပါယာသံ" မီးဆယ့်တ တန် ညစ်ကျူးရန်ဟု အနုပါယာသံလည်း မရှိထသော "သုခ မုတ္တမံ" အမွန်ဆုံး အမြတ်ဆုံးအထွတ်ဆုံး ချမ်းသာကြီးလည်း ဖြစ်ထသော "နိဗ္ဗာနံ" ညီမ်သက် ချမ်းမြေ့ သန္တိတွေ့၍ တ ဏှာငွေ့မသမ်းသည့် နိဗ္ဗာန်ဆိုတဲ့စခန်းဆီသို့ "ပါပုဏာန္တု" မတွေ့မကောက် လမ်းမပျောက်ဘဲ မဖေါက်မသွေ ရောက် ကြပါစေကုန်သတည်း။

"သဒ္ဓမ္မော"...... ဘုရားအလောင်း သူတော်ကောင်းတို့ သောင်းသောင်းဆူညံ့ဟောမှုမှန် သည့်နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းသည့် 'စိရံ' နှစ်လများစွာ အဓွန့်ကြာ အောင် "တိဋ္ဌတု" မဆုတ်မနစ်တည်ကျန့်ရစ်ပါစေသတည်း 'သဗ္ဗေပိ' ကြွင်းမဲ့ဥဿု အလုံးစုံသောလူနတ်ဗြဟ္မာ သတ္တဝါတို့သည့် 'ဓမ္မေ' ကျင့်ရပ်သိက္ခာ ခြောက်ဆယ်သာနှင့် ဆယ်ဖြာပါရ မီ သုံးလီစရိယ စာဂငါးပါး မြတ်တရား၌ 'သဂါရဝါ' ရိုရို သေသေ မလိုစေဘဲ ကြေလည်စွာ ဖြည့်ကျင့်ကြကုန်သည့် 'ဟောန္တု' မှုချမသွေ ဖြစ်ကြပါစေသတည်း။ 'သဒါ' နှစ်စဉ် မကွာအခါခပ်သိမ်း 'ကာလေန' ကမ္ဘာသခေါင် တည်ထောင်

စခါ, ရွာလေသောနဲ့ ပျားစွဲလည်း သစ်ကျူးကဆုန် နယုန်နွှယ်
တာ, နံ့ကာသစ်ဆင်း, သီဘင်းစာပြုန်း ရွာသုံးသွန်းချ ချနှစ်လန္တ
'ဒေဝေါ' ကမ္ဘာပြုမျိုးသြဇာရိုးသည် 'သမ္ဘာ' မကွက်မကြားမ
ကွက်ကြားဘဲ တက်ငြားသြဇာ ဖွံ့ဖြိုးသာအောင် ကောင်းမွန်
စွာလျှင်ရေအယဉ်ဖြင့် 'ပဝဿတု' ညဉ့်ချိန်မှသာနေ့တိုင်းသာ
၍ ရွာပါစေသတည်း၊

'ပေါရာဏာ' ရှေးအတိတ ရှေးကာလ၌ဖြစ်ကုန်သော 'သု
ရာဇာနော' မင်းဖြတ်မင်းကောင်း ဘုရားလောင်းတို့သည် 'ပ
ဇံ' တိုင်းသူပြည်သား လူထုများကို 'ဓမ္မေန' မင်းတို့ကျင့်
ဘွယ် တရားမြဲဖြင့် 'ရက္ခိံသုသထာ' ကျောသားရင်သားမ
ခွဲခြားဘဲ သနားမေတ္တာ ရှုရှုကာဖြင့် ကောင်းစွာ စောင့်
ရှောက် တော်ဇာမောက်ကုန်ဘိသကဲ့သို့ 'ဇံ့တာသာ' ဤအ
တူသာလျှင် 'ရာဇာ' ဘုန်းပေါင်း ကြက်သရေ ပခုံးမသိမ်ရှိ
ကိတ္တိဂုဏာပန် မင်းမွန်ခင်းလျှ သမ္မတ အချုပ်ရှိသည့် ဗို့ပြည့်
ထောင်ရ အစိုးရအဖွဲ့ကြီးသည် 'ဓမ္မေန' မင်းတို့ကျင့်ရာလေး
ဖြာသင်္ဂဟ သတ္တ အပရိဟာနိယာ ဆယ်ဖြာဓမ္မ နေ့လနှစ်ပါး
ကျင့်နည်းများဖြင့် 'ပဇံ' ဤပြည်ထောင်စု သမတ မြန်မာ
နိုင်ငံတော်လူထုကြီးကို 'အတ္တနောပဇံ' မိမိသွေးစစ် ရွှေရင်
နှစ်ဖွား ရင်ပယ်သားကဲ့သို့ 'ရက္ခတု' မကွဲမပြား မခွဲခြားဘဲ
သနားကြည်ဖြူ စောင့်ရှောက်မှု၍စိုးယူအုပ်ချုပ်မင်းသုပ်နိုင်ကြ
ပါစေသတည်း၊ (၁) လူထုဆန္ဒ အမှန်ရအောင်, ကြံဆရှေ့
ဆောင်, တေဇာပြောင်၍ ကွပ်ခေါင်ကဲချုပ်စိုးမိုးအုပ်ချုပ်နိုင်ပါ
စေသတည်း။

## ကျေးဇူးတင်ခြင်း။

ဤစံပြ ပထမကျော်ငယ် ပထမတွဲကိုအောင်မြင်စွာ ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ဝိုင်းဝန်းအားပေးလှူဒါန်းကြကုန်သော ဓမ္မဒါနအလှူရှင်ဒါယကာ ဒါယိကာမကြီးများ အားလုံးတို့ကို၎င်း စာအုပ်ရိုက်နှိပ်ရာ၌ အစစအရာရာ သည်းခံကာ ကူညီ ဆောင်ရွက်ပေးပေသော ဦးဘိုးရင် အား၎င်း ပန်းချီကားအတွက် တာဝန်ယူလှူဒါန်း ပေးပေသော ရွှေမန်းပန်းချီဆရာ ဦးခင်လွန်းအား၎င်း ဓမ္မစကြာပျို့ မူကိုရိုက်နှိပ်ခွင့်ပေးသော ရန်ကုန် တက္ကသိုလ် မြန်မာအသင်းကြီးအား၎င်း၊ စာမူကို တည်းဖြတ် တော်မူသော အသျှင်လက္ခဏာဘိဝံသ အား၎င်း အထူးပင်ကျေးဇူးတင်ကြောင်း၊ အသျှင်ဝဏ္ဏဓဇဗုဒ္ဓသာသနာပြုအဖွဲ့ကိုယ်စား ကျွန်တော်က မော်ကွန်းတင်ကာ သာဓုအနုမောဒနာပြုအပ်ပါသတည်း။

## တောင်းပန်ချက်။

စက္ကူအခက်အခဲ ကြေးငွေ မလုံလောက် မှုတို့ကြောင့် ဤသို့နှောင့်နှေး ကြန့်ကြာရခြင်းကို၎င်း၊ နှစ်တွဲခွဲပြီးမှ ထုတ်ဝေလိုက်ရခြင်းကို၎င်း၊ သည်းခံတော်မူကြပါရန် တောင်းပန်ပါသည်၊ မကြာမီဆက်လက်၍ဒုတိယတွဲကိုရိုက်နှိပ်ထုတ်ဝေနိုင်ရန် ကြိုးစားအားထုတ်လျက်ပင်ရှိပါသတည်း၊ အလှူရှင်များစာရင်းနှင့် ငွေရှင်းတမ်းကို ဒုတိယတွဲတွင်မှ ထည့်သွင်းရိုက်နှိပ်မည်ဖြစ်ပါကြောင်း။ ။

တင်မောင်ဝင့် (၂၀-၅-၅၁)
အထွေထွေအကျိုးတော်ဆောင်။
အရှင်ဝဏ္ဏမဓ ဗုဒ္ဓသာသနာပြုဘုဒ္ဒအဖွဲ့။
ရန်ကုန်မြို့။

# အမှားအမှန်ကို ရှေးဦးစွာပြင်ဆင်ပြီးမှ ဘတ်ရှုတော်မူကြပါ။

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁ | ၈ | မတွဲယှဉ်သည်း | မတွဲယှဉ်လည်း |
| ၂ | ၂၂ | လှ ထား မီး ရေ | လုံ,ထား,မီး,ရေ |
| ၃ | ၁၇ | သန္ဓေယျှဉ်မှု | သန္ဓေယှဉ်မှု |
| ၄ | ၂၁ | သုံးလီဥာဏ | သုံးလီဥာဏ |
| ၆ | ၃ | ရဟတ္တ | ရဟတ္တ |
| ၆ | ၁၅ | မြင်လာဘိရ်၌ | မြင်လာဘိရ်၌ |
| ၉ | ၇ | စောထွတ်ရှာသည့် | စောထွတ်ချာသည် |
| ၁၀ | ၃ | ရှစ်မြတ်ကောဏ္ဍည် | ရှင်မြတ်ကောဏ္ဍင် |
| ၁၀ | ၁၁ | ရောက်လာရှဲရင့် | ရောက်လာရဲရင့် |
| ၁၀ | ၁၅ | ရချေ့လစ်တည့် | ရချင်လစ်တည့် |
| ၁၀ | ၁၇-၁၈ | ကျင့်လော့''ဆိုရှင့်'' | ကျင့်လော့'' ဆိုရှင့်၊ |
| ၁၂ | ၉ | တိုက်ကျေးကိုသည် | တိုက်ကျေးသည်ကို |
| ၂၇ | ၃ | ဓစမ္မကြာ | ဓမ္မစကြာ |
| ၂၇ | ၂၀ | ညီဟော်ဆန္ဒ | ညီတော်,ဆန္ဒ |
| ၃၁ | ၂ | လပြည့် | လပြည့် |
| ၆၁ | ၉ | အမည်ရသည် | အမည်ရသည့် |
| ၆၅ | ၆ | ချွတ်လိုက်လိုက်သည့်အခါ | ချွတ်လိုက်သည့်အခါ |
| ၆၅ | ၁၇-၁၈ | အသည်းအသည်းအဆန် | အသည်းအထန် |
| ၉၃ | ၁ | မလွဲသာ | မလွဲသာ |
| ၉၄ | ၁၇ | ရပ်နမ်တရား | ရပ်နာမ်တရား |
| ၉၆ | ၅ | ဒုယ္ခဆင်းရဲ | ဒုက္ခဆင်းရဲ |
| ၁၀၈ | ၂၂ | ယခုဘဝမှ | ယခုဘဝ၌ |
| ၁၁၇ | ၁၁ | သမ္မာကမ္မန္တ | သမ္မာကမ္မန္တ |
| ၁၁၉ | ၆ | ဝဋ္ဋောဒုရှစ်ဖြာ | ဝဋ္ဋေဒုရှစ်ဖြာ |
| ၁၁၄ | ၁၇ | သမ္မသက်ပွ | သမ္မာသက်ပွ |
| ၁၂၀ | ၉ | ဆွမ်းဘုဉ်းပေး | ဆွမ်းဘုဉ်းပေး |

[illegible]